ဂျာနယ်

အမှတ် (၄)၊ ၁၈ စက်တင်ဘာ ၂၀၀၈ ခုနှစ်



# မာတိကာ


**သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့အမှာ**

**ဥတ္တမ ကဗျာ**

အရိုင်းလေပြေ (ကိုရင်ညွှ) (၅)
ဝိညာဉ်တွေ (ရဲဘော်မောင်အိုး) (၇)
စာမျက်နှာ ၂၀၀၇ အခန်း၉ အပိုဒ်ခွဲ ၁၇ (စုနိုင်ရ) (၈)
လမ်းပေါ်မှာစီးတဲ့ ရေဝတီ (ဘုန်းမင်းမွန်) (၁၀)

**ကြေညာချက်များ**

မြန်မာနိုင်ငံ အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂမှ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုက်တွန်းချက် (၁၄)
နအဖရဲ့ ဖွဲ့စည်းပုံကို ကြက်ခြေခတ်ပြီး ကန့်ကွက်ကြ (၁၈)

**သမိုင်း**

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီးကို မွေးဖွားခြင်း (အသျှင်ဩဘာသ) (၂၀)
စက်တင်ဘာရွှေဝါရောင်၏ မှတ်တမ်းပုံရိပ်များ (၄၁)

**အတွေးအမြင်**

ရွှေဝါရောင် ဒီမိုကရက်တိုက်ဇေးရှင်း (အသျှင်လာဘ) (၂၇)
သံဃာတော်များ၏ အင်အား (၆၄)

**ဆောင်းပါး**

လူယုတ်မာဘယ်သူလဲ (ဒဂုံပဏ္ဍိတ်)
(၃၇)
ရွှေဝါရောင်တော်လှန်ရေးကို စမ်းစစ်ခြင်း (ကိုရင်ညွှ) (၄၉)
ဆရာနဲ့ဒကာ ပြီးတော့ စက်တင်ဘာ (ဦးလင်း) (၅၈)
သွေးစည်းညီညွတ်ကြလော့ (ပြည်သူ့စေတမန်) (၈၃)

ဥရောပပါလီမန် အမတ်များသမဂ္ဂသို့ ပေးပို့သော နှုတ်ခွန်းဆက်စကား (၅၅)

ပုဂ္ဂိုလ်ထူး ဆရာတော် အရှင်ဥတ္တမ (၇၈)

# သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ အမှာ

သံဃာတော် အရှင်သူမြတ်တွေ အကုန်လုံးဟာ တစိတ်တည်း တဝမ်းတည်း၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိကြတယ် ဆိုတာကို ဒီသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ဖော်ပြလိုက်တာပါပဲ။ တနည်းဆိုရလျှင် အဖဘုရားရှင်ရဲ့ တပည့်သား သံဃာများ ပီပီ ...

**သမဂ္ဂါနံ တပေါ သုခေါ။** ညီညွတ်ခြင်းအကျင့်သည် ချမ်းသာ၏ ဆိုတဲ့ အဆုံးအမကို ဦးထိပ်ထားကြောင်းကိုလည်း သက်သေထူလိုက်တာပါပဲ။

န-အ-ဖ စစ်အစိုးရဟာ ၁၉၈၈ စက်တင်ဘာလ စစ်အာဏာသိမ်းပြီးကတည်းက ပြည်သူလူထုအပေါ် နည်းမျိုးစုံနဲ့ ဖိနှိပ်ခဲ့တယ်။ အာဏာတည်မြဲရေးအတွက်ကိုပဲ ကြည့်ခဲ့လို့ ပြည်သူတွေဟာ အကျပ်အတည်းပေါင်း မြောက်များစွာနဲ့ ဆင်းရဲဒုက္ခရောက်ခဲ့ရတယ်။ ကြံ့ဖွံ့၊ စွမ်းအားရှင်တွေကို လက်သပ်မွေးပြီး ပြည်သူတွေကို သွေးခွဲအုပ်ချုပ်ခဲ့တယ်။ သံဃာတော်များကိုလည်း နိုင်ငံတော် သံဃာ့မဟာနာယက (မ-ဟ-န) ဆရာတော်များနဲ့ အောက်ခြေ သံဃာတော်များကို သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ဒါဟာ သံဃာကို သင်းခွဲတာပါပဲ။ ဒေဝဒတ်ရဲ့ လမ်းစဉ်ပါပဲ။

ပြီးတော့ - **မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု** ... ဆိုတဲ့ ရဟန်းတို့ ကျင့်ဝတ်နဲ့အညီ ဆင်းရဲဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် မေတ္တာပို့ ဆုတောင်းခွင့်တောင် မရခဲ့ပါဘူး။ ဒီလို

အကြပ်အတည်း တွေကြားထဲမှာ ကျောင်းသားလူငယ်တွေဟာလည်း န-အ-ဖ စစ်အစိုးရကို ဆန့်ကျင်ခဲ့ကြပေမယ့် မတရား ဖမ်းဆီးထိမ်းသိမ်း ခံခဲ့ကြရပါတယ်။

သံဃာတော်များကလည်း ၁၉၉၀ ခုနှစ် အောက်တိုဘာလမှာ တစ်ကြိမ်၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလမှာ တစ်ကြိမ် ဝိနည်းတော်နှင့်အညီ ပတ္တနိက္ကုဇ္ဇနကံ(သပိတ်မှောက်) ကံဆောင်ခဲ့ကြပါတယ်။ ဒါကိုလည်း န-အ-ဖ စစ်အစိုးရက အကြမ်းဖက် နှိမ်နင်းခဲ့ပြန်ပါတယ်။

အခုလည်း အရေးကြုံလာပြန်ပါပြီ။ ဘာလည်းဆိုတော့ ၂၀၁၀ ခု ရွေးကောက်ပွဲပါပဲ။ ၁၉၉၀ ခု မေလ ရွေးကောက်ပွဲရဲ့ ရလဒ်ကို မျက်ကွယ်ပြုတာဟာ ပြည်သူ့ဆန္ဒကို စော်ကားလိုက်တာပါပဲ။ အကယ်၍ ၂၀၁၀ ခု ရွေးကောက်ပွဲသာ အသက်ဝင်ခဲ့မယ်ဆိုရင် ပြည်သူတွေရဲ့ ဒီမိုကရေစီ ပန်းတိုင်ဟာ ဝေးသထက် ဝေးသွားပါလိမ့်မယ်။

ဒါကြောင့် ပြည်တွင်း အင်အားစုတွေရော၊ ပြည်ပအင်အားစုတွေပါ တစ်ချိန်တည်း တစ်ပြိုင်တည်း တက်ညီလက်ညီနဲ့ စစ်အာဏာရှင်အစိုးရကို အမြစ်ပြတ် ချေမှုန်းနိုင်ဖို့ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဆက်လက်တိုက်ပွဲဝင်ကြပါစို့လို့ တပ်လှန့်နှိုးဆော်လိုက်ပါတယ်။ ။

**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**



# အရိုင်းလေပြေ

\- စက်တင်ဘာ
နင်ဟာ ... ရက်စက်
ခါးသက်သက်နေ့ရက်တွေဖန်ဆင်း
စူးရှတဲ့ သေမင်းတမန်တွေနဲ့
ငြိမ်းချမ်းရေးလမ်းမကို သွေးနဲ့ခင်းခဲ့တာတောင်
အဓမ္မတွေကို အမွေပေးခဲ့ချင်သေးတယ်။

\- စက်တင်ဘာ
နင်ဟာ... ရိုင်းစိုင်း
အမုန်းတံတိုင်းတွေကာရံ
ငိုငြီးခြင်း ဂီတသံနဲ့
အမေ့ရဲ့ရင်ခွင်ထဲက ကြယ်စင်တွေခြွေချခဲ့ပြီးတာတောင်
အနာဂတ်ကို ချေမွပစ်ချင်သေးတယ်။

– စက်တင်ဘာ
နင်ဟာ... ကြမ်းတမ်း
ကြေကွဲစရာတွေကိုထမ်းလို့
ဝေဒနာတွေ တနင့်တပိုးနဲ့
သမိုင်းကြောင်း မလှပခဲ့တာတောင်
နာကျင်ခြင်းတွေကို တရှုတ်တိုက်ဆွဲခဲ့ချင်သေးတယ်။

– အို... ... စက်တင်ဘာ
ဒီမည်းညစ်ညစ် ကြေကွဲခြင်းတွေကိုဖျက်ဆီး
လှပတဲ့ တေးသွားတစ်ပုဒ်ကို သီကြူးပြီး
မျိုးဆက်သစ် ပန်းချီကားတစ်ချပ်ကို ဖန်တီးဖို့
ကမ္ဘာသစ်ရဲ့ တံခါးကို ဖွင့်လှစ်ဖို့
မင်းလက်ကိုတွဲ...
အနာဂတ်ရဲ့ ဗုံသံနဲ့အတူ ကပါရစေ။
မင်းလက်ကိုတွဲ...
ညရဲ့ဝတ်ရုံအောက် ကြယ်စင်တွေကောက်ပါရစေ။
မင်းလက်ကိုတွဲ...
မိုးပွင့်တွေထဲ ဆော့ပြေးကစားပါရစေ... ...လို့
မနိုးထသေးတဲ့ ဝိညာဉ်တွေနဲ့အတူ ဆန္ဒပြုလိုက်ပါရစေ။ ။



ကိုရင်ဩ

# ဝိညာဉ်တွေ

ဟိုမှာ ... တွေလား
မေတ္တာသုတ်ရွတ်ဆိုပြီး ချီတက်လာကြပြီ
ခန္ဓာကိုယ်မှာ သေနတ်ဒဏ်ရာတွေနဲ့ တမလွန်ကဝိညာဉ်တွေ
ဟိုမှာ ... တွေ့လား
ကြွေးကြော်သံတွေ အော်ဟစ်ပြီး ချီတက်လာကြပြီ
ဦးခေါင်းမှာ ဝါးရင်းတုတ်ဒဏ်ရာတွေနဲ့ တမလွန်ကဝိညာဉ်တွေ
အဲ့ဒါ ကျောင်းသူကျောင်းသားဝိညာဉ်တွေ
အဲ့ဒါ ပြည်သူပြည်သားဝိညာဉ်တွေ
အဲ့ဒါ ရဟန်းသံဃာတော်ဝိညာဉ်တွေ
အဲ့ဒီ ဝိညာဉ်တွေဟာ
ဘီလူးသဘက်တွေမဟုတ်
သရဲတစ္ဆေတွေမဟုတ်
လှပတဲ့ဝိညာဉ်တွေ
ကြီးကျယ်မြင့်မြတ်တဲ့ဝိညာဉ်တွေ
အဲ့ဒီ ဝိညာဉ်တွေဟာ
လူ့အခွင့်အရေးကို သယ်ဆောင်လာနေပြီ
အဲ့ဒီ ဝိညာဉ်တွေဟာ
ဒီမိုကရေစီကို သယ်ဆောင်လာနေပြီ
အဲ့ဒီ ဝိညာဉ်တွေဟာ
နိုင်ငံတော်သစ်ကို သယ်ဆောင်လာနေပြီ
ဘယ်သူမှတားဆီး၍ မရနိုင်ပေ
နိုးထရှင်သန်ဆဲတော်လှန်ရဲရဲဝိညာဉ်တွေ။

**ရဲဘော်မောင်အိုး**






"အား" ငါ့ကိုထိသွားပြီ။
ဗိုက်ထဲမှာ လိပ်လိပ်လိမ့်လိမ့်နဲ့
"အိုး" အန်ချင်လိုက်တာ
မရတော့ မရတော့ဘူး
ငါဘယ်လိုမှ ထိန်းလို့မရတော့ဘူး။
"ဝေါ့"
ဟ ? ဘာတွေလဲဟ ... သွေးတွေသွေးတွေ
အိပ်ချင်တယ်၊ အိပ်ချင်လိုက်တာ
"ဟာရိုက်တယ်ဟေ့" "ဟောလဲသွားပြီ"
"ကားပေါ်ဆွဲတင်သွားပြီဟေ့"
ခွေးမသား xxx
ငါ့ဆီကို လျှောက်လာသံတွေကြားနေရတယ်

"ဟေ့ကောင်တွေ
ဒီမှာတစ်ယောက်သေနေပြီနဲ့တူတယ်
ကားပေါ်တင်လိုက်စမ်း
"ဒုန်း"
အား ... နာလိုက်တာ
"ဝူး ... ဝူးတီတီ တီတီ"
ငါဘာမှ မမြင်ရတော့ဘူး
မဟုတ်ဘူး
ငါမြင်နေရတယ်
မြင်တယ်၊ မြင်တယ်
ကြားလဲ ကြားနေရတယ်
သံဃာတော်တွေ ၁၀၀၊ ၂၀၀၊ ၃၀၀ ... ၃၀၀၀
အများကြီးပဲ
မဆုံးနိုင်ပါလား
"လူအချင်းချင်းနှိပ်စက်ခြင်း
ကင်းဝေးကြပါစေ"
"တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ"

**စုနိုင်ရ**





# လမ်းပေါ်မှာစီးတဲ့ ရေဝတီ

ကျွန်တော် မငိုဘူး အမေ ...
အခန်းတံခါးတွေကို အလုံပိတ်
မီးပွင့်တွေ အကုန်မှိတ်ပြီး
တိတ်တဆိတ် အိပ်ခဲ့ရတဲ့ညတွေမှာ
ငါဘာတွေမှားခဲ့လို့လဲဆိုတဲ့ မေးခွန်းတစ်ခုနဲ့
သက်ပြင်းတွေကို မှုတ်ထုတ်နေခဲ့ရတယ် ...။

ပထမနေ့ ...
မေတ္တာတရားရဲ့ ပဲ့တင်သံတွေ
လမ်းမတွေပေါ်ကိုလွှမ်း
သံဃာတော်တွေ ခင်းနေတဲ့လမ်းဘေးမှာ
လက်အုပ်ချီ မျက်ရည်ဝဲ
ကျွန်တော့်ရဲ့ ခြေထောက်တွေကို
ကြောက်စိတ်တွေက ဆွဲထားတုန်းပဲ ... အမေ။

ဒုတိယနေ့ ...
မိုးထဲရေထဲ
ခြေဗလာနဲ့ မေတ္တာဝေကြတဲ့ပွဲမှာ
လူငယ်တွေ ပြည်သူတွေ
ရွှေဝါရောင်စီးကြောင်း ဘေးကခြံရံ
ရေဝတီအသစ်တစ်ခု လမ်းပေါ်ကို လျှံထွက်ကျ
မေမေရေ ...
အဲဒီနေ့ ကတော့
ကျွန်တော်ကိုယ်တိုင် ရေဝတီဖြစ်ခဲ့ရပေါ့ ... ။

နောက်တစ်နေ့ ...
ရိုးရိုးလေးပါပဲ ... အမေ
နေရဲ့ အပူကို အံတု
ညောင်းညာကိုက်ခဲမှုတွေကို မမှုတဲ့
သံဃာအာဇာနည်တို့ အတွက်
အုတ်တစ်ချပ် သဲတစ်ပွင့်
ကျွန်တော် ... အသေအချာကို ဖြစ်ခဲ့တယ် ...
အမေ။

ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံက
ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့ အမေ
ကျွန်တော်ရဲ့ လုပ်ရပ်တွေအတွက်
သာဓုခေါ် ကျေနပ်နေမှာ သေချာပါတယ် ...။

ကျွန်တော့်စိတ်နဲ့မတန်တဲ့ အချို့သောသူတွေရဲ့
အကြောင်း
အမေ့ကို စာလုံးပေါင်းပြ မနေတော့ပါဘူး ...
အရှုံးတကာ့ အရှုံးထဲမှာမှ
အဆိုးဆုံးဆိုတဲ့ အာဏာရှူး ...
ပြီးတော့
သူ့ နှုတ်မှာက အမိန့်ပေးခွင့်
သူ့လက်အောက်မှာက ငရဲနဲ့တောင် မတန်တဲ့
မိစ္ဆာတွေ
သူတို့ လက်ထဲမှာက လူသတ်လက်နက် ...
မေမေရေ ...
ဒီနိုင်ငံရဲ့ အနာဂတ်
သူတို့ လက်ထဲကို ဘယ်လိုစိတ်နဲ့ ကျွန်တော်တို့
အပ်ရမလဲ ...။

မေမေရေ ...
ရိုက်နှက်ဒဏ်ရာ ဗလပွနဲ့
ပျံလွန်တော်မူခဲ့ကြရှာတဲ့
သံဃာတော်အချို့ရဲ့ ဝိညာဉ်တွေ
ကျွန်တော့်ကို စကားလာပြောနေတယ် ...
"အရှေ့အရပ်၌ ရှိသော
အနန္တစကြဝဠာ အနန္တ သတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ...
ငါတို့ ... မေတ္တာတရားဆိုတဲ့ အလင်းနဲ့
ငြိမ်းချမ်းခြင်းကို ထွန်းညှိခဲ့ကြတယ်" တဲ့ ...။
ဟုတ်တယ် ... အမေ
အားလုံးဟာ
တကယ်ကို ငြိမ်းငြိမ်းချမ်းချမ်းပါပဲ ...
ဒိုင်းတွေကို နံပါတ်တုတ်နဲ့ တဒုံးဒုံးတီးပြီး
ညာသံပေး ချီတက်လာသံတွေ
မျက်ရည်ယိုဗုံး ခွဲသံတွေ

သေနတ်ပစ်သံတွေ
အော်ဟစ်ဆဲဆိုသံတွေ
နောက် ...
ကြိမ်းမောင်းရိုက်နှက်သံတွေ
အဲဒီအသံတွေ ရောက်မလာခင်အချိန်အထိ
တစ်နိုင်ငံလုံးဟာ သံဃာတော်တွေရဲ့
မေတ္တာတရားတွေနဲ့
ငြိမ်းချမ်းခြင်းအတိ ပြီးနေခဲ့ပါတယ် ... အမေ။

မေမေရေ ...
မိစ္ဆာတို့ရဲ့ ကျည်ဆံတစ်တောင့်ကို
နှလုံးသားထဲ ထိုးဖောက်ဝင်ရောက်ခွင့် ပြုလိုက်ရတဲ့
ကျောင်းသားတစ်ယောက်ရဲ့ ဝိညာဉ်က
ကျွန်တော့်ကို စကားတွေလာပြောတယ် ...
“သံဃာတော်တွေကို ကျွန်တော်ရှိခိုးတယ်
သံဃာတော်တွေလိုအပ်သမျှကို
ကျွန်တော်လှူဒါန်းတယ်
သံဃာတော်တွေနဲ့အတူ သတ္တဝါအားလုံးကို
ကျွန်တော်မေတ္တာပို့တယ် ...
ကျွန်တော် ဘာအမှားမှ မလုပ်ခဲ့ပါဘူး ...
ကျွန်တော် အဖြူစင်ဆုံး စိတ်တစ်ခုနဲ့
အလုပ်သင့်ဆုံး အလုပ်တွေကိုပဲ လုပ်ခဲ့တာပါ”...
တဲ့။

ဟုတ်တယ် ... အမေ
ကျောင်းသားတွေ လူငယ်တွေ ပြည်သူတွေ
သံဃာတော်တွေဖောက်တဲ့လမ်းနောက်ကို
ပျော်လို့ လျှောက်လိုက်နေတာ မဟုတ်ပါဘူး
အမျိုး ဘာသာ သာသနာကို နားလည်လို့
အမှန်နဲ့ အမှားဆိုတာကို ခွဲခြားတတ်လို့
အမှန်တရားဘက်က ရပ်တည်ရမယ်ဆိုတဲ့
အသိရှိခဲ့လို့
နောက်ပြီး ...
တတ်နိုင်တဲ့ အားလေးတစ်ခုနဲ့
နိစ္စဓူဝ ဘဝတွေထဲက
ဖြစ်ဖြစ်နေတဲ့
မဖြစ်သင့်တာတွေကို လျှော့ပစ်နိုင်ဖို့
သိပ်မသေချာတဲ့ မျှော်လင့်ချက်လေး မစို့မပို့နဲ့
လမ်းပေါ်ကို ထွက်ခဲ့ကြတာပါ ...
အမှားအယွင်းဆိုတာနဲ့ ဝေးတဲ့
အဖြူရောင်လူငယ်လေးတွေရဲ့
ရင်ဘတ်ကို အနီရောင်သွေးတွေ လွှမ်းအောင်
ပစ်ခတ်
သူတို့တွေ လုပ်ရက်ခဲ့ကြတယ်... အမေ။



မေမေရေ ...
အဲဒီတော်လှန်ရေးမှာ ...
ဘုရားရင်ပြင်တော်တွေက အစ
စစ်မြေပြင်ဖြစ်ခဲ့ရတယ် ...
သံဃာတော်တွေရဲ့ သွေးကစလို့
ကျောင်းသားလူငယ်တွေရဲ့ သွေးအဆုံး
မိစ္ဆာတွေ မြိန်ရည်ယှက်ရည် သောက်သုံးခဲ့ကြတယ်
မေမေရေ ...
အပြောင်းအလဲတစ်ခုအတွက်
အသက်ဝိညာဉ်တွေစတေးဖို့ လိုအပ်တယ်တဲ့
ငြိမ်းချမ်းခြင်းအတွက်
တရားမျှတမှုအတွက်
အမှန်တရားအတွက်

ဒီထက်ပိုပြီး ...
ဘယ်လောက်အထိတောင်
ထပ်ပေးဆပ်ရဦးမှာလဲဆိုတဲ့အမေး
ဖြေနိုင်သူတွေကို မေးကြည့်ပေးပါဦး မေမေ ...။

မိုးပေါ်ထောင်ဖောက်ဖို့ မဟုတ်တဲ့ သေနတ်တွေ
အလှပြထားတာမဟုတ်တဲ့ ဝါးရင်းတုတ်တွေ
အဲဒါတွေထားလိုက်ပါ ... မေမေ ...
သေချာတာတစ်ခုကတော့
ဘယ်လောက်သတ်သတ် ...
ဘယ်လောက်သေသေ ...
လမ်းပေါ်က ရောဝတီဟာ ...
ကျွန်တော်တို့ရဲ့ ရင်ဘတ်ထဲမှာ
ထာဝရစီးဆင်းနေဦးမယ် ဆိုတာပါ ... ...။

**(ဘုန်းမင်းဇွန်)**

၂၈-၀၉-၂၀၀၇ (သောကြာနေ့)။

**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**
**၈၈ မျိုးဆက်ကျောင်းသားများ**
**ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

ဇူလိုင်လ ၃၁ – ၂၀၀၈ ခုနှစ်

## မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂမှ ထိရောက်စွာဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်

(၁) ၂၀၀၈ ခုနှစ် ဇူလိုင်လ ၁၈ ရက် နေ့စွဲဖြင့် ပြည်နယ်နှင့်တိုင်း စည်းရုံးရေးကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ထုတ်ဝေခဲ့သော ကြေညာချက်တွင် ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံ၊ အသိအမှတ် မပြုကြောင်းနှင့် ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ရဲရင့်ပြတ်သားစွာ ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့ များစွာ အားရမိပါသည်။ ၁၉၉၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မြန်မာပြည်သူတို့ကရွေးချယ်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက လွှဲအပ်ထားသော အခွင့်အာဏာနှင့်အညီ ထိုက်ထိုက်တန်တန် ရဲရင့်သော လုပ်ဆောင်ချက်ကို ကျွန်ုပ်တို့ထောက်ခံလိုက်ပါသည်။

(၂) ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၁ ရက် နေ့စွဲဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦး လက်မှတ်ရေးထိုးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ပေးပို့ခဲ့သော အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည့် ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဖော်ပြချက်များကို ကျွန်ုပ်တို့ထပ်တူခံစားမိပါသည်။ ထိုစာထဲတွင်

၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၁ ရက် နေ့စွဲဖြင့် ထုတ်ဝေခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်တွင် နိုင်ငံရေးပါတီများအားလုံး ပါဝင်ကာ ဒီမိုကရေစီနည်းကျပြီး ရှင်းလင်းသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရည်မှန်းသည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ပေါ်ရေးကို ဦးတည်ထားသော ရည်ညွှန်းစံများ လျှော့ကျလာခဲ့ခြင်းအပေါ် အမှန်တကယ် စိတ်ပျက်ခဲ့မိကြောင်း ဖော်ပြထားပါသည်၊ ၎င်းအပြင် မိမိ စိတ်တိုင်းကျ၊ မိမိသဘောအတိုင်း တဖက်သတ် အစမ္ဗ ရှေ့ဆက်သွားနေသော မြန်မာစစ်အစိုးရ၏ လမ်းကြောင်းကို ခွင့်ပြုထားခြင်းသည် မြန်မာပြည် ဒီမိုကရေစီ လှုပ်ရှားမှုကို အကျိုးသက်ရောက်မှု မဖြစ်စေကြောင်း ကျွန်ုပ်တို့ အထူးပြောလိုပါသည်။

(၃) ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ တိုက်တွန်းချက်များကို မြန်မာစစ်အစိုးရအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း ကျွန်ုပ်တို့သိမြင်နေရပါသည်။ သို့သော် ဇင်ဘာဘွေ ပြည်သူများ၏ အခွင့်အာဏာအတွက် ရပ်ခံပေးခဲ့သော အထွေထွေအတွင်းရေးမှူးချုပ်၏ လူ့ကျင့်ဝတ်ဆိုင်ရာ အာဏာပိုင်မှုကို ကျွန်ုပ်တို့ အလေးအမြတ်ထားပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ဇင်ဘာဘွေသမတရွေးကောက်ပွဲကို တရားမဝင်ကြောင်း ပြတ်ပြတ်သားသား ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍လည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က လူ့ကျင့်ဝတ်ဆိုင်ရာအာဏာပိုင်မှုကို အလားတူ ကျင့်သုံးဆောင်ရွက်ပြီး၊ မေလတွင်နှစ်ကြိမ်ခွဲကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲမှ ပေါ်ထွက်လာသည့်ရလာဒ်များကို တရားမဝင်ကြောင်း ကြေညာလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ရက်စက်ကြမ်းကြုတ်သော စစ်အစိုးရ၏ အောက်တွင် မြန်မာပြည်သူတို့၏ စစ်မှန်သောဆန္ဒများ ဖော်ထုတ်နိုင်ခွင့်မရှိသည်ကို အသိအမှတ်ပြုသင့်ပါသည်။ ၂၀၀၈ ခုနှစ်မေလ ၂၃ ရက်များတွင် ကျွန်ုပ်တို့နိုင်ငံတွင် တိုက်ခိုက်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပြီးနောက် စစ်အစိုးရက ဆန္ဒခံယူပွဲများ ကျင်းပခဲ့သည်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် အထူးသတိထားသင့်ပါသည်။

(၄) ကုလသမဂ္ဂလုံခြုံရေးကောင်စီသည်လည်း ဗီတိုအာဏာပိုင်ဆိုင်သည့် တရုတ်နှင့် ရုရှားနိုင်ငံများ၏ အနှောက်အယှက် အဟန့်အတားကြောင့် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို ကျွန်ုပ်တို့နားလည်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံအပေါ် အရေးယူ ဆောင်ရွက်ပေးဘို့ လုံခြုံရေးကောင်စီကို ပွင့်လင်းစွာ၊ အရေးတကြီး တောင်းဆိုမှုလုပ်ခဲ့လျှင် တရုတ်နှင့် ရုရှားသည် သူတို့၏အနေအထားကို ပြောင်းလဲမှုလုပ်နိုင်ကောင်းသည်ဟု ကျွန်ုပ်တို့ ယုံကြည်မိပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်ရှိနေသော ခက်ခဲကြပ်တည်းနေသည့် အခြေအနေကို ဖြေရှင်းနိုင်ရန် လုံခြုံရေးကောင်စီအဖွဲ့ဝင်များကို တိုက်တွန်းရန် သူ၏ သံတမန်

ရေးရာကျွမ်းကျင်မှုနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ အာဏာပိုင်မှုကို အသုံးပြုလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။

(၅) ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် အစိုးရပြည့်ဝပြီး အချိန်သတ်မှတ်ချက်ရှိသောတွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် မြန်မာစစ်အစိုးရကို တိုက်တွန်းရန် သူ၏ အထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ရောက်ရှိလာသော အထူးကိုယ်စားလှယ်သည် လေယာဉ်ပေါ်က ဆင်းသည်နဲ့ စစ်အစိုးရ၏ အကျဉ်းသားသဖွယ်ဖြစ်သွားခဲ့ရပါသည်။ အထူးကိုယ်စားလှယ်သည် စစ်အစိုးရ၏ ဧည့်ဂေဟာတွင်သာ နေရာချခံရခြင်း၊ သူ၏အစီအစဉ်များကို စစ်အစိုးရက လုံးဝထိန်းချုပ်ထားခြင်း၊ မြန်မာစစ်အစိုးရနှင့် တွေ့ဆုံရာတွင်လည်း အဆင့်နိမ့်အရာရှိများနှင့်သာ တွေ့ဆုံစေ၍ သူ့ကို အရှက်ရစေခြင်း၊ သူ၏ ပြောဆိုချက်များအားလုံးကိုလည်း ပြတ်ပြတ်သားသား ပယ်ချပစ်ခြင်းတို့ကို ကျွန်ုပ်တို့ အံ့အားသင့်ခဲ့ရပါသည်။ အထူးကိုယ်စားလှယ်ကို စစ်အစိုးရက စိတ်ကြိုက်ရွေးချယ်ထားသူများနှင့်သာ တွေ့ဆုံခွင့် ပြုခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေထွေအတွင်းမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သူ့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များဖြင့် စစ်အစိုးရကို ပြင်းပြင်းထန်ထန် တိုက်တွန်း ပြောဆိုရမည့်အစား စစ်အစိုးရ၏ တဖက်သတ် လုပ်ဆောင်နေမှုများကို လက်ခံကြားနာယူရခြင်းဖြင့်သာ အထူးကိုယ်စားလှယ်သည် စစ်အစိုးရ၏ တိုက်တွန်းပြောဆိုခြင်းကို ခံခဲ့ရသည်။ သို့သော် သူနယူးယောက်ခ်သို့ ပြန်လည်ရောက်လာသည့်အခါ နိုင်ငံတကာအသိုင်းအဝိုင်းသို့ အစီရင်ခံရာတွင်တော့ "အောင်မြင်မှု အပြည့်အဝ ရရှိခဲ့သည်၊ ပိုမိုရရှိလိမ့်မည်" ဟု တင်ပြပြောဆိုနေသည်။ အမှန်တကယ်မှာ သူသည် ကမ္ဘာ့အသိုင်းအဝိုင်းကို မမှန်ကန်သည့် မျှော်လင့်ချက်များပေးကာ လမ်းလွှဲနေခြင်းသာ ဖြစ်ပါသည်။

(၆) ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံ၏ ရွေးချယ်ခံခေါင်းဆောင်များဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂသို့ ပေးပို့ခဲ့သော အိတ်ဖွင့်ပေးစာကို ကျွန်ုပ်တို့ သဘောတူ ထောက်ခံပါသည်။ ယခုအချိန်တွင်ကုလသမဂ္ဂအနေဖြင့် မြန်မာစစ်အစိုးရ၏ အဆင့်(၇)ဆင့် ပါ လမ်းပြမြေပုံသည် မသင့်တော် အရာမရောက် မြန်မာနိုင်ငံ၏အခြေအနေနှင့် မကိုက်ညီကြောင်း၊ အခြေခံ ဥပဒေသည် ဥပဒေနှင့်မညီ တရားမဝင်ကြောင်း ကြေညာဖို့ အချိန်ကျရောက်နေပြီဖြစ်ပါသည်။ မြန်မာပြည်သူများ ပိုမို မသေဆုံးခင်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာနိုင်ငံအပေါ် ထိထိရောက်ရောက် အရေးယူပေးပါရန် အထွေထွေအတွင်းရေးမှူးချုပ်က တောင်းဆိုလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ ၁၉၉၀ ခုနှစ်တွင် တရားဝင် ရွေးချယ်ခံရသူများ၏ တင်ပြချက်နှင့်လွှတ်လပ်မှုအတွက် ရဲရင့်စွာတိုက်ပွဲဝင်ခဲ့ ကြသည့် မြန်မာပြည်သူလူထုအပေါ် အထင်အမြင် မသေးသင့်။

လျစ်လျူမရှုသင့်ပါ။ ရှေ့လတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် အီဗရာဟင် ဂမ်ဘာရီ မြန်မာနိုင်ငံသို့ ပြန်မလာမီ ကျွန်ုပ်တို့၏ တင်ပြချက်များ၊ ပူပင်သောကများကို စဉ်းစားပေးပြီး၊ မြန်မာစစ်အစိုးရအား မစ္စတာဂမ်ဘာရီ မှတဆင့် ပြောဆိုဆွေးနွေးစေရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သို့ အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

ဦးဩဘာသ
မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး

ဦးပညာဝံသ
မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး

ထွန်းမြင့်အောင်
၈၈ မျိုးဆက်ကျောင်းသားများ

နီလာသိန်း
၈၈ မျိုးဆက်ကျောင်းသားများ

မျိုးတေဇ
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

ခင်မျိုးဆက်
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့်
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ပူးတွဲကြေငြာချက်

## “နအဖရဲ့ဖွဲ့စည်းပုံကို ကြက်ခြေခတ်ပြီး ကန့်ကွက်ကြ”
## “နိုင်ငံတကာအကူအညီများ တိုက်ရိုက်ပေးရေးတောင်းဆို”

(၁) မြန်မာနိုင်ငံကို လက်နက်အားကိုးဖြင့် နှစ်ပေါင်းများစွာ တရားမဝင်အုပ်ချုပ်နေသော နအဖစစ်အုပ်စုသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ တောင်းဆိုနေကြသော မြန်မာပြည်သူများအား စစ်တပ် အင်အားဖြင့် အကြမ်းဖက်သတ်ဖြတ်ချေမှုန်းရုံမက၊ သဘာဝဘေးအန္တရာယ်များကို အသုံးချ၍ပင် နှိပ်စက် ညှဉ်းပန်းနေသည်ကို ကျွန်ုပ်တို့ ထင်ရှားစွာ တွေ့မြင်နေရပါသည်။

(၂) အင်မတန် အန္တရာယ်ကြီးမားသော ဆိုင်ကလုန်းမုန်တိုင်းကြီး ကျရောက်လာမည်ကို ကြိုတင်သိပါလျက်နှင့် နအဖ စစ်အုပ်စုမှ ပြည်သူလူထုအား လုံလောက်သော သတိပေးမှုများ မပြုခဲ့သလို၊ ကြိုတင်ပြင်ဆင်မှုများဖြင့် လည်း မကူညီခဲ့ပါ။ သို့ပါ၍ ဆိုင်ကလုန်းမုန်တိုင်းကြီး ကျရောက်ချိန်တွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များမှ လူပေါင်းသိန်းနဲ့ချီ၍ သေဆုံးပြီး သန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ် ကြရပါသည်။ လုံလောက်သော သတိပေးမှုများ၊ ကြိုတင်ပြင်ဆင်မှုများ၊ စနစ်တကျ နေရာရွှေ့ပြောင်းမှုများ ရှိခဲ့ပါက ဤမျှ သေဆုံးပျက်စီးလိမ့်မည် မဟုတ်ပါ။

(၃) မုန်တိုင်းကျပြီးသည့်နောက်တွင်လည်း နအဖ စစ်အုပ်စုမှ ဒုက္ခရောက်နေသော ပြည်သူများအား ထိရောက် သော အကူအညီများ မပေးခဲ့ပါ။ ပုတ်သိုး နေသော ရုပ်အလောင်းများကို အမြန်ဆုံး မဖယ်ရှားနိုင်ခြင်း၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ မရခြင်းနှင့် ရောဂါဘယဆိုးများကြောင့် နောက်ထပ် အသက်ပေါင်း

များစွာ သေကြေပျက်စီးမည့်အန္တရာယ်နှင့် ကြုံတွေ့ရင်ဆိုင်နေရပါသည်။ သို့သော်လည်း နအဖ စစ်အုပ်စုမှ ဒုက္ခရောက်ပြည်သူများအား ထိရောက်သော အကူအညီ မပေးသည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများ၏ ပံ့ပိုးကူညီမှုများကိုလည်း ပိတ်ဆို့ဟန့်တားနေသည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရပါသည်။

(၄) မုန်တိုင်းဒဏ်ကြောင့် မြန်မာပြည်သူ သန်း ၂၀ ကျော် အတိဒုက္ခရောက်နေရချိန်တွင် နအဖ စစ်အုပ်စုက ပြည်သူလူထုကို ကူညီရေး၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည့်အစား စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်ရေးအတွက် ဖန်တီးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လာမည့် စနေနေ့တွင် လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရေးကိုသာ ဦးစားပေး ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

(၅) သို့ပါ၍ မြန်မာပြည်သူများအနေဖြင့် ပြည်သူလူထုကို မတရားသဖြင့် အုပ်ချုပ်အနိုင်ကျင့်နေသော၊ ပြည်သူလူထု၏ ဆင်းရဲဒုက္ခများကို လျစ်လျူရှုပြီး မိမိတို့ အာဏာတည်မြဲရေးကိုသာ ဦးထိပ်ထားသည့် နအဖ စစ်အာဏာရှင်များအား ဆန္ဒခံယူပွဲတွင် မဲပြားပေါ်၌ ကြက်ခြေခတ်ခြင်းဖြင့် ပြတ်ပြတ်သားသား ကန့်ကွက်ကြပါရန် ကျွန်ုပ်တို့မှ လေးနက်စွာ တိုက်တွန်းသည်။

(၆) လူ့အသက်ပေါင်းများစွာကို အချိန်မီ ကယ်တင်နိုင်ရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများက နအဖ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းမနေဘဲ၊ မုန်တိုင်းဒဏ်ကယ်ဆယ်ရေး အကူအညီများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံတခုချင်း၏ ဆုံးဖြတ်ချက်ဖြင့် ဖြစ်စေ၊ ဒုက္ခရောက်နေသော ပြည်သူများထံ အမြန်ဆုံး တိုက်ရိုက်ပေးပို့ကြပါရန် ကျွန်ုပ်တို့မှ တောင်းဆိုသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး
၈၈ မျိုးဆက်ကျောင်းသားများ
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်




စာရေးသူသည် ရန်ကုန်မြို့လယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ စာပေသင်ကြား လေ့လာနေစဉ် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံနှင့် ကြုံကြိုက်ခဲ့ရသည်။ ထိုအရေးတော်ပုံ၌ ကိုယ်တိုင်ပါဝင် ခဲ့သဖြင့် ရန်ကုန်မြို့၏ အခြေအနေ တော်တော်များများကို ကိုယ်တိုင်မြင်တွေ့ခွင့် ရခဲ့သည်။ ထိုအရေးတော်ပုံ ကာလ မ-ဆ-လ အစိုးရ၏ အုပ်ချုပ်ရေးယန္တယား ပျက်စီးနေချိန်တွင် ဆရာတော်သံဃာတော်များ၏ ကာကွယ် စောင့်ရှောက်မှုကြောင့် ကျောင်းသားပြည်သူများစွာတို့ အသက်ချမ်းသာရာ ရခဲ့ကြပါသည်။ ထိုအရေးတော်ပုံ ကာလတွင် စာသင်တိုက်ကြီး တော်တော်များများ ပိတ်ပစ်ခဲ့ရသောကြောင့် စာသင်သား သံဃာတော်များလည်း မိမိတို့ဇာတိသို့ ပြန်ကြွခဲ့ကြရသည်။ ၁၉၈၈ - ခု စက်တင်ဘာလ (၁၈)ရက် စစ်အာဏာ သိမ်းပြီးနောက် အထက်မြန်မာပြည် သံဃာ့သာမဂ္ဂီ၊ အောက်မြန်မာပြည် ရဟန်းပျိုများသမဂ္ဂတို့ကို ပြန်လည်ဖွဲ့စည်းပြီး ကျောင်းသား ပြည်သူများ နှင့်အတူ စစ်အစိုးရကို ဆန့်ကျင်ခဲ့ကြသည်။

၁၉၈၉ - ခုနှစ် အနည်းငယ်ငြိမ်သက်ခဲ့စဉ် ရန်ကုန်မြို့သို့ သံဃာတော်များ ပြန်လည်ကြွရောက် လာခဲ့ကြရာ အချို့သော စာသင်တိုက်များက ပြန်လည် လက်မခံသဖြင့် အခြား စာသင်တိုက်များသို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့ကြရသည်။ စာရေးသူ ကိုယ်တိုင်လည်း တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ နန္ဒဝန်ပါဠိ တက္ကသိုလ် ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့ရသည်။ ၁၉၉၀- ရှစ်လေးလုံး နှစ်ပတ်လည်နေ့တွင် မန္တလေးမြို့ရှိ ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူများမှ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူကြရာ တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည်နှင့် န-ဝ-တ အာဏာပိုင်များက အကြမ်းဖက် ဖြိုခွဲခဲ့သဖြင့် အဓိကရုဏ်း ဖြစ်ပွားခဲ့ သည်။ ထိုသို့ သံဃာတော်များ ရိုက်နှက်ခံရခြင်း၊ လာဘ်မရအောင် တားမြစ်ခံရခြင်း စသောအကြောင်းများ ကြောင့် မစိုးရိမ် ဆရာတော်ကြီးများ ဖြစ်သည့် ဦးရာဇဓမ္မာဘိဝံသ၊ ဦးကောဝိဒါဘိဝံသတို့၏ ဦးဆောင်မှုဖြင့်

အထက်မြန်မာပြည် သံဃာ့သာမဂ္ဂီအဖွဲ့ချုပ်မှ ၁၉၉၀ – စက်တင်ဘာလတွင် မန္တလေးမြို့၌ န-ဝ-တ စစ်အစိုးရကို ဝိနည်းတော်နှင့်အညီ ပတ္တနိက္ကုဇ္ဇန (သပိတ်မှောက်) ကံဆောင်ပွဲ ပြုလုပ်ခဲ့ကြပါသည်။

မန္တလေးမြို့ သံဃာတော်များ၏ သပိတ်မှောက် ကံဆောင်ပွဲကို ထောက်ခံသည့်အနေဖြင့် ရန်ကုန်မြို့မှ ဆရာတော်ကြီးများ ဖြစ်ကြသော ဦးတိ လောကာဘိဝံသ (အင်းစိန်၊ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်)၊ ဦးဝါသဝ (မဂ္ဂင်ဆရာတော်)၊ ဦးအင်္ဂီသ (ပါဠိတ္တကာရီ ဆရာတော်)၊ ဦးဉာဏဝံသ (မေဒိနီ ဆရာတော်)၊ ဦးသုမင်္ဂလာလင်္ကာရ (တိပိဋကမဟာဂန္ဓာရုံ ဆရာတော်)၊ ရွှေဘုန်းပွင့်ဆရာတော်တို့၏ ဦးဆောင်မှုဖြင့် အောက်မြန်မာပြည် ရဟန်းပျို သမဂ္ဂ ဥက္ကဋ္ဌ ဦးပညိန္ဒ၊ အခမ်းအနားမှူး ဦးပဏ္ဍိဝံသ(ဦးပြည်ကျော်)တို့က တာဝန်ယူကာ ၁၉၉၀ – ခု အောက်တို ဘာလ (၃)ရက်၊ ၁၃၅၂ – ခု သီတင်းကျွတ် လပြည့်နေ့တွင် ငါးထပ်ကြီးဘုရား တန်ဆောင်းကြီးအတွင်း၌ န-ဝ-တ စစ်အစိုးရကို ပတ္တနိက္ကုဇ္ဇန (သပိတ်မှောက်)ကံဆောင်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ခြေလျင်ကြွချီကာ အောင်မြေနင်း သစ္စာပြုခဲ့ကြပါသည်။ သပိတ်မှောက် ကံဆောင်မှုကြောင့် ဆရာတော်ကြီးများနှင့် ရဟန်းပျိုသမဂ္ဂ အဖွဲ့ဝင် သံဃာတော်များ အစမှ ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်များ ချမှတ်ခံခဲ့ရပါသည်။ စာရေးသူကိုယ်တိုင်လည်း ထောင်ဒဏ် (၈)နှစ် ချမှတ်ခံခဲ့ရပြီး ၁၉၉၄ – ခုနှစ်တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။

ထို့နောက်ပိုင်းတွင် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာသော ရဟန်းပျိုများသမဂ္ဂအဖွဲ့ဝင် သံဃာများ၊ ကျောင်းသားများနှင့် ဆက်သွယ်ကာ စစ်အစိုးရဆန့်ကျင်ရေး လုပ်ငန်းများကို လျို့ဝှက်စွာ လုပ်ဆောင်ခဲ့ သည်။ တစ်ဖက်တွင်လည်း မိမိနှင့် သက်ဆိုင်သော သာသနာရေး တာဝန်များ ဆောင်ရွက်နေရသဖြင့် ၁၉၉၆ – ခု ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှု၊ ၁၉၉၈ ဩဂုတ်လ ပြည်သူ့လွှတ်တော်ခေါ်ယူရေး လှုပ်ရှားမှု၊ ၁၉၉၉ – ခု လူထု လှုပ်ရှားမှုတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်နိုင်ခဲ့သော်လည်း နီးစပ်သော ကျောင်းသားလူငယ်များ အား လျို့ဝှက်စွာ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

စစ်အစိုးရက ၂၀၀၄ – ခု ဒီဇင်ဘာလ (၉)ရက်နေ့တွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီး ကျင်းပရန် ကြိုးစားနေချိန်တွင် စာရေးသူသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP-B) မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ

- စစ်အစိုးရက သံဃာတော်များကို ရက်စက်စွာဖိနှိပ်ခြင်း၊
- ဖမ်းဆီးခံ သံဃာတော်များကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်၍၊ တချို့ကို ရဲဘက်စခန်းများသို့ ပို့ဆောင်ခြင်း

**၁၉၉၀ – ခု အောက်တိုဘာလ [၃]ရက်၊ ၁၃၅၂ – ခု သီတင်းကျွတ်လပြည့်နေ့တွင် ငါးထပ်ကြီးဘုရား တန်ဆောင်းကြီးအတွင်း၌ န–ဝ–တ စစ်အစိုးရကို ပတ္တနိက္ကုဇ္ဇန [သပိတ်မှောက်]ကံဆောင်ပြီး**

- ရဟန်းသံဃာတော်များအား ညမထွက်ရ အမိန့် သီးသန့်ထုတ်ပြန်ကာ ဖိနှိပ်ခြင်း၊

- ၂၀၀၃ – ခုနှစ် နိုဝင်ဘာလတွင် စစ်ထောက်လှမ်းရေးမှကပ်သော ဆွမ်းကို မစားသဖြင့် တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက် (ကမ္ဘာအေး)မှ ရဟန်းတစ်ပါးနှင့် သာမဏေ (၂၅) ပါးကို ဖမ်းဆီးကာ ထောင်ဒဏ် (၁၈)နှစ်စီ ချမှတ်ခဲ့ခြင်း၊

စသောစစ်အစိုးရက ဘာသာရေးဆိုင်ရာ ဖိနှိပ်မှုများ ပြုလုပ်ခဲ့ပုံကို ကမ္ဘာက သိနိုင်စေရန်အတွက် Burma : A Land where Buddhist Monks Are Disrobed and Detained in – ungeons – ဟူသော စာအုပ်ကို ထုတ်ဝေကာ နိုင်ငံတကာသို့ တင်ပြနိုင်ခဲ့သည်။ ထို လုပ်ဆောင်ချက်ကြောင့် နိုင်ငံတကာ ဗုဒ္ဓဘာသာ အဖွဲ့အစည်းတော်တော်များများက ဝိုင်းဝန်းကန့်ကွက်ကြသည့်အတွက် စတုတ္ထအကြိမ်ကို ဖြုတ်ပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံဟု အရှက်ပြေ ကျင်းပခဲ့ရသည်။

၂၀၀၅ – ခုနှစ်တွင် အာဏာရှင်အစိုးရအား လူထု လှုပ်ရှားမှုအသွင်ဖြင့် တိုက်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၀၆ – ခုနှစ် နှစ်ဦးပိုင်းတွင် န–အ–ဖကို နည်းစနစ်မှန်မှန်ဖြင့် ဆန့်ကျင်နိုင်ရန်အတွက် CO သင်တန်း PD သင်တန်းများ တက်ရောက်ရန် သံဃာတော်များကို စာရေးသူမှ လမ်းညွှန်



ပေးခဲ့သည်။ ၂၀၀၆ – ခုနှစ် စက်တင်ဘာလ (၉)ရက်နေ့တွင် ရွှေဝါရောင်တော်လှန်ရေးကြီးကို အသက်ဝင်လာစေသည့် ပင်မသွေးကြောဟု ခေါ်ဆိုနိုင်သော **'ဥတ္တမဂျာနယ်'** ကို ဆရာတော် သံဃာတော်များ၏ အကူအညီဖြင့် စတင်ထုတ်ဝေနိုင်ခဲ့ကာ သံဃာထုနှင့် အခြားအင်အားစုများလက်သို့ ကိုယ်တိုင်ဖြန့်ဝေ လှူ့ဆော်နိုင်ခဲ့သည်။

စာရေးသူသည် ၂၀၀၇ – ခုနှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ လများတွင် မြို့ကြီးတော်တော်များများသို့ ခရီးထွက်ပြီး သံဃာတော်များနှင့် ဆွေးနွေးပွဲများကို အရှိန်အဟုန်ဖြင့် ပြုလုပ်ခဲ့သည်။ ဩဂုတ်လ (၇–၈–၉)ရက်နေ့များတွင် စာရေးသူသည် မန္တလေးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သာမဂ္ဂီအဖွဲ့ချုပ်မှ ဆရာတော်များ၊ အခြားသောအဖွဲ့အစည်းများမှ ဆရာတော်များနှင့် သုံးရက်တိုင် ညှိနှိုင်းဆွေးနွေးပြီး စစ်ကိုင်းအစည်းအဝေး ကျင်းပနိုင်ရန်နှင့် သံဃာ့အစုအဖွဲ့ကြီး ဖွဲ့စည်းနိုင်ရန် စီစဉ်ခဲ့သည်။ ဩဂုတ်လ (၁၀)ရက်နေ့တွင် အထက်မြန်မာပြည် အစည်းအဝေး ဆုံးဖြတ်ချက်များကို ရန်ကုန်မြို့ရှိ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ရဟန်းပျိုသမဂ္ဂ(ရန်ကုန်)မှ ဦးဂမ္ဘီရကို သီးသန့်တွေ့ဆုံပြီး အဖွဲ့အစည်း တစ်ခုမှာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ရှင်းပြကာ အကြိမ်ကြိမ် ဆွေးနွေးဖြစ်ခဲ့သည်။ စက်တင်ဘာလ (၁)ရက်နေ့တွင် အဖွဲ့အစည်းအသီးသီးနှင့် တိုင်ပင်ဆွေးနွေးပြီး

> **ပြည်နယ်နှင့်တိုင်း အသီးသီးရှိ သံဃာ့သမဂ္ဂအဖွဲ့ဝင် အားလုံးတို့မှ သံဃာထုတစ်ရပ်လုံး၏ ဆန္ဒကို ကိုယ်စားပြုကာ 'မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး' ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းသို့ဖွဲ့စည်းပြီးနောက်**

ဆုံးဖြတ်ချက်များချကာ (၂)ရက်နေ့တွင် ဦးဂမ္ဘီရနှင့် အသေးစိပ် ထပ်မံညှိနှိုင်းခဲ့သည်။ အောက်မြန်မာပြည် ကိုယ်စားလှယ်များဖြစ်သော ဦးဂမ္ဘီရက (၄)ရက်နေ့တွင် ခရီးထွက်ပြီး စာရေးသူက (၅)ရက်နေ့မှ ခရီးထွက်ကာ နံနက်ပိုင်းတွင် ပဲခူးမြို့ ရဟန်းပျိုသမဂ္ဂ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ နေ့လည်ပိုင်းတွင် ညောင်လေးပင်မြို့နယ် ရဟန်းပျိုသမဂ္ဂ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ညပိုင်းတွင် ဖြူးမြို့ရဟန်းပျိုသမဂ္ဂ အဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံညှိနှိုင်းပြီး ဖြူးမြို့၌ပင် ညအိပ်ရပ်နားခဲ့သည်။ ၎င်းနေ့မှာပင် ပခုက္ကူ မြို့သတင်းကို မီဒီယာများမှတဆင့် ကြားခဲ့ရသည်။ စက်တင်ဘာလ (၆)ရက်နေ့တွင် တောင်ငူမြို့၊ အုတ်တွင်းမြို့၊ ထန်းတပင်မြို့၊ ရေတာရှည်မြို့များမှ ရဟန်းပျိုသမဂ္ဂ အဖွဲ့ဝင်များနှင့် တောင်ငူမြို့တွင် တွေ့ဆုံခဲ့ပြီး ပခုက္ကူ အရေးကိစ္စနှင့် ပါတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ကို အသေးစိပ် ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ (၇)ရက်နေ့တွင် မိတ္ထီလာမြို့ ရဟန်းပျိုသမဂ္ဂအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်မြို့ဝင် တစ်မြို့ထွက် ခရီးဆက်ခဲ့ပါသည်။ စက်တင်ဘာလ (၈)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်တည်ရှိရာ မန္တလေးမြို့သို့ ရောက်ခဲ့ပါသည်။ ထိုနေ့၌ပင် စစ်ကိုင်းစည်းဝေးပွဲသို့ ချက်ချင်းကြွရောက်ခဲ့ပြီး ဆုံးဖြတ်ချက်ယူကာ မန္တလေးသို့ ပြန်ကြွခဲ့ပါသည်။ စက်တင်ဘာလ (၉)ရက်နေ့တွင် လုံခြုံရေးအရ အရေးပေါ် အစည်းအဝေးတစ်ရပ် ကို ကျင်းပကာ

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂများ အဖွဲ့ချုပ်

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်

၃။ ရဟန်းပျို သမဂ္ဂ(ရန်ကုန်)

၄။ သံဃာ့ဒူတအဖွဲ့

၅။ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ သံဃာ့သမဂ္ဂအဖွဲ့ဝင် အားလုံးတို့မှ သံဃာထုတစ်ရပ်လုံး၏ ဆန္ဒကို ကိုယ်စားပြုကာ **'မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး'** ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းသို့ ဖွဲ့စည်းပြီးနောက် ပခုက္ကူအရေးကိစ္စအပါအဝင် အခြား တောင်းဆိုသင့်သည့် အချက်များကို ရွေးချယ်ပြီး–

**၁။ န–အ–ဖ စစ်အစိုးရမှ ပခုက္ကူသံဃာတော်များအား ကျေအေးခွင့်လွှတ်သည်အထိ ဝန်ချတောင်းပန်ရန်**



**၂။ လက်ရှိမြင့်တက်နေသော ကုန်စျေးနှုန်း၊ လောင်စာဆီစျေးနှုန်းများ ချက်ချင်းလျှော့ချပေးရန်၊**

**၃။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် ဆန္ဒပြပွဲများတွင် ဖမ်းဆီးခံထားရသူများကို ချက်ချင်း ပြန်လွှတ်ပေးရန်၊**

**၄။ လူထု၏ အထွေထွေအကျပ်အတည်းများကို ဖြေရှင်းရန်အတွက် န-အ-ဖ စစ်အစိုးရမှ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ချက်ချင်း ပြုလုပ်ပေးရန်။**

အထက်ပါအချက် (၄)ချက်အား န-အ-ဖ စစ်အစိုးရမှ တော်သလင်းလဆန်း (၆)ရက်၊ ၂၀၀၇ – ခု၊ စက်တင်ဘာလ (၁၇) ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်ပေးရန်၊ သတ်မှတ်ရက်အတွင်း လိုက်လျောမှု မပြုပါက မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစု အဖွဲ့ ကြီးမှ ဦးဆောင်၍ န-အ-ဖ စစ်အစိုးရအား ပတ္တနိက္ကုဇ္ဇန (သပိတ်မှောက်) ကံဆောင်သွားမည်ဖြစ်ကြောင်း တောင်းဆို ကြေငြာခဲ့ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ် ပေါင်းစုအဖွဲ့ကြီးကို ဦးဆောင်ဖွဲ့စည်းခဲ့ကြသော ဆရာတော်များမှာ–

**၁။ ဦးခေမိန္ဒ**

**၂။ ဦးဩဘာသ**

**၃။ ဦးတေဇ**

**၄။ ဦးဂမ္ဘီရ** တို့ ဖြစ်ကြပြီး၊ ဖွဲ့စည်းရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။ အခက်အခဲများကြားမှပင် ကြေညာချက်များကို လက်ရေးနှင့်ရေး၍ ဓါတ်ပုံရိုက်ကူးပြီး ဦးတေဇနှင့် ဦးဂမ္ဘီရတို့က မီဒီယာများသို့ E-mail ဖြင့် ပေးပို့ခဲ့သည်။ စာရေးသူသည် စက်တင်ဘာ (၁၃)ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး၏ ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့အစည်း အသီးသီးသို့ ဆက်လက် ညွှန်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ တည်နေရာကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂများ အဖွဲ့ချုပ်မှ အဖွဲ့ဝင် **ဦးမေဓာဝီ**နှင့် တိုင်ပင်ပြီး ၎င်း၏ စာသင်ကျောင်းတိုက်ကို ရွေးချယ် သတ်မှတ်ခဲ့သည်။

န-အ-ဖ စစ်အစိုးရက တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ကြေညာထားသည့်အတိုင်း စက်တင်ဘာလ (၁၈)ရက်နေ့တွင် မြန်မာပြည် မြို့ကြီးတော်တော်များများ၌ ပတ္တနိက္ကုဇ္ဇန (သပိတ်မှောက်) ကံဆောင်ပွဲများကို ကျင်းပခဲ့ကြသည်။ နေ့လည်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သံဃာတော်များ ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်းကြသည်။ ထို့နောက် စေတီတော်မြတ်ကြီး၏ အရှေ့ဖက်မုခ်မှဆင်းကာ ဆုတောင်း၊ မေတ္တာပို့၊ ပရိတ်ရွတ်ပွဲကို စတင် ကြွချီကြပါတယ်။ ထိုနေ့တွင် စာရေးသူ

က အထက်မြန်မာပြည် သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်မှ ဦးခေမိန္ဒ(ဆရာကေ)အား ဆက်သွယ်၍ ရန်ကုန်သို့ ချက်ချင်းကြွရောက်ပါရန် လျှောက်ထားရသည်။ ဦးဂမ္ဘီရ၏ သဘောဆန္ဒအရ ၎င်းအား မန္တလေးမြို့တွင် တာဝန်ယူရန် လျှောက်ထားရသည်။ ၈၈ – မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုဌေးကြွယ်မှလည်း ဓမ္မနှင့် အဓမ္မတိုက်ပွဲမှာ အဓမ္မဝါဒီတွေကို နှိပ်ကွပ်ဆုံးမဖို့ သံဃာထု ညီညွတ်ရေးကို ဆောင်ရွက်ပေးတော်မူကြပါဘုရားဟု လျှောက်ထားခဲ့ပါသည်။

စက်တင်ဘာလ (၁၉)ရက်နေ့တွင် သံဃာ့တပ်ပေါင်းစုအဖွဲ့ဝင် သံဃာတော်များက မိုးရွာနေသည့်ကြားမှပင် မိမိတို့ မြို့နယ်အလိုက် ဆုတောင်းလမ်းလျှောက်ပွဲများကို ဆက်လက် ဖော်ဆောင်ခဲ့ကြပါတယ်။ ၈၈ – မျိုးဆက်ကျောင်းသားအဖွဲ့မှ ကိုဌေးကြွယ်၊ ကိုထွန်းမြင့်အောင်၊ ကိုလှမျိုးနောင်၊ ကိုအောင်သူ တို့ကလည်း အကူအညီများ ပေးခဲ့သလို အနုပညာရှင်များဖြစ်ကြသော ကိုကျော်သူ၊ ကိုဇာဂနာ၊ ကိုအောင်ဝေး (ကဗျာဆရာ)၊ ဒေါ်သန်းမြင့်အောင်(စာရေးဆရာမ)တို့ အဖွဲ့မှလည်း ပူးပေါင်းပါဝင်ခဲ့သဖြင့် အရှိန်အဟုန် မြင့်တက်ကာ ကျောင်းသားပြည်သူများတက်ကြွစွာ ပါဝင်လာပြီး လူထုလှုပ်ရှားမှုအသွင်ကို ကူးပြောင်းခဲ့ပါတယ်။

စက်တင်ဘာလ (၂၀)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂများ အဖွဲ့ချုပ်မှလည်း (ကျောင်းသား ပြည်သူအပေါင်းသို့ ပန်ကြားချက်) ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ပခုက္ကူ သံဃာတော်များကလည်း ‘န–အ–ဖအခက် ပြည်သူ့အချက်’ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ပြည်သူတစ်ရပ်လုံးက မတရားတဲ့ စစ်အစိုးရ တံတိုင်းကြီးကို တွန်းလှဲရန် အချိန်ကောင်းဟု ကြေညာလိုက်သည်။ စက်တင်ဘာလ ၂၄ – ရက် တနင်္လာနေ့ နေ့လည် (၁)နာရီမှ စတင်ကာ သံဃာတော်များနှင့် ကျောင်းသား၊ ပြည်သူများ အတူလက်တွဲ၍ ကိုယ့်အခွင့်အရေးကို ကိုယ်ကိုယ်တိုင် စည်းကမ်းရှိစွာ စနစ်တကျ အကြမ်းမဖက်သည့်နည်းလမ်းဖြင့် အရှိန်မြှင့်တောင်းဆိုကြပါရန် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ပြည်သူလူထုသို့ တိုက်တွန်းနှိုးဆော်လွှာ ကြေညာချက် အမှတ် ၄/၂၀၀၇ ကို စက်တင်ဘာလ (၂၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

၈၈ – မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုဌေးကြွယ်၊ ကိုထွန်းမြင့်အောင်တို့နှင့်လည်း ပူးတွဲကြေညာချက်ထုတ်ရန် အကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။ စက်တင်ဘာလ(၂၃)ရက်နေ့တွင် မြန်မာနိုင်ငံ စာပေနှင့် အနုပညာရှင်များအုပ်စုကလည်း ကြေညာချက်ထုတ်ပြန်ပြီး ဆက်လက် ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းနှိုးဆော်လိုက်သည်။



စက်တင်ဘာလ (၂၄)ရက်နေ့တွင် ၂၀၀၇ ဗကသမှ ကျော်ကိုကိုနှင့် စည်သူမောင်တို့မှ ခွပ်ဒေါင်းအလံကိုင်ပြီး ပါဝင်ချီတက်ခွင့်ပေးရန်အတွက် ဖုန်းဆက်၍ အကြိမ်ကြိမ်တောင်းဆိုသောကြောင့် စာရေးသူကိုယ်တိုင် စည်းကမ်းထိမ်းသိမ်းရေးကော်မတီသို့ သွားရောက် အကြောင်းကြားထားရသည်။ စက်တင်ဘာလ (၂၅)ရက်နေ့တွင် သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးနှင့် (၈၈)မျိုးဆက်ကျောင်းသားများအဖွဲ့တို့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။



**စစ်အာဏာရှင်များက ကျောင်းတိုက်များအား အဓမ္မဝင်ရောက်စီးနင်း၍ သံဃိကပိုင် ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ငွေများကို သိမ်းဆည်းခြင်း၊ သံဃာတော်များကို ဖမ်းဆီးခြင်း**

ထို့နောက်တွင် န-အ-ဖ စစ်အာဏာရှင်များက ကျောင်းတိုက်များအား အဓမ္မဝင်ရောက်စီးနင်း၍ သံဃိကပိုင် ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ငွေများကို သိမ်းဆည်းခြင်း၊ သံဃာတော်များကို ဖမ်းဆီးခြင်း စသော အဓမ္မ လုပ်ရပ်များကြောင့် သံဃာတော်များမှာ လွတ်မြောက်ရာ နေရာများသို့ ရှောင်တိမ်းကြရသည်။ ရှောင်တိမ်းနေသည့် ကြားကပင် ဦးဆောင်ဆရာတော်အချို့မှာ နအဖ စစ်ထောက်လှမ်းရေးတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ကြရသည်။

အဖမ်းမခံရဘဲ လွတ်မြောက်နေသေးသော သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ ဦးဆောင်ဆရာတော်များဖြစ်သည့် **ဦးဩဘာသနှင့် ဦးတေဇတို့ အပါအဝင်** အခြားအဖွဲ့ဝင် သံဃာတော် အများစုမှာ ယနေ့အထိ ပုန်းရင်း ရှောင်ရင်းမှ မပြီးဆုံးသေးသော တာဝန်များကို ဆက်လက်ထမ်းဆောင်လျက် ရှိနေကြပါသည်။ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းပစ်ပြီး ဘာသာသာသနာ ထွန်းကားစည်ပင်နိုင်သည့် ဒီမိုကရေစီ ခေတ်သစ်တခုကို တည်ဆောက်နိုင်သည်အထိ အခြားသော အင်အားစုများနှင့်အတူ ဆက်လက် တိုက်ပွဲဝင်သွားရေးသည် **မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး** ၏ အဓိက အကျဆုံး လုပ်ငန်းတာဝန် ဖြစ်ပါသည်။

**အသျှင်ဩဘာသ**
**ဦးဆောင်ဆရာတော် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**

**ဓာတ်တင်ဘာကို မဖော်ကြနဲ့**

# ရွှေဝါရောင်
# ဒီမိုကရက်တိုက်ဇေးရှင်း

အရှင်လာဘ

## (၁) တတိယလှိုင်းနှင့် ခရစ်ယာန်ဘာသာ

ဟားဗက်တက္ကသိုလ်ရဲ့ နိုင်ငံရေးသိပ္ပံပါမောက္ခ ဆင်မျူရယ် ဟန်တင်တန်ဟာ ကမ္ဘာ့ဒီမိုကရေစီ ဖြစ်ထွန်းရေးဖြစ်စဉ်မှာ ဗုဒ္ဓဘာသာကို သိပ်အထင်ကြီးလှ၊ ထည့်တွက်လှတာ မဟုတ်ပါဘူး။ သူ့ရဲ့နာမည်ကျော် "ယဉ်ကျေးမှုများတိုးတိုက်မိခြင်း" စာအုပ်မှာဆိုရင် ဗုဒ္ဓဘာသာ နိုင်ငံများဟာ တိုးတက်တဲ့ ယဉ်ကျေးမှုအဆင့် (Civilization) အထိ ရောက်မလာကြဘူးလို့ ဆိုထားပါတယ်။

ခရစ်ယာန်နဲ့ အစ္စလာမ်ဘာသာနိုင်ငံများဟာ တိုးတက်တဲ့ လူသားဖွံ့ဖြိုးမှုတွေနဲ့ အင်ပါယာကြီးတွေအထိ ဖြစ်ထွန်းခဲ့ကြတယ်။ ဗုဒ္ဓဘာသာကတော့ ဒီလိုမဟုတ်ဘဲ လူသားဖွံ့ဖြိုးရေးနဲ့ ဒီမိုကရေစီအရေးမှာ အမြဲတမ်းအနှုတ်သဘောဆောင်ပြီး ငုတ်နေတတ်တယ်။ အဓိက အကြောင်းတရားတခုက ဗုဒ္ဓဘာသာဟာ သူ့မူလစတင်ခဲ့တဲ့ အိန္ဒိယနိုင်ငံမှာကို ခြေကုပ်မှုမဲနိုင်ခဲ့တာပဲလို့ ဟန်တင်တန်က ထောက်ပြပါတယ်။

နောက်သူ့ရဲ့ နာမည်ကြီး "တတိယလှိုင်း" စာအုပ်ဟာလည်း ၁၉၇၀ – ပြည့်လွန်နှစ်များကနေ ၁၉၉၀ – ပြည့် လွန်နှစ်အဆုံးထိ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကူးပြောင်းလာတဲ့ နိုင်ငံ (၃၀)လောက်ရဲ့ အတွေ့အကြုံတွေကို တင်ပြထားတယ်။ အဲ့ဒီမှာ သူပြောသွားတာက တတိယလှိုင်း (Third Wave) ဒီမိုကရက်တိုက်ဇေးရှင်း ဖြစ်စဉ်မှာ ဘာသာရေးဟာ လုံးဝအရေးပါတယ်။ အထူးသဖြင့် အနောက်တိုင်း ခရစ်ယာန်ဘာသာနဲ့ ဒီမိုကရေစီဟာ လုံးဝဆက်စပ်နေတယ်။ ခေတ်သစ် ဒီမိုကရေစီဆိုတာလည်း ပထမဦးဆုံး ခရစ်ယာန် နိုင်ငံတွေမှာပဲ စတင်ခဲ့ပါတယ်။

၁၉၈၈ – ခုနှစ်ရဲ့ ဒီမိုကရေစီ (၄၆)နိုင်ငံကို ကြည့်ရင် (၃၉)နိုင်ငံဟာ ကက်သလစ်နဲ့ ပရိုတက်စတင့် ဘာသာ အဓိက လွှမ်းမိုးထားတဲ့နိုင်ငံတွေ ဖြစ်နေတယ်။ ဒီမိုကရေစီနဲ့ ဒီမိုကရက်တစ် ယဉ်ကျေးမှုဟာ မူဆလင်ဘာသာ၊ ဗုဒ္ဓဘာသာနဲ့ ကွန်ဖျူးရှပ်အယူရှိတဲ့ နိုင်ငံတွေမှာ ဖြစ်ထွန်းခဲလှတယ်လို့ ဆိုပါတယ်။




အဲ့ဒီလို ခရစ်ယာန်နိုင်ငံတွေမှာပဲ ဒီမိုကရေစီ စဖြစ်ထွန်း အခြေခိုင်ရတဲ့ အကြောင်းက ခရစ်ယာန်ဘာသာ ဟာ တစ်ဦးချင်းရဲ့ သိက္ခာတန်ဖိုး (The dignity of the individual) ကို အလေးထားလို့၊ ဒီနိုင်ငံတွေမှာ ကျောင်းတော်နဲ့ နိုင်ငံတော်အကြား စည်းခြားထားမှု (The separation of church and state) ရှိကြ လို့ပဲလို့ ဆိုပါတယ်။ ကက်သလစ်နဲ့ ပရိုတက်စတင့် ဘာသာရေးခေါင်းဆောင်များဟာ ဖိနှိပ်တဲ့ အာဏာရှင်တိုင်းပြည် တွေရဲ့ လွတ်မြောက်ရေး ရုန်းကန်ကြိုးပမ်းမှုတွေမှာ အဓိက အခန်းကဏ္ဍက အမြဲရှိနေလို့ပဲ။ နောက်ပြီး ခရစ်ယာန် ကျောင်းများနဲ့ ဘာသာဝင်ဦးရေ အပြန့်ကျယ်လာခြင်းဟာ ဒီမိုကရေစီ ဖွံ့ဖြိုးရေးကို တွန်းအားပေးတယ်လို့ ပါမောက္ခ ဟန်တင်တန်က ရုပ်ခံ တင်ပြထားပါတယ်။

## (၂) အစလည်းခက်၊ အဆုံးလည်းခက်

အခုပြောနေတာဟာ ဘယ်ဘာသာဟာ ပိုယုံကြည်ထိုက်တယ်ဆိုတဲ့ ကိစ္စမဟုတ်ဘဲ၊ ဒီမိုကရက် တိုက်ဖေးရှင်း ကိစ္စသာ ဖြစ်ပါတယ်။ ဟန်တင်တန် ထောက်ပြသလို အနောက်ခရစ်ယာန်နိုင်ငံ အများစု ဒီမိုကရေစီ အောင်မြင်ခိုင်မြဲနေတာကလည်း ငြင်းမရအောင် အထင်အရှားပါပဲ။ သို့သော် အနောက်နိုင်ငံတွေကို ပုခုံးချင်းယှဉ်လာ တဲ့ ကွန်ဖျူးရှပ် တရုတ်ပေါက်ဖော်ကြီးရဲ့ တိုးတက်ပွင့်လင်းလာမှု၊ မကြာခင်က ဖြစ်ခဲ့တဲ့ **'မြန်မာ သံဃာတော်တွေ ရဲ့ မေတ္တာသုတ်ရွတ်ပြီး စစ်အာဏာရှင်စနစ် ဆန့်ကျင်လှုပ်ရှားမှု၊ တိဘက်ရဟန်းတွေရဲ့ အိုလံပစ် မီးရှူးတိုင် နိုင်ငံပေါင်းစုံမှာ ဝင်လုမှု'**တွေဟာ ပါမောက္ခ ဟန်တင်တန်ရဲ့ ခရစ်ယာန်အလေးထဲတဲ့ အမြင်ကို စိန်ခေါ်တွန်းလှန်ပစ်လိုက်တာလားလို့ တွေးစရာတွေ ရှိလာပါတယ်။

၂၀၀၇ – ခုနှစ် မြန်မာနိုင်ငံ ရွှေဝါရောင်အရေးနဲ့ ၂၀၀၈ – ခုနှစ် တိဘက်အရေးဟာ မအောင်မြင်သေး ပေမယ့် ကမ္ဘာ့သမိုင်းနဲ့ ဒီမိုကရက်တိုက်ဖေးရှင်း ဖြစ်စဉ်မှာ ထူးခြားနေပါတယ်။ တဘက်က သိမ်မွေ့နူးညံ့တဲ့ အကြမ်းမဖက် အာဏာဖီဆန်မှု၊ တဘက်မှာက စစ်တပ်ယန္တရားသုံးပြီး အဆုံးစွန် အရိုင်းအစိုင်းဆုံး ချေမှုန်းမှု၊ အဲ့ဒီနှစ်ခုအကြား ဗီလာဖြစ်မှု မြင်ကွင်းတွေကို ကမ္ဘာ့ရွာ မီဒီယာမှန်ပြောင်းကနေ အားလုံးမြင်တွေ့ခဲ့ကြရပါတယ်။

ဗုဒ္ဓဘာသာ မြန်မာရဟန်းတော်များရဲ့ မေတ္တာပို့ စီတန်းလမ်းလျှောက်ပုံ၊ ဝိနည်းစည်းကမ်း ညီညွတ်ပုံ၊ ထုထည်အင်အားကြီးမားပုံ၊ လုံထိန်းရဲ့ စစ်သားတွေကို ပြန်လည်ဦးချကန်တော့တဲ့ မြင်ကွင်းပုံတွေဟာ နိုင်ငံတကာ အသိုင်းအဝိုင်းကို အံ့သြမှင်တက်မိစေရုံမျှမက၊ မြန်မာတို့ကိုယ်တိုင် မျက်ရည်လည်ရွှဲခဲ့ရပါတယ်။

လွတ်လပ်ရေးကာလကစလို့ ၁၉၈၈ - အရေးတော်ပုံအထိ မြန်မာရဟန်းတော်တွေဟာ မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုတိုင်းမှာ ပါဝင်ခဲ့ကြပါတယ်။ သို့သော် ၂၀၀၇ စက်တင်ဘာ တော်လှန်ရေးကတော့ သံဃာထုသက်သက်က ဦးဆောင်တဲ့ စစ်အစိုးရ ဆန့်ကျင်ရေးဖြစ်လာပြီး၊ အချိန်တိုတောင်းလှပေမယ့် တကမ္ဘာလုံးရဲ့ မျက်ခြေမပြတ် စောင့်ကြည့်မှု ခံခဲ့ရပါတယ်။ ကမ္ဘာ့ဒီမိုကရေစီရေး တိုက်ပွဲအတွက်လည်း အမြင်သစ်ဖြစ်ပြီး ဗုဒ္ဓဘာသာဟာ လောကုတ္တရာ ကိစ္စသက်သက် မျက်နှာမူနေရာက လောကီဖွံ့ဖြိုးရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေဆီ တူရူလာပါတယ်။

မြန်မာဗုဒ္ဓရဟန်းတော်များရဲ့ ဒီမိုကရေစီရေးတိုက်ပွဲဟာ ရက်ရက်စက်စက် ချေမှုန်းခံလိုက်ရပေမယ့် ပြီးဆုံးသွားပြီလို့တော့ လုံးဝ ပြောလို့မရပါဘူး။ ဗုဒ္ဓဘာသာ ကိုယ်၌ကိုက တိုးတက်တဲ့ ပြုပြင်ပြောင်းလဲမှု (Reform)တွေ လုပ်လာတာဖြစ်တယ်။ ဒါကြောင့် စက်တင်ဘာ အရေးအခင်းဟာ မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်အတွက် အစတကာတို့ရဲ့ အစပဲဖြစ်ပါတယ်။ ကမ္ဘာ့ဒီမိုကရေစီအရေးမှာ အနုတ်သဘောဆောင်တယ်လို့ အမြင်ခံနေရတဲ့ ဗုဒ္ဓဘာသာကို မြန်မာရဟန်းပျိုများက အပေါင်းလက္ခဏာဆောင်ကြောင်း ကမ္ဘာကို ရဲရဲဝံ့ဝံ့ ပြလိုက်တာဖြစ်ပါတယ်။

စက်တင်ဘာ သံဃာလှုပ်ရှားမှု စတင်ဖြစ်နေချိန်မှာ စာရေးဆရာ မောင်စူးစမ်းကို သူ့မိတ်ဆွေတယောက်က ဘယ်လိုမြင်သလဲလို့ မေးကြည့်တဲ့အခါ ဆရာက "စဖို့ခက်ခဲသလို၊ အဆုံးသတ်ဖို့လည်း ခက်တယ်" လို့ တုန့်ပြန် ဖြေဆိုပါတယ်။ ဆရာမောင်စူးစမ်း ပြောသလိုပဲ စက်တင်ဘာ သံဃာ့အရေးအခင်းဟာ စတင်ဖို့ အတော်ခက်ခဲတဲ့၊ ရဟန်းပျိုများ ရင်းပြီးစွန့်စားရတဲ့ တိုက်ပွဲဖြစ်သလို အဆုံးသတ်ဟာလည်း မြန်မာ့တော်လှန်ရေး အများစုရဲ့ ထုံးစံအတိုင်း ကိုယ့်ဘက်က ပွဲမပြတ်နိုင်ခဲ့ပါဘူး။ ရွှေဝါရောင်တော်လှန်ရေးဟာ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်တဲ့ ကတ္တီပါ တော်လှန်ရေးမျိုး ဖြစ်မလာခဲ့ဘဲ ဘုရားသားတော်တွေ အကြောင်းမလှစွာနဲ့ သွေးစွန်းထင်းခဲ့ရပါတယ်။

ဘာကြောင့် မြန်မာရဟန်းပျိုများရဲ့ စက်တင်ဘာအရေးဟာ စဖို့ခက်ပြီး၊ အဆုံးသတ်ဖို့ ခက်





ရတာလဲ။ စက်တင်ဘာရဲ့ အောင်မြင်မှုတွေက ဘာလဲ။ မြန်မာ ထေရဝါဒဟာ ဒီမိုကရေစီနဲ့ နီးစပ်ရဲ့လား။ ခရစ်ယာန် ဘာသာက အာဏာရှင်တွေကို ထိန်းချုပ်ထားနိုင် သလိုမျိုး၊ အနာဂါတ်မှာ ဗုဒ္ဓဘာသာက အာဏာရှင် ညွှတ်ကွင်းကနေ ဖောက်ထွက်နိုင်မှာလား။ ဒါမှမဟုတ် တောင်ကိုရီးယားလို ဗုဒ္ဓဘာသာကနေ ခရစ်ယာန်အယူ ကူးပြောင်းသူဦးရေ တိုးပွားလာမှ ဒီမိုကရေစီ အမြစ်တွယ် အခြေကျမှာလား စတဲ့စတဲ့ မေးခွန်းတွေအတွက် ရွှေဝါရောင်တော်လှန်ရေး ဖြစ်ရပ်နဲ့အတူ ထေရဝါဒအပေါ် လူမှုဗေဒ၊ လူမှုသိပ္ပံ ရှုထောင့်တွေကနေ သုံးသပ်ကြဖို့ လိုပါလိမ့်မယ်။

## (၃) လူ့အခွင့်အရေးနဲ့ မေတ္တာသုတ်

အမေရိကန် လွတ်လပ်ရေးကြေငြာ စာတမ်းမှာ သောမတ်စ်ဂျက်ဖာဆန်က “လူတိုင်းကို တူညီမျှတစွာ ဖန်ဆင်း ထားတာဖြစ်တယ်” (All men are created equal) ဆိုတဲ့ စကားကို သုံးခဲ့ပါတယ်။ နောက်ပိုင်း အီဗရာဟင်လင်ကွန်းတို့၊ မာတင်လူသာကင်း တို့ကနေ ယနေ့ခေါင်းဆောင်များအထိ အထပ်ထပ် သုံးစွဲခဲ့ကြတယ်။ ဘုရားသခင်ဟာ အားလုံးကို တူညီတဲ့ ရပိုင်ခွင့်တွေနဲ့ ဖန်ဆင်းထားသမို့၊ လူသားအားလုံးမှာ လူ့အခွင့်အရေးဟာ မွေးရာပါဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကမှ တားမြစ်ချုပ်ချယ်ပိုင်ခွင့် မရှိဘူးလို့ ဆိုလိုပါတယ်။ ဒီဝါကျလေးတစ်ကြောင်းဟာ တာသွားလွန်းပြီး အနောက်တိုင်းနိုင်ငံတွေမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေရရှိဖို့ ကျားကန်ပေးပါတယ်။

ဒါဖြင့် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေး ဖွံ့ဖြိုးဖို့အတွက် ဗုဒ္ဓဘာသာမှာ ဒီလို အားကိုးအားထားပြုလောက်တဲ့ စကားရပ်မျိုး မရှိဘူးလား။ ဗုဒ္ဓရဲ့ ဩဝါဒ အမြုတေတွေဟာ လူသားတိုင်း ရပိုင်ခွင့်တွေ အတွက် အနက်ဖွင့်ထုတတ်ရင် အများကြီးရနိုင် ပါတယ်။ ဥပမာ မေတ္တာသုတ်လာ **‘မာတာ ယထာနိယံပုတ္တံ၊ မယုသာ ဧကပုတ္တ မနုရက္ခေ’** ဆိုတဲ့ ပါဠိဟာ စဉ်းစားယူရင် အတော်ကျယ်ပြန့် ပါလိမ့်မယ်။ သတ္တဝါတိုင်း အပေါ်မှာ မိမိရင်၌ဖြစ် သော တစ်ဦးတည်းသော သားကဲ့သို့ မေတ္တာ ထားရမယ်လို့ ဆိုပါတယ်။ ဒီစကားရပ်အပေါ် လူ့အခွင့်အရေးအမြင် ရှုထောင့်ကကြည့်ရင် ဗုဒ္ဓဟာ လူသားအခွင့်အရေးဆိုတာ မပြောနဲ့တော့၊ သတ္တဝါတိုင်း အပေါ်မှာတောင် ကိုယ့်ရင်ဝယ်သား လို သဘောထားရမယ်။ လူမှာ သူ့မွေးရာပါ ရပိုင်ခွင့်ရှိသလို သတ္တဝါကိုယ်စီမှာလည်း ရပိုင်ခွင့် တွေ ရှိကြရမှာပေါ့။ လူအချင်းချင်း နှိပ်စက်ခြင်း ကင်းဝေးကြ။ သတ္တဝါကိုယ်စီရဲ့ ကိုယ့်ရပိုင်ခွင့် တွေကို လေးစားကြလို့ ကောက်ယူနိုင်ပါတယ်။

မြန်မာဗုဒ္ဓဘာသာဟာ ထေရဝါဒ ဖြစ်တာမို့ ရှေးထေရ်ကြီးဝါကြီးတို့ရဲ့ အဆုံးအမ အတိုင်း ကျင့်ကြံလိုက်နာကြဖို့ပါပဲ။ ဒါဟာ ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ဆန်ကောင်းဆန်ပြီး အထက်အောက် ဆက်ဆံရေးပုံစံနဲ့ အမိန့်ပေးပုံစံ (Authoritarian) ပဲလို့ ဝေဖန်ကြပါတယ်။ သို့သော် ကာလမသုတ်လို ဒီမိုကရေစီကျ ခေတ်မှီလွန်းတဲ့ တရားများလည်း ရှိနေပါတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကို ခုနှစ်နှစ်သား သာမဏေလေးက ဝေဖန်ထောက်ပြမှုလို သည်းခံမှု (Tolerance) ဖော်ပြတဲ့ ဒီမိုကရေစီ လက္ခဏာရပ်တွေလည်း အများကြီးပါပဲ။

# (၄) ကျောင်းတော်နဲ့ နိုင်ငံတော်

ဒီမိုကရေစီမဟုတ်တဲ့ နိုင်ငံတွေမှာ ဘာသာရေးနဲ့ နိုင်ငံရေးဟာ သီးခြားမရှိဘဲ ရောထွေးနေတတ်ပါတယ်။ အချို့နိုင်ငံများမှာလည်း အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပြီး တရားဝင်ပြုထားပါတယ်။ အနောက်ဒီမိုကရေစီနိုင်ငံများရဲ့ အားသာချက်က ကျောင်းတော်နဲ့ နိုင်ငံတော် စည်းခြားမှု (Separation of church and state) ရှိခြင်းပါပဲ။ ဒါဟာ လွတ်လပ်စွာကိုးကွယ်ခွင့်ရဲ့ အခြေခံလည်း ဖြစ်ပါတယ်။

ခရစ်ယာန်ကျောင်းတော်တွေဟာ ဒီမိုကရေစီအရေး နဲ့ လွတ်လပ်ခွင့်အရေးမှာ ရှေ့က မားမားမတ်မတ်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ပုတ် ရဟန်းမင်းများဟာ အာဏာရှင်တွေကို နှိပ်ကွပ် ရာမှာ လက်သံပြောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေမှာ ဒီမိုကရေစီ ကူးပြောင်းလာခဲ့တဲ့ ချီလီ၊ ပိုလန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဘရာဇီး စတဲ့ နိုင်ငံတွေရဲ့ ဥပမာကြည့်ရင် မြင်နိုင်ပါတယ်။

၁၉၈၇ – ခုနှစ် ချီလီမှာ ဂျွန်ပေါလ်(၂)က အာဏာရှင်ပီနိုချေးနဲ့ ပက်ပင်းရင်ဆိုင်ရတော့ "ကျုပ်ဟာ ဒီမိုကရေစီ တရားဟောဆရာ မဟုတ်ဘူး။ ဧဝံဂေလိ တရားဟောဆရာပဲ။ ဒါပေမယ့် ခရစ်ယာန်တရားတော်များဟာ လူသားအခွင့်အရေး ကိစ္စအားလုံးနဲ့ သက်ဆိုင်နေတယ်။ အကယ်၍ ဒီမိုကရေစီဟာ လူ့အခွင့်အရေးကို ဆိုလိုတယ်ဆိုရင် ခရစ်ယာန်ကျောင်းတော်တွေဟာလည်း ဒီမိုကရေစီတရား ဟောရမှာပေါ့"လို့ ပြတ်ပြတ်သားသား ပြောခဲ့ပါတယ်။

ခရစ်ယာန်ကျောင်းတော်များဟာ အာဏာရှင်ကို ဆန့်ကျင်ပြီး လူသားလွတ်လပ်ခွင့်အရေးမှာ သမိုင်းတလျှောက် အရေးပါခဲ့တယ်။ အာဏာရှင်များ မင်းဆိုးမင်းညစ်များ ချယ်လှယ်ချင်တိုင်း ချယ်လှယ်ခွင့် မရအောင် ပြည်သူလူထုကို အကာအကွယ်ပေးခဲ့ပါတယ်။ ဒါဆို ဗုဒ္ဓဘာသာ ရဟန်းတော်များနဲ့ ကျောင်းတော်များကရော။

စက်တင်ဘာလှုပ်ရှားမှုက ရဟန်းပျိုများဟာ ခေတ်သစ်ဗုဒ္ဓဘာသာ လွတ်လပ်ခွင့်သူရဲကောင်းများ ဖြစ်ပါတယ်။ သို့သော် ပြဿနာက သံဃာ့မဟာနာယက အဖွဲ့နဲ့ အဘိဓဇ ဆရာတော်ကြီးအချို့ ဖြစ်ပါတယ်။ သံဃာ့မဟာနာယကဟာ သီးခြားလွတ်လပ်တဲ့ ဘာသာရေး အဖွဲ့အစည်း မဟုတ်ဘဲ မြန်မာအစိုးရအဆက်ဆက်ရဲ့ လက်အောက်ခံ အသုံးချခံ အဖွဲ့အစည်းတခု ဖြစ်နေခဲ့ပါတယ်။ ဘာသာရေး အာဏာပိုင် အစိုးရဌာန တစ်ခုလို ဖြစ်နေခဲ့ပါတယ်။

ဗုဒ္ဓဘာသာ ရဟန်းတော်များ နိုင်ငံရေး လုပ်သင့်ပါသလားဆိုတဲ့ မေးခွန်းဟာ အမြဲတက်လာတတ်တဲ့ မေးခွန်းပါပဲ။ လယ်တီဆရာတော်လို ပုဂ္ဂိုလ်မျိုးက ရဟန်းတွေကို နိုင်ငံရေးနဲ့ လုံးဝ မပက်သက်စေချင်ပါဘူး။

## စက်တင်ဘာတော်လှန်ရေးက မွေးဖွားလာတဲ့ သံဃာ့တပ်ပေါင်းစုဟာ အလယ်ခေတ် ချစားနေတဲ့ ဘရင်ဂျီဘုန်းကြီးတွေကို တော်လှန်တဲ့ ပရိုတက်စတင့် မာတင်လူသာ ပေါက်စမျိုးတွေ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း အမြင်ကလည်း "ကျွန်တော့်သဘောက ရဟန်းတော်များဟာ ပရိယတ်၊ ပဋိပတ်ကိုသာ ကြိုးစားစေချင်တယ်။" လို့ ရေးဖူးပါတယ်။ ဟုတ်ပါတယ်။ ရဟန်းကိစ္စဟာ ဝိနည်းကိစ္စဖြစ်တယ်။ ကိုယ်ကျင့်ကိစ္စ ဖြစ်တယ်။ မိမိကိုယ်ကို စောင့်ရှောက်ခြင်းဟာ လောကကို စောင့်ရှောက်ခြင်း မည်ပါတယ်။ လူ့အဖွဲ့အစည်းကို စာရိတ္တ မဏ္ဍိုင် မြင့်မားစေပြီး အမှန်တရားနဲ့ နီးစပ်ပါစေလိမ့်မယ်။

သို့သော် ယခု သံဃာ့မဟာနာယကဟာ အစိုးရဌာန တစုတဖွဲ့အဖြစ် လုပ်နေတာဟာ ဝိနည်းနဲ့ ညီပါသလော။ သံဃာများ နိုင်ငံရေး မလုပ်ရလို့ မော်ဘီ သံဃာ့အစည်းအဝေး ဆုံးဖြတ်ချက်၊ ကမ္ဘာအေး ဆုံးဖြတ်ချက်တွေနဲ့ အကြိမ်ကြိမ် ကြေညာချက်ထုတ်ပြီး စစ်အစိုးရတွေကို အကာအကွယ် ပေးနေတဲ့ သံဃာ့မဟာနာယက ဘွဲ့တံဆိပ်အမျိုးမျိုးရ ရာဇာများဟာ နိုင်ငံရေးလုပ်နေတာ မဟုတ်ပါလား။ နိုင်ငံရေးဆိုတာ အာဏာပါဝါနဲ့ ဆက်စပ်နေတယ်ဆိုရင် အာဏာပိုင်အဖွဲ့ဟာ သံဃာ့မဟာနာယက အဖွဲ့မှာလား၊ စာသင် ရဟန်းပျိုတွေဆီမှာလား။

စက်တင်ဘာတော်လှန်ရေးက မွေးဖွားလာတဲ့ သံဃာ့တပ်ပေါင်းစုဟာ အလယ်ခေတ် ချစားနေတဲ့ ဘရင်ဂျီဘုန်းကြီးတွေကို တော်လှန်တဲ့ ပရိုတက်စတင့် မာတင်လူသာ ပေါက်စမျိုးတွေ ဖြစ်ပါတယ်။ ပြည်ပ သံဃာ့ ဥသျှောင် အဖွဲ့အစည်းဟာ လွတ်လပ်တဲ့ သာသနာ့အဖွဲ့အစည်း ဖြစ်လာပြီး တချိန်မှာ သံဃာ့ မဟာနာယကအဖွဲ့ကို ဖယ်ရှားပြီး မြန်မာပြည်သူတို့အတွက် လွတ်လပ်မှုလစ်ဘာတီ ဆောင်ကျဉ်းလာမယ့် အဖွဲ့အစည်းမျိုး ဖြစ်ပါတယ်။

## (၅) ပရိယတ္တိ အင်စတီကျူးရှင်း

ခရစ်ယာန်ဘုရားကျောင်း (Church) များဟာ နိုင်ငံရေးဖိနှိပ်မှုအမျိုးမျိုးကို ဆန့်ကျင်တဲ့ အခြေခံ အင်စတီကျူးရှင်းများ ဖြစ်ပါတယ်။ အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့ ဟောပြောစည်းရုံးနေတဲ့ လျှို့ဝှက်မြေအောက် ဌာနမျိုးတွေလည်း ဖြစ်ပါတယ်။ လွတ်လပ်မှုနဲ့ တရားမျှတမှုကို ရပ်ခံစည်းရုံးနေတဲ့ အင်စတီကျူးရှင်းများလည်း ဖြစ်ပါတယ်။ ဘုရားကျောင်း အင်စတီကျူးရှင်းများဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားပြီး နိုင်ငံတကာမှာ ကွန်ယက် ဖြစ်နေပါတယ်။

ဘရင်ဂျီဘုန်းတော်ကြီးများရဲ့ အကျင့်ပျက်မှု ကျင့်ဝတ်ချစားမှုတွေလည်းရှိကြပါတယ်။ သို့သော် သူတို့ရဲ့လော်မာမှုတွေကို အထုတ်ဖြေချနိုင်တဲ့ မီဒီယာများက ရှိနေပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုသူများအတွက် ခရစ်ယာန်

ကျောင်းများဟာ အကာအကွယ်ပေးနိုင်တဲ့ အင်စတီကျူးရှင်းများ ဖြစ်ပါတယ်။ အိမ်ထောင်ပြုမှု အပါအဝင် မွေးခြင်းမှ သေခြင်းအထိ လူသားရပိုင်ခွင့်တွေကို အကာအကွယ်ပေးထားတဲ့ လူမှုအင်စတီကျူးရှင်းမျိုး ဖြစ်နေပါတယ်။

မြန်မာနိုင်ငံ ပရိယတ္တိစာသင်တိုက်များဟာလည်း အောင်မြင်တဲ့ အင်စတီကျူးရှင်းများပဲ ဖြစ်ပါတယ်။ ဒါကို စက်တင်ဘာ သံဃာ့အရေးအခင်းမှာ ထင်ထင်ရှားရှား တွေ့ကြရပါတယ်။ ပဋိပတ္တိကျောင်းတိုက်များဟာလည်း လူမှုထွက်ပေါက်နဲ့ စာရိတ္တမဏ္ဍိုင်ကို ထိန်းကျောင်းပေးနိုင်တဲ့ အင်စတီကျူးရှင်းများပါပဲ။

စစ်တပ်က မြန်မာနိုင်ငံမှာ အင်အားအကြီးဆုံးအင်စတီကျူးရှင်းဖြစ်နေပြီး ရှိရှိသမျှသော အရပ်ဘက် အင်စတီကျူးရှင်းအားလုံးကို သုံးစားမရအောင် မထိရောက်မလည်ပတ်နိုင်တော့အောင် ဖျက်ဆီးပစ်ခဲ့ပါတယ်။ တရားရေး၊ အရပ်ဘက်အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ အင်စတီကျူးရှင်းများဟာ အသက်မဝင်နိုင်ဘဲ ဖွတ်ဖွတ်ကျေသွားပါတယ်။

အရင်ကျောင်းသားလှုပ်ရှားမှုများ ပေါ်ထွက်ရာ တက္ကသိုလ်၊ ကောလိပ်များဟာလည်း အောင်မြင်တဲ့ အင်စတီကျူးရှင်းတွေ ဖြစ်ခဲ့ပါတယ်။ သို့သော် စစ်တပ်ရဲ့ ဖျက်ဆီးမှုအောက်မှာ တစစီလွင့်ကြွေပြီး ကျောင်းသား လှုပ်ရှားမှုများ အားနည်းသွားခဲ့ပါတယ်။ မျိုးဆက်ဟောင်း ကျောင်းသားကြီးများက အမြဲဦးဆောင် တွန်းပေမယ့် အတန်ကြာ မရွေ့နိုင်အောင် ဖြစ်နေပါတယ်။

၂၀၀၇ စက်တင်ဘာမှာတော့ ဘယ်သူမှ ဘယ်နိုင်ငံရေးသမားမှ တွက်ဆမထားတဲ့ လက်သီးပုန်း သံဃာ့ အင်စတီကျူးရှင်းက စစ်တပ်ကို စိန်ခေါ်ခဲ့ပါတယ်။ ပခုက္ကူ ပရိယတ္တိ စာသင်တိုက်ကြီးက စလိုက်တဲ့ ဖြစ်ရပ်ဟာ ဘုရင်မင်းတို့ကို ဘာသာရေးကျဉ့်တဲ့ ကံဆောင်မှုတွေဖြစ်လာပြီး ရွှေဝါရောင်တော်လှန်ရေးကြီး အဖြစ် ကမ္ဘာကျော် ခဲ့ပါတယ်။

ရဟန်းပျိုများရဲ့ အချိန်တိုတိုအတွင်း ချိတ်ဆက်လှုပ်ရှားနိုင်မှု၊ စည်းကမ်းသေဝပ်မှုကို ကမ္ဘာ့အကြမ်း မဖတ်လှုပ်ရှားမှု (Nonviolence) သမိုင်းမှာ မော်ကွန်းထိုးရမှာပဲ ဖြစ်ပါတယ်။ လှုပ်ရှားတဲ့ ရဟန်းပျိုများရဲ့ နောက်ကွယ်မှာ အဓိက အခရာကျသူများကတော့ ပရိယတ္တိစာသင်တိုက်များက စာသင်စာချ ဆရာတော်များပဲ ဖြစ်ပါတယ်။

စာသင်စာချဆရာတော်များဟာ မဟာနာယကဆရာတော်ကြီးများနဲ့ မတူသလို ဓမ္မကထိက ဆရာတော်များနဲ့လည်း မတူတဲ့ သံဃာ့အာဇာနည်များပဲ ဖြစ်ပါတယ်။ ဆရာတော်များဟာ “လာဘ သက္ကာယ သိလောက” ဆိုတဲ့ လာဘ်လာဘပေါ်များမှု၊ ကျော်ဇောမှုတို့ကို အလျဉ်းရှောင်ရှားပြီး စာသင်သား ရဟန်းတပည့် များနဲ့သာ အမြဲထိတွေ့နေသူများဖြစ်ပါတယ်။ မိမိရသမျှ သင်္ကန်း၊ ဆေး၊ ဆွမ်း တို့ကို တပည့်ငယ်များကို ဝေမျှပြီး စံပြဝိနည်းကျင့်ကြံရင်း အနစ်နာခံ စာသင်ပို့ချပေးနေသူများ ဖြစ်ပါတယ်။ ဓမ္မနဲ့အဓမ္မကို ပိုင်းခြားပြနေသူများ ဖြစ်ပါတယ်။ အမှန်တရားအတွက် ရပ်ခံထားသူများ ဖြစ်ပါတယ်။ ဒကာ၊ ဒကာမ အခွေအရံနဲ့ မင်းမြှောင်များကို ရှုံ့ရှာတိုက်ဖျက်နေသူများ ဖြစ်ပါတယ်။

မြန်မာသံဃာ့အင်စတီကျူးရှင်းဟာ ဘယ်လိုဖိဖိ ပိပြားမသွားဘဲ စစ်အင်စတီကျူးရှင်းကို အံတုဖက်ပြိုင် မယ့် နောက်ဆုံးတော်လှန်ရေး အင်စတီကျူးရှင်းတခု ဖြစ်လာနိုင်ပါတယ်။ သို့သော် မြန်မာပြည် ဗုဒ္ဓသာသနာကိုယ်၌

မှာလည်း ပြုပြင်ပြောင်းလဲမှု (Reform)တွေ ဖြစ်လာပြီး ကျောင်းတော်နဲ့ နိုင်ငံတော် အကြား စည်းခြားမှု ဖြစ်လာနိုင်ကောင်းပါတယ်။ အနာဂါတ်သာသနာ တိုးတက်ဖို့က သံဃာ့ အင်စတီကျူးရှင်းဟာ အစိုးရအာဏာ စက်ကွင်းအောက်က လွတ် မလွတ် အပေါ် မူတည်ပါတယ်။

## (၆) နအဖရဲ့ တရားဝင်မှု

စက်တင်ဘာတော်လှန်ရေးဟာ ကျဆုံးခဲ့ပြီး အောင်မြင်မှု တစုံတရာ မချန်ရစ်နိုင်ဘူးလား။ ဒီလို မဟုတ်ပါ။ တစုံတရာ မကဘဲ အောင်မြင်မှုအတော်ကို ရခဲ့တယ်ဆိုရပါမယ်။ အဓိက အောင်မြင်မှုကတော့ နအဖ စစ်အစိုးရရဲ့ တရားဝင်မှု (Legitimacy) အရှိက်ကို အလစ်ထိုးလိုက်လို့ ကျဆင်းသွားစေခဲ့ပါတယ်။ စစ်အစိုးရရဲ့ မပြောင်းလဲလိုဘဲ ပိုနေမြဲကျားနေမြဲ နေလိုစိတ်ကို ဖျက်ပစ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အစိုးရတရပ်အတွက် တရားဝင်မှု (Legitimacy) ဟာ အရေးပါ အခရာကျလှပါတယ်။ တရားဝင်မှု ကိစ္စဟာ ယုတ်မာပြီး တရားလက်မဲ့ သွေးဆာနေတဲ့ အာဏာရှင်မျိုးတွေအတွက်တောင် အခရာ ကျပါတယ်။ **ရူးဆိုး** က ပြောဖူးတယ်။ "အင်အားအကြီးဆုံး ဆိုသူဟာ သူ့အင်အားကို မှန်ကန်မှုနဲ့ တာဝန်ဝတ္တရား နာခံဆောင်ရွက်မှုတို့အဖြစ် မပြောင်းနိုင်ခဲ့ရင် သူဟာ ဘယ်တော့မှ မာစတာတစ်ယောက်လို အမြဲရာသက်ပန် အားကြီးနေနိုင်မှာ မဟုတ်ဘူး" (The strongest is never strong enough to be always the master, unless the transforms strength into right and obedience into duty.)



ဆိုလိုချင်တာကတော့ အားကြီးရက်စက်လှတဲ့ အာဏာရှင်များဟာ မှန်ကန်မှု၊ တရားမျှတမှုနဲ့ တာဝန်သိမှုစတဲ့ တရားဝင်ခွင့် တွေဆီ အချိန်တန် ရွေ့လျားရမှာပဲ ဖြစ်ပါတယ်။ ဒါ့ထက် တရားဝင်မှု (Legitimacy) ဆိုတာက မှန်ကန်မှုနဲ့ တရားမျှတမှုတို့မျှ ဆိုလိုတာ မဟုတ်ပြန်သေးဘူး။ အစိုးရတရပ် တည်မြဲရပ်တည်နိုင်ခွင့်ဟာ ပြည်သူလူထုရဲ့ လက်ခံနိုင်ခွင့်၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အသိအမှတ်ပြုကျားကန်ပေးမှု စတာတွေအထိ ပါရှိပါတယ်။

ရှေးခေတ်က ဘုရင်များအတွက် တရားဝင်မှုအခွင့်ဟာ ရိုးရာထုံးတမ်းစဉ်လာ၊ နတ်ဘုရားတို့ရဲ့ တိုက်ရိုက်အာဏာအပ်နှင်းမှု စတဲ့ အကြောင်းပြချက်တွေနဲ့ ဖြစ်ပါတယ်။ မော်ဒန်ခေတ်မှာ အာဏာရှင်များဟာ သူတို့ရပ်တည်ဖို့ အမျိုးသားရေးဝါဒနဲ့ ဖက်ဆစ်၊ ကွန်မြူနစ်၊ ဆိုရှယ်လစ် စတဲ့ အိုင်ဒီအိုလော်ဂျီများကို တရားဝင်ခွင့် ယူကြပါတယ်။ ဗိုလ်ချုပ်နေဝင်းအစိုးရဟာ ပြည်တွင်းစစ် ရပ်စဲရေးနဲ့ ပြည်နယ်တွေ ခွဲမထွက်ရေးဆိုတဲ့ ပြည်ထောင်စု မပြိုကွဲရေး

ဆိုင်းဘုတ်၊ နောက် ဆိုရှယ်လစ်ဆိုင်းဘုတ်နဲ့ တရားဝင်ခွင့်ယူခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ နဝတ၊ နအဖ စစ်အစိုးရဟာလည်း အလားတူ ပြည်ထောင်စု မပြိုကွဲရေးနဲ့ အချုပ်အချာ အာဏာတည်တံ့ရေး ခေါင်းစဉ်နဲ့ပဲ နှစ်နှစ်ဆယ် တည်ရှိနေတာ ဖြစ်ပါတယ်။

စစ်အစိုးရကို နောက်ထပ် တရား ဝင်ခွင့် (Legitimacy) ပေးနေတာက ကနေ့ ထိ နိုင်ငံတကာဆက်ဆံရေးမှာ မပြောင်းလဲနိုင် သေးတဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတနိုင်ငံ ကို ဝင်ရောက် မစွက်ဖက်နိုင်တဲ့မူ ဖြစ်ပါတယ်။ နောက်အာဆီယံ၊ တရုတ်၊ အိန္ဒိယ စတဲ့ အိမ်နီး ချင်းနိုင်ငံများရဲ့ အကျိုးစီးပွားရှေ့ရှုမှုက ပေးထားတဲ့ တရားဝင်မှုပဲ ဖြစ်ပါတယ်။

စက်တင်ဘာ ရွှေဝါရောင် တော် လှန်ရေးဟာ နအဖ ရရှိထားတဲ့ အရေခြုံတရား ဝင်ခွင့်တွေကို အများကြီး ဆွဲခွာချနိုင်ခဲ့ပါတယ်။ အာဆီယံအပါအဝင် နိုင်ငံတကာ ဖိအားတွေ ပိုပြီးရခဲ့ပါတယ်။ အထူးသဖြင့် သံဃာထုအပေါ် တဖက်သတ် ရက်ရက်စက်စက် ဖြိုခွင်းမှုကြောင့် စစ်တပ်အပေါ် လက်ခံတဲ့ ပြည်သူလူထု အမြင် ဟာ သုညနီးပါး ထိုးစိုက် ကျဆင်းသွားပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက အပြောင်းအလဲ အဖြေတခုကို မဖြစ်မနေ ဖော်ဆောင်ပေးဖို့ နအဖ ကို တောင်းဆိုလာပါတယ်။

နအဖရဲ့ တုန့်ပြန်မှုက လမ်းပြ မြေပုံ အဆင့် (၁)ကနေ အဆင့်(၄)ကို ခုန် ကျော်ပြီး သူတို့ရဲ့ တဖက်သတ် အခြေခံဥပဒေ အတည်ပြုရေးနဲ့ ထွက်ပေါက်ရှာပါတယ်။ နာဂစ်မုန်တိုင်းနဲ့ တိုင်းပြည် အကျပ်အတည်း

**သံဃာထုအပေါ် တဖက်သတ် ရက်ရက်စက်စက် ဖြိုခွင်းမှုကြောင့် စစ်တပ်အပေါ် လက်ခံတဲ့ ပြည်သူလူထု အမြင်ဟာ သုညနီးပါး ထိုးစိုက်ကျဆင်း သွားပါတယ်**

ဆိုက်နေချိန်မှာ ၉၂ ရာနှုန်းနဲ့ အခြေခံဥပဒေကို အတည်ပြုလိုက်ပါ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခြေခံဥပဒေသစ်ဟာ သူတို့အတွက် တရားဝင်ခွင့်ထက် စက္ကူစုတ်ဖြစ်ဖို့က ပိုကျိန်းသေလာပါလိမ့်မယ်။

စစ်အစိုးရဟာ စစ်အတွေး တွေးပြီး တရားတာ မတရား တာ အပထား အလစ်အငိုက် ခြုံခိုတိုက်ပြီး အောင်ပွဲ ခံတတ် တဲ့၊ ခေါင်းမာတဲ့၊ အရှုံးမပေးချင်တဲ့ ဉာဉ် ရှိပါတယ်။ သို့သော် သူတို့ရင်ဆိုင်ချေမှုန်းနေတဲ့ ရန်သူဟာ NLD၊ နိုင်ငံရေး သမားနဲ့ ကျောင်းသားမျှ မဟုတ်တော့ဘူး၊ သူတို့ ရန်သူလို့ သဘောထားနေသူဟာ သံဃာထုနဲ့ ပြည်သူလူထု ဖြစ်လာနေ တယ်။ စီးပွားရေး စီမံခန့်ခွဲမှု မတတ်မှုကြောင့် တိုင်းပြည် ချွတ်ခြုံ ကျပြီး အငတ်ဘေးဆိုက်လာနေတယ်။ ဒါတွေကိုက စစ်တပ် အတွက် အက်ကြောင်းနဲ့ တရားဝင်ခွင့် ကျဆုံးမှုတွေ ဖြစ်ပါတယ်။

## (၇) ရွေးကောက်ပွဲနဲ့ တတိယပါတီ

ဒီမိုကရေစီစနစ်မှာ အစိုးရတွေဟာ ရွေးကောက်ပွဲ ဝင်ပြိုင်ပြီး မိမိကိုယ်ကို အသစ်ပြန်သရင်း (Self-renewal) ပြုပြင် ပြောင်းလဲမှု လုပ်ရပါတယ်။ အာဏာရှင်တွေကျတော့ သူတို့ အကြောက်ဆုံးအရာက အဲ့ဒီ မိမိအာဏာကို အသစ်ပြောင်း လုပ် ကိုင်ရမှာကိုပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲ နောက်တခုကနေ

အာဏာကို ဆက်ကိုင်တွယ်မယ်လို့ နအဖ က မဟာဗျူဟာချ လုပ်နေပေမယ့် သူတို့တကယ်တန်းကြောက်တာက စစ်ဘောင်းဘီချွတ်ပြီး ရွေးကောက်ပွဲဝင်ရမှာကိုပဲ ဖြစ်ပါတယ်။ ဘာကြောင့် ကြောက်ကြသလဲဆိုရင် ရွေးကောက်ပွဲ ဆိုတာက အာဏာရှင်စနစ်ရဲ့ လုပ်ငန်းကိစ္စမဟုတ်ဘဲ ဒီမိုကရေစီရဲ့ အင်္ဂါရပ်နဲ့ ဗဟိုချက်မ ဖြစ်နေလို့ပါပဲ။

၁၉၇၀ ကနေ ၂၀၀၀ – ခုနှစ်အထိ ဒီမိုကရေစီ ကူးပြောင်းလာတဲ့ နိုင်ငံ (၃၅)နိုင်ငံရဲ့ အတွေ့အကြုံအရ ဆိုရင် ရွေးကောက်ပွဲတွေဟာ အာဏာရှင်စနစ်ရဲ့ နိဂုံးချုပ်မှု အစတွေ ဖြစ်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဏာရှင်များဟာ ရွေးကောက်ပွဲမှာ ညစ်ပတ်မယ်၊ မဲလိမ်မယ်၊ အကြမ်းဖက်မယ်၊ ရလာဒ်ကို ခေါက်ထားမယ် ဆိုတာကတော့ သေချာပါတယ်။ သို့သော် အတိုက်အခံတွေကပဲ အံ့သြစရာကောင်းလောက်အောင် မဲအပြတ်အသတ် အနိုင်ရသွားကာ ဒီမိုကရေစီကူးပြောင်းစ နိုင်ငံတိုင်းလိုလိုမှာ ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးအင်အားစုများက ပုံမှန်ဆက်လှုပ်ရှားနေရမှာ ဖြစ်သလို နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေဘက်ကလည်း အာဏာနဲ့ နီးစပ်အောင် ပုံစံအမျိုးမျိုးနဲ့ ဆက်ကစားရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရက်တိုက်ဖေးရှင်း ဖြစ်စဉ် ဆိုတာကို မမေ့ဖို့ဘဲလိုပါတယ်။

မြန်မာ့ဒီမိုကရက်တိုက်ဖေးရှင်းမှာ လိုအပ်နေတာတခုက နှစ်ဘက်အပေါ်သြဇာ သိက္ခာကြီးမားတဲ့ တတိယပါတီအုပ်စုပဲ ဖြစ်ပါတယ်။ တတိယပါတီအုပ်စုဟာ ကုလသမဂ္ဂကိုယ်စားလှယ်၊ အာဆီယံနဲ့ တရုတ်၊ (၁၄) နိုင်ငံအဖွဲ့ စတာတွေနဲ့လည်း မထိရောက်နိုင်ပါဘူး။ ပြည်တွင်းပြည်ပ အယောင်ဆောင်အချောင်သမား ပညာရှင်တွေ ကိုလည်း နအဖ က ဂရုမစိုက်ပါဘူး။ ပြည်တွင်းကပဲ ထွက်ပေါ်လာမယ့် ပုဂ္ဂိုလ်အဖွဲ့အစည်းမျိုးသာ ပိုလိုအပ်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးအဖွဲ့မျိုးပါပဲ။

စက်တင်ဘာက မွေးဖွားလာတဲ့ သံဃာ့အဖွဲ့အစည်းများဟာ အစိုးရနဲ့ အတိုက်အခံအကြား ရွေ့အောင်တွန်းအားပေးနိုင်မယ့် တော်လှန်ရေးအင်အားစုမျိုး ဖြစ်သလို တတိယပါတီ အုပ်စုမျိုးလည်း ဖြစ်ပါတယ်။ ရဟန်း သံဃာများဟာ အာဏာကိစ္စနဲ့ လုံးဝမပတ်သက်ဘဲ ပြည်သူ့အရေးသက်သက်အတွက် ဝင်ရောက်လှုပ်ရှားလာတဲ့ အင်စတီကျူးရှင်းတခု ဖြစ်ပါတယ်။ ရဟန်းပျိုများအတွက် လိုအပ်နေတာက အမြော်အမြင်ရှိပြီး သီလသိက္ခာကြီးမားတဲ့ ဆရာတော်ကြီးများကို ပါအောင် စည်းရုံးနိုင်ပြီး သံဃာ့မဟာနာယကကို ချိန်နဲ့သွားအောင် လုပ်ဆောင်ဖို့ပါပဲ။ ဒါဟာ မြန်မာပြည်အတွက် အကြမ်းမဖက်တဲ့ ကတ္တီပါ တော်လှန်ရေး လမ်းစတခုပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ရွှေဝါရောင်တော်လှန်ရေးဟာ ပြီးဆုံးမသွားသေးပါဘူး။ ချေဂွေဗားရားက ဖီဒရယ် ကပ်စထရိုကို နှုတ်ဆက်ပြောကြားတဲ့ စကားလေးနဲ့ပဲ နိဂုံးချုပ်ချင်ပါတယ်။ "ဖီဒရယ်ကို ပြောလိုက်ပါ ဒီဆုံးရှုံးမှုဟာ တော်လှန်ရေးပြီးသွားတာ မဟုတ်ဘူးလို့" (Tell the Federal that this failure is not the end of the Revolution.)

**အရှင်လာဘ**




လူယုတ်မာဆိုတဲ့စကားလုံးကို အားလုံးကြားဖူးကြပြီးသားပါ။ လူသုံးလည်း တော်တော်ကျယ်ပြန့်ပါတယ်။ ဒါပေမယ့် ဘယ်လိုလူမျိုးကို လူယုတ်မာလို့ ခေါ်တယ်ဆိုတာ တိတိကျကျသိဖို့တော့ လိုပါမယ်။ ဒီအကြောင်းကို စဥ်းစားမိရင်းက ကျွန်တော်တို့ တိုင်းပြည်မှာ တွေ့ကြုံဖြစ်ပျက်နေတာတွေနဲ့ နှိုင်းယှဥ်ပြီး သတိထားမိလာပါတယ်။

ကမ္ဘာ့ထိပ်တန်း ဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံက အုပ်ချုပ်သူတွေဟာ အကြီးမားဆုံး ဘာသာတရားကို စော်ကားတဲ့ လုပ်ရပ်ကြီးကို လုပ်ခဲ့တယ်။ ၂၀၀၇ – ခုနှစ် စက်တင်ဘာလ ရွှေဝါရောင်တော်လှန်ရေးလို့ ခေါ်တဲ့ ဝိနည်းတော်နဲ့အညီ သံဃာတော်များရဲ့ ပတ္တနိက္ကုဇ္ဇန ကံဆောင်ပွဲကို စစ်အာဏာရှင်များက ရက်ရက်စက်စက် သတ်ဖြတ်၊ ဖမ်းဆီး၊ လူဝတ်လဲ ထောင်ချခဲ့ကြတယ်။ ဘုန်းတော်ကြီးကျောင်းများကိုလည်း ဝင်ရောက်ဖျက်ဆီးပြီး ချိတ်ပိတ်ခဲ့ပါသေးတယ်။

ဒီအဖြစ်အပျက်မှာ သံဃာတော်များဘက်က ဓမ္မနဲ့အညီ မေတ္တာတရား ရှေ့ထားခဲ့ပေမယ့် စစ်အာဏာရှင်တွေကတော့ အမုန်းတရားနဲ့ ဒေါသတကြီး တုံ့ပြန်လိုက်တာ ပြန်ပြောရ ပြန်တွေးကြည့်ရမှာတောင် ကြက်သီးထမိပါတယ်။ ပြီးတော့ ခလုတ်ထိမှ အမိတ ဆိုသလို မြတ်စွာဘုရားရှင်ရဲ့ တရားတစ်ပုဒ်ကို သတိရလိုက်မိပါတယ်။

**သုတ္တနိပါတ၊ ဥရဂဝဂ်ရဲ့ ၇ ခုမြောက် သုတ်ဖြစ်တဲ့ ဝသလ သုတ္တန် တရားပါ။ ဝသလ** ဆိုတာ သူယုတ်(ဝါ) လူယုတ်မာကို ခေါ်တာပါ။ သူယုတ်(ဝါ) လူယုတ်မာဖြစ် စေတဲ့တရား ၃၂ – ပါးကို ဟောထားပါတယ်။

အဂ္ဂိကဘာရဒွါဇဆိုတဲ့ ပုဏ္ဏားက မြတ်စွာဘုရားရှင်ကိုတွေ့တော့ ဟဲ့သူယုတ်ဆိုပြီး သုံးခွန်းသောစကားနဲ့ ဆဲရေးတယ်တဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားရှင်က အပြစ်မမြင်ဘဲ မေတ္တာနဲ့ ယှဥ်ပြီးတော့ 'အသင်ပုဏ္ဏား ဘယ်လိုလူကို သူယုတ်(ဝါ) လူယုတ်မာလို့ခေါ်သလဲ။ လူယုတ်မာဖြစ်စေတဲ့ တရားတွေကို သိသလား'လို့ မေးပြီးတော့ အဲဒီတရားကို ဟောခဲ့တာပါ။ အဲဒီတရားတော်ထဲမှာ …

**ကောဓနော ဥပနာဟီ စ၊ ပါပမက္ခီ စ ယော နရော။**
**ဝိပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ။**

'ပုဏ္ဏား - အမျက်ထွက်လေ့ရှိသူ။ ရန်ငြိုးဖွဲ့လေ့ရှိသူ။ ယုတ်မာတဲ့စိတ်ကြောင့် သူတစ်ပါးရဲ့ ကျေးဇူးတရားကို ချေဖျက်တတ်သူ။ လွဲမှားသော အယူရှိသူ။ မိမိရဲ့အပြစ်ကို ဖုံးလွှမ်းတတ်သူ။ အကြင်သူကို လူယုတ်မာဟူ၍ သိအပ်၏' တဲ့။

ဒီလိုဆို အမှန်တရားကို ဖော်ထုတ်ရင် ဒေါသတကြီးနဲ့ တုန့်ပြန်တတ်တဲ့ န-အ-ဖ။ သူတို့ရဲ့ လမ်းစဉ်ကို လက်ညှိုးထောင် ခေါင်းညိမ့်မလုပ်ရင် ရန်ညှိုးဖွဲ့ အပြစ်ရှာဖမ်းဆီးတတ်တဲ့ န-အ-ဖ။ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ကို အသုံးချပြီး ဗိုလ်ချုပ်အသက်နဲ့ရင်း ရယူပေးခဲ့တဲ့ လွတ်လပ်ရေးရဲ့ အရသာကို အခန့်သား ခွထိုင်ပြီး ကျေးဇူးတရားကို ချေဖျက်နေတဲ့ န-အ-ဖ။ သာသနာတော်ဟာ ဆုတ်ကပ်ထဲရောက်လာလို့ ရတနာသုံးပါးကို တိုးပြီး ကိုးကွယ်နေကြချိန်မှာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို ရက်ရက်စက်စက် သတ်ဖြတ်ရဲတဲ့ မိစ္ဆာဒိဋ္ဌိ န-အ-ဖ။ မိမိတို့အပြစ်ကို သူတပါးမမြင်အောင် အတိုက်အခံအင်အားစုတွေကို အကြောင်းအမျိုးမျိုးရှာ ပြောင်လိမ်ပြီး မတရား စွပ်စွဲတတ်တဲ့ န-အ-ဖ။ ဒီလိုလူတွေမှ လူယုတ်မာမဟုတ်ရင် လောကမှာ လူယုတ်မာဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး။



နောက်တစ်ဂါထာက

**ဧကဇံ ဝါ ဒွိဇံ ဝါပိ၊ ယောဓ ပါဏံ ဝိဟိံသတိ။**

**ယဿ ပါဏေ ဒယာ နတ္ထိ၊ တံ ဇညာ ဝသလော ဣတိ။**

'ပုဏ္ဏား - တစ်ကြိမ်သာ သားဖွားရသော သတ္တဝါကို လည်းကောင်း၊ နှစ်ကြိမ်သားဖွားရသော သတ္တဝါကိုလည်းကောင်း၊ ညှင်းပန်းနှိပ်စက် သတ်ဖြတ်တတ်၏။ အကြင်သတ္တဝါတို့၌ သနားခြင်း မရှိ။ ထိုသူကို သူယုတ်(ဝါ) လူယုတ်မာ ဟူ၍ သိအပ်၏' တဲ့။

ရှစ်လေးလုံး အရေးတော်ပုံကာလကတည်းက လက်နက်ဆို အပ်တိုတစ်ချောင်းတောင် မပါဘဲ စာသင်ခန်းထဲကနေ လမ်းမပေါ် ထွက်လာကြတဲ့ ပြည်သူ့ရဲ့သား လူမမယ် ကျောင်းသားလေးတွေကို ရက်ရက်စက်စက် ပစ်သတ်ခဲ့တာ . . .

စစ်အာဏာသိမ်းပြီး နောက်ပိုင်းမှာလည်း ကျောင်းသားတွေ၊ အသက်ကြီးဝါကြီး ပုဂ္ဂိုလ်တွေ၊ နာမကျန်းဖြစ်နေတဲ့ သူတွေကိုတောင် ညှာတာခြင်းမရှိဘဲ စစ်ခုံရုံးတွေဖွဲ့ပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့တာ . . .

နောက်ဆုံး ရွှေဝါရောင်တော်လှန်ရေးမှာ တိုင်းပြည်ရဲ့ တံခွန်လို့ခေါ်တဲ့ ရဟန်းသံဃာတွေကို ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်ခဲ့တာ . . . .

ဒါတွေကို ပြန်တွေးကြည့်မယ်ဆိုရင် န-အ-ဖ စစ်အာဏာရှင်တွေကို

လူယုတ်မာတွေလို့ခေါ်တာ လွန်တယ်လို့ မထင်မိပါဘူး။

နောက် တစ်ဂါထာ ဖော်ပြချင်ပါသေးတယ်။ ဘာလဲဆိုတော့-

**ယော ဗုဒ္ဓံ ပရိ ဘာသတိ၊ အထ ဝါ တဿ သာဝကံ။**

**ပရိဗ္ဗာဇံ ဂဟဋ္ဌံ ဝါ၊ တံ ဇညာ ဝသလော ဣတိ။**

အဓိပ္ပါယ်က 'အကြင်သူသည် မြတ်စွာဘုရားရှင်ကိုသော်လည်းကောင်း၊ ထိုမြတ်စွာဘုရားရှင်၏ တပည့်သား သံဃာကိုသော်လည်းကောင်း၊ အကျိုးမဲ့ ကဲ့ရဲ့သောစကားကို ပြောကြား၏။ ထိုသူကို သူယုတ်(ဝါ) လူယုတ်မာဟု သိအပ်၏' တဲ့။

အခု စစ်အာဏာရှင်တွေကတော့ မြတ်စွာဘုရားရဲ့ဗိုက်ကိုလည်း ဖောက်ရဲပါတယ်။ ဘုရားရှင်ရဲ့ တပည့်သား သံဃာတွေကိုလည်း သတ်ဖြတ်၊ ရိုက်နှက်၊ ဖမ်းဆီး၊ ထောင်ချရဲပါတယ်။၂၀၀၈-၃ မေလ ဆန္ဒခံယူပွဲ ကာလအတွင်းမှာတောင် လုံထိန်းတွေကို လိမ္မော်သီးရိုက်နည်းသင်တန်းဆိုပြီး သီးသန့် သင်တန်းတောင် ပေးခဲ့ပါတယ်။ လိမ္မော်သီးဆိုတာ သံဃာတော်များကို ရည်ညွှန်းတာပါ။

ဒီလောက်ကို အစီအစဉ်တကျ ယုတ်မာတတ်တာ န-အ-ဖ စစ်အာဏာရှင်တွေပဲ ရှိပါတယ်။ ဒီလိုဆို ဘုရားရှင်ရဲ့ တရားတော်နဲ့အညီ ပြောရရင် န-အ-ဖ စစ်အာဏာရှင်တွေလောက် ယုတ်မာတဲ့သူ ဘယ်မှာမှ မရှိနိုင်ပါဘူး။ ဒီလို လူယုတ်မာတွေ ကြီးစိုးတဲ့ တိုင်းပြည်ဟာ ဘယ်မှာလာပြီး အေးချမ်းသာယာနိုင်ပါ့မလဲ။ တိုင်းပြည်ရဲ့ တံခွန်လို့ခေါ်တဲ့ ရဟန်း၊ သံဃာတွေကို သတ်ဖြတ်ဖျက်ဆီးခဲ့လို့ တိုင်းပြည်ဟာ တံခွန်ကင်းမဲ့နေပြီး ကမ္ဘာ့အလယ်မှာ မတင့်တယ်နိုင်တော့တာ အမှန်ပါပဲ။ စစ်အာဏာရှင်ကြီးများ အနေဖြင့်လည်း မိမိတို့ရဲ့ လုပ်ရပ်ကို ပြန်ဆန်းစစ်ဖို့ လိုပါပြီ။ အာဏာရမ္မက် မူးရစ်ပြီး ဆက်လက် ရမ်းကားနေဦးမယ်ဆိုရင် တိုင်းပြည်လည်း အကျိုးမဲ့၊ ပြည်သူများလည်း ဆင်းရဲတွင်း နက်သထက်နက်ကာ မိမိတို့အတွက်မှာလည်း ပစ္စုပ္ပန်မှာရော နောင်သံသရာအတွက်ပါ အခက်ကြုံတွေ့ ကြရလိမ့်မယ်ဆိုတာကို သတိပေးလိုက်ပါရစေ။ ကိုယ့်ကိုကိုယ်ကြည့်မှ အမှန်ကို သိမှာပါ။

လောကကြီးမှာ ရယ်စရာကောင်းတဲ့ အရူးနဲ့တူတဲ့လူ သုံးဦးရှိတယ်ဆိုတာကို ဖော်ပြထားတဲ့ မဃဒေဝ လင်္ကာသစ်၊ ပုတ္တောဝါဒ ခန်းထဲက လင်္ကာလေးတစ်ပိုဒ်ကို သတိရစေခြင်လို့ ထုတ်ပြလိုက်ပါတယ်။

- မိမိကိုယ်ကို၊ အလိုရှိရာ၊ ငါပြုနိုင်စွ၊ အစိုးရဟု၊ မှတ်ကြသူဝယ်၊ သေမင်းရယ်၏။
- အကယ်မာန်ကိုး၊ မြေနှင့် မိုးကို၊ အုပ်စိုးရသူ၊ ငါလျှင်ဟူ၍၊ မှတ်ယူမင်းဝယ်၊ မြေကြီးရယ်၏။
- သက်လုယ်နထွား၊ ငါ့မယားက၊ ဖွားသည့်သည်းချာ၊ ငါ့သားသာဟု၊ မှတ်ရှာသူဝယ်၊ မယားရယ်၏၊
- ရယ်ဖွယ်အထူး၊ လူသုံးဦးကို၊ အရူးတမျှ၊ နိမိတ်ပြရှင့်။ ။

ဒီလင်္ကာလေးကို ဖတ်ကြည့်လိုက်ရင် န-အ-ဖ စစ်အာဏာရှင်ကြီးများဟာ ဘယ်လိုလူစားတွေဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်ရ သိရ လောက်ပါပြီ။ ဒါကြောင့် တိုင်းပြည်ကို ဖိနှိပ်ကျွန်ပြုနေတဲ့ န-အ-ဖ ဆိုတဲ့ လူယုတ်မာ အရူးကြီးတွေကို ဘုရားရှင်ရဲ့သား သံဃာတော်များနဲ့ ကျောင်းသား၊ ပြည်သူများက လက်တွဲပြီး တော်လှန်နေချိန်မှာ တပ်မတော်သားများကလည်း မျက်စေ့မှိတ်၊ နားပိတ် မနေကြဘဲ သားသုံးသားရဲ့အားနဲ့ အာဏာရှင်ကို တွန်းလှန်ကာ အောင်ပွဲခံကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**ဒဂုံပဏ္ဍိတ်**

# မဃဒေဝလင်္ကာသစ် နှင့်တိုက်တွန်းပန်ကြားချက်

**– မင်းလျှင်မလ္လာခိုင်၊ မင်းမခိုင်သော်၊ ယိမ်းယိုင်ပြည်ကြီး၊ ပျက်စီးချောက်ချား၊**
**ယှားပါးမိုဃ်းလေ၊ စာရေမွှတ်ငတ်၊ ဥပါဒ်လူပေါင်း၊ ထောင်းထောင်းကြေညက်၊**
**နတ်များမျက်၍၊ လက်နက်ညွှန်သဲ၊ ကျောက်ခဲမီးမိုဃ်း၊ ချရွာတိုးလျှက်၊**
**ကျိုးမဲ့ကုန်အောင်၊ တိုင်းလုံးလောင်ရှင့်။ --- ။**

**မဃဒေဝလင်္ကာသစ်၊ ပုဏ္ဏောဝါဒခန်း၊ ပိုဒ်ရေ – ၂၇၈**

ဒီစာပိုဒ်ကလေးဟာ မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဟာသုတကာရီ **မဃဒေဝလင်္ကာ** သစ်ထဲမှာ ပါတာပါ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီစာလေးကို ဖတ်မိတော့ ဒို့တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေ ရင်ဆိုင်နေကြရတဲ့ အခက်အခဲတွေကို သတိရမိပါတယ်။

အရင်းစစ်တော့ အမြစ်မြေကဆိုသလို ဖြစ်ပျက်သွားခဲ့ရတဲ့ အတိတ်ဆိုးတွေဟာ တိုင်းပြည်ကို မတရား အုပ်ချုပ်ပြီး ကိုယ့်အာဏာ တည်မြဲရေးအတွက်သာ လုံ့လပြုနေတဲ့ စစ်အာဏာရှင်တွေကြောင့်ဆိုတာကို ဒီစာပိုဒ်လေး က ပြောနေသလိုပါပဲ။ ဓမ္မမှန်းမသိ၊ အဓမ္မမှန်းမသိ။ ဘုရားမှန်း၊ တရားမှန်း မသိ။ မလုပ်သင့်တာတွေ လုပ်ခဲ့လို့ အဲဒီအကျိုးဆက်တွေကို ပြည်သူတွေအကုန်လုံး ခါးစည်းပြီး ခံနေကြရတာပါ။

မြန်မာပြည်မှာ ကြုံတွေ့နေကြရတဲ့ အခက်အခဲတွေ၊ ဆင်းရဲဒုက္ခတွေဟာ နာဂစ်ကြောင့်လည်း မဟုတ် ပါဘူး။ နိုင်ငံတကာကြောင့်လည်း မဟုတ်ပါဘူး။ စစ်အာဏာရှင်တွေကြောင့် ဆိုတာကို ပြည်သူတွေအားလုံးက နားလည်ကြပါ။

နားလည်ကြပြီးတော့ ဒီလူယုတ်မာတွေရဲ့ လက်အောက်ကနေ အမြန်ဆုံး တော်လှန်ရုန်းထွက်နိုင် ကြဖို့ န–အ–ဖ ရဲ့ လုပ်ရပ်မှန်သမျှကို ရဲရဲဝံ့ဝံ့နဲ့ ဆန့်ကျင်ကြပါ။ ညီညီညွတ်ညွတ်နဲ့ ဆုံးဖြတ်ချက်ချ တိုက်ပွဲဝင် ကြပါလို့ တိုက်တွန်းပန်ကြားချင်ပါတယ်။

**ရှင်သုမန**

စက်တင်ဘာကို မမေ့ကြနဲ့





# စက်တင်ဘာ ရွှေဝါရောင်၏ မှတ်တမ်းပုံရိပ်များ






မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂများအဖွဲ့



































RESTRICTED AREA


MIKKO









**သေနာပတိ၊ မတ်ဘုန်းယိုကား၊ ပြည်ကြီးဥကင်း၊ သီတင်းကျင့်မွန်၊ ဂုဏာဝန်နှင့်၊ သီလဝန်မည်၊ မဟာထေရ်ကား၊ တိုင်းပြည့်တံခွန်၊ ဒေဝပိဋ္ဌကတ်၊ တတ်မှတ်ကျော်ထိတ်၊ ပရောဟိတ်ကား၊ အတိတ် နာဂတ်၊ ဆုံးဖြတ်မြင်သိ၊ ပြည့်မျက်စိတည့်၊ ထိုပြီးတခြား၊ တိုင်းတပါးသို့၊ ရောက်သွားဝင်ထွက်၊ လျှို့ဝှက်ထဲသုံ၊ သူ့အကြံကို၊ နာခံထိုထို၊ ကြားကြောင်းဆိုသည့်၊ သူလျှိုယောကျ်ား၊ သူကောင်းသား ကား၊ ပြည့်နားမည်ယို၊ ဇာတိမန္တ္တ၊ ရဲသူရနှင့်၊ ဝံသမဟာ၊ ဂုဏ်ဝါသဂီ၊ ရွှေစံမှီသို့ မင်းညီမင်းသား၊ ဆွေတော်များမူ၊ ပြည်သွားပြည်စွယ်၊ တင့်တယ်ရောင်ညီး၊ ရှုမညီးသား၊ သမီးကညာ၊ ရတနာကား၊ ကြော်ငြာသတင်း၊ တပြည်ချင်းအောင်၊ ကျော်ခြင်းထွန်းစည်၊ ဝင်းထိန်မှည့်သား၊ ရွှေပြည့်မျက်နှာ၊ မဟာဂဟပတိ၊ သေဋ္ဌိရတနာ၊ ဥစ္စာပေါယယ်၊ ငွေးသူကြွယ်ကို၊ ပြည့်ဝမ်းဆိုရှင့်၊ ရဲဗိုလ်မှူးထမ်း၊ ရဲးစွမ်းသတ္တိ၊ အထူးယိုသား၊ ဟတ္ထိအဿ၊ ထိုမျှတထွေ၊ ပြည့်ခြေခေါ်ရိုး၊ လက်နက်မျိုးမှာ၊ ပြည့်ရွာ ၏လက်၊ စဉ်မပျက်ဖြင့်၊ ပြိုးပြတ်နဝရတ်၊ တိုးချက်မှတ်သား၊ မွန်မြတ်ဥစ္စာ၊ ရတနာတည့်။ ။**

**မဃဒေဝလင်္ကာသစ်၊ ပုဏ္ဏောဝါဒခန်း၊ ပိုဒ်ရေ–၁၈၀**

မြန်မာနိုင်ငံရဲ့ တံခွန်လို့ခေါ်တဲ့ ရဟန်းသံဃာတော်များ လမ်းမပေါ် ထွက်ခဲ့ကြပါတယ်။ သံဃာတော်များ ဘာကြောင့် ဒီလိုလမ်းမပေါ်ကို ထွက်လာခဲ့ကြရပါသလဲ။ တစ်ခုတည်းသော အဖြေကတော့ နည်းမျိုးစုံနဲ့ ဖိနှိပ်အနိုင်ကျင့်နေတဲ့ န–အ–ဖ စစ်အာဏာရှင်များ လက်အောက်ကနေ ရုန်းထွက်ကြဖို့ပါပဲ။

# ရွှေဝါရောင်တော်လှန်ရေးကို ဆန်းစစ်ခြင်း



ကိုရင်မြ

တနည်းအားဖြင့် စစ်အာဏာရှင်များရဲ့ တိုင်းပြည်အပေါ် အဓမ္မဝါဒနဲ့ ကြီးစိုးနေမှုကို မြတ်စွာဘုရားရှင်ရဲ့ တပည့်သား သံဃာတော်များက ဓမ္မဆိုတဲ့ တရားနဲ့ တွန်းလှန်ခဲ့တဲ့ ရွှေဝါရောင် ဒီလိုင်းများပါပဲ။ ဒီရွှေဝါရောင် တော်လှန်ရေးလို့ ခေါ်တဲ့ သံဃာတော်များ ဦးဆောင်တဲ့ လူထုလှုပ်ရှားအပေါ် နည်းနည်းလောက် ပြန်ဆန်းစစ်ကြည့်ချင်ပါတယ်။ သည်လို ဆန်းစစ်ကြည့်မှုလည်း ဦးဇင်းတို့ ကောက်ချက်တစ်ခုကို ချနိုင်မှာပါ။ ဒီကောက်ချက်ဟာ ဦးဇင်းတို့ ရှေ့ဆက် ချီတက်ရမယ့် တော်လှန်ရေးခရီးအတွက် အထောက်အကူ ပြုနိုင်ပါလိမ့်မယ်။

## ရွှေဝါရောင်တော်လှန်ရေးကြီး ဘာကြောင့်ပေါ်ပေါက်ခဲ့ရပါသလဲ

ဒီအတွက် အဖြေက တော်တော်လေးပြောမှ ပြည့်စုံမှာပါ။ ဒါကြောင့် လတ်တလော အခြေအနေတွေကိုပဲ အဓိကထား သုံးသပ်ကြည့်ပါရစေ။ အရင်ဆုံး စစ်အုပ်ချုပ်ရေးစနစ်ကို သုံးသပ်ကြည့်မယ်ဆိုရင် န-အ-ဖ ဟာ သပ်လျှိုသွေးခွဲတဲ့ စနစ်ကို တွင်တွင် ကျယ်ကျယ်ကြီး အသုံးပြုနေတာ တွေ့ရပါတယ်။ ကြံ့ဖွံ့၊ စွမ်းအားရှင်တွေကို လုပ်ပိုင်ခွင့်အာဏာတွေပေးပြီး ပြည်သူတွေနဲ့ သွေးခွဲ အုပ်ချုပ်ခဲ့သလိုပဲ နိုင်ငံတော် သံဃာ့မဟာနာယကက ဆရာတော်များနဲ့ အောက်ခြေသံဃာတော်များကိုလည်း နည်းအမျိုးမျိုးနဲ့ သွေးခွဲ အုပ်ချုပ်ခဲ့ပါတယ်။

ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုရင် မြန်မာပြည်သူ ပြည်သားတွေရဲ့ အပေါ်မှာ သံဃာထုရဲ့ ဩဇာကြီးမားတာကို သိသလို သံဃာထု အနေနဲ့ နိုင်ငံရေးလောကထဲ ပါဝင်လာမှာကိုလည်း ကြောက်ရွံ့နေပါတယ်။ ဒါကြောင့် ပြည်သူတွေနဲ့ အလှမ်းဝေးတဲ့ မ-ဟ-န ဆရာတော်များကို အမျိုးမျိုးချဉ်းကပ်စည်းရုံးပြီး အောက်ခြေသံဃာတော်များအပေါ် ဝိနည်းဖြင့်လည်းကောင်း၊ တည်ဆဲဥပဒေများဖြင့်လည်းကောင်း နည်းမျိုးစုံသုံးကာ ဖိနှိပ်ခြင်းဖြင့် သံဃာထုကို သွေးခွဲခဲ့ပါတယ်။ ဒါဟာ သံဃာကိုသင်းခွဲခြင်းဆိုတဲ့ **သံဃဘေဒက** ကံကို ကျူးလွန် လိုက်တာပါပဲ။ ဒေဝဒတ် လက်သစ်များလို့ ဆိုရမှာပါ။ ဒီအချက်ဟာ ရွှေဝါရောင်တော်လှန်ရေးကြီးကို သန္ဓေတည်စေခဲ့တဲ့ အချက်ပါ။

လတ်တလောကိစ္စကတော့ ၂၀၀၇ - ခု ဩဂုတ်လ ၁၉ - ရက်မှာ လောင်စာဆီဈေးနှုန်းတွေမြင့်ပြီး ကားခတွေ ရုတ်တရက် ဈေးတက်ခဲ့လို့ မင်းကိုနိုင်၊ ကိုကိုကြီးစတဲ့ ၈၈-မျိုးဆက် ကျောင်းသားတွေဦးဆောင်ပြီး ပြည်သူတွေနဲ့အတူ လမ်းလျှောက် ဆန္ဒပြခဲ့တာကိုလည်း မတရား ဖိနှိပ်ဖမ်းဆီးခဲ့ပါတယ်။

သွေးခွဲ
အုပ်ချုပ်ခဲ့သလိုပဲ
နိုင်ငံတော်
သံဃာ့မဟာနာယကက
ဆရာတော်များနဲ့
အောက်ခြေ
သံဃာတော်များကို
လည်း




နောက်တချက်က ၂၀၀၇ ခု စက်တင်ဘာလ ၅ – ရက် ပခုက္ကူမှာ ဖြစ်ပွားခဲ့တဲ့ သံဃာ့အရေးကိစ္စမှာ သံဃာတော်တွေကို ကိုယ်ထိလက်ရောက် စော်ကားခဲ့တဲ့ ကိစ္စပါ။ ဒါဟာ တကယ့်ကို အရုပ်ဆိုး အကြည်းတန်စေခဲ့တဲ့ ဖြစ်ရပ်ပါ။ ရတနာသုံးပါးထဲမှာ တပါးအပါအဝင်ဖြစ်တဲ့ သံဃာတော်တွေကိုတောင် စော်ကားရဲတယ် ဆိုတော့ ကမ်းကုန်နေပါပြီ။

န–အ–ဖ စစ်အာဏာရှင်တွေ တိုင်းပြည်အပေါ် ဒီလို မတရားဖိနှိပ်ပြီး အဓမ္မတရားတွေနဲ့ ကြီးစိုးနှိပ်စက်နေတာကို သံဃာတော်အရှင်မြတ်များက ဓမ္မနဲ့ ရင်ဆိုင်ဖို့ မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့တဲ့ အသမ္ဘုခတာ ကံရှစ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်တဲ့ ပတ္တနိက္ကုဇ္ဇနကံဆိုတဲ့ သပိတ်မှောက် ကံဆောင်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ၂၀၀၇ – ခု စက်တင်ဘာလ ၁၈–ရက်မှာ န–အ–ဖ စစ်အစိုးရကို သပိတ်မှောက် ကံဆောင်ကြရာမှ ရွှေဝါရောင်တော်လှန်ရေးကြီး စတင်ပေါ်ပေါက်ခဲ့ရပါတယ်။

သံဃာတော် အရှင်မြတ်များ စတင်ခဲ့တဲ့ ဒီအရေးတော်ပုံကြီးဟာ သံဃာတော်များ အရေးကိစ္စမျှသာ မဟုတ်တော့ဘဲ ပြည်သူအားလုံးရဲ့ အရေးကိစ္စ ဖြစ်လာခဲ့ပါတယ်။ ကျောင်းသား၊ ပြည်သူများပါ ပူးပေါင်းပါဝင်လာခဲ့ပြီး အရှိန်အဟုန် မြင့်သထက် မြင့်လာခဲ့ပါတယ်။ ဒါဟာ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ပြီးနောက်ပိုင်း ၁၉ – နှစ်ကျော် အကြာမှာ ပေါ်ပေါက်လာခဲ့တဲ့ အရှိန်အဟုန် အကြီးဆုံး လူထုတိုက် ပွဲတပွဲပါပဲ။

## ရွှေဝါရောင်တော်လှန်ရေးကြီး ဘယ်လိုပြီးဆုံးသွားခဲ့ရသလဲ

အရှိန်အဟုန်ပြင်းပြင်းနဲ့ လှုပ်ရှားခဲ့တဲ့ရွှေဝါရောင်တော်လှန်ရေးကြီးဟာ အကျအဆုံးများစွာနဲ့ အဆုံးသတ်ခဲ့ရတယ်လို့ပဲ ဆိုရမှာပါ။ ဘာကြောင့် ဒီလိုဖြစ်ခဲ့ရသလဲဆိုရင် သံဃာထုနဲ့အတူ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ မပါဝင်ခဲ့တဲ့အပြင် လျစ်လျူရှုခြင်းကိုပါ ခံခဲ့ရပါတယ်။ ဒါဟာသံဃာထုအတွက် အနစ်နာဆုံးအချက်ပါ။ အကယ်၍ မ–ဟ–န ဆရာတော်များ ပါဝင်ခဲ့ကြမယ် ဆိုရင် န–အ–ဖ အနေနဲ့ ကိုင်တွယ်ရ တော်တော်ခက်သွားပါလိမ့်မယ်။ သို့ဆိုရင် ဒီအရေးတော်ပုံကြီးဟာ မအောင်မြင်ခဲ့ရင်တောင် အခုလို ရက်ရက်စက်စက်နှိမ်နင်းခံရလိမ့်မယ် မဟုတ်ဘူး လို့ ထင်မိပါတယ်။

နောက်တချက်က ဒီလှုပ်ရှားမှုတွေထဲမှာ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေ တိတိကျကျ မပါဝင်ခဲ့ကြပါဘူး။ တဦးချင် တသီး ပုဂ္ဂလိက ပါဝင်ပါတ်သက်ခဲ့ကြသူများတော့ ရှိခဲ့ပါတယ်။ ဒီလိုဖြစ်ရတာဟာ န–အ–ဖ ရဲ့ ရက်စက်မှု

ကို သိနေကြပြီး အကြောက်တရားကို မဖယ်ရှားနိုင်ကြလို့ပါပဲ။ နောက်ပြီး ပြည်သူအများစုဟာ ဘေးကနေ လက်ခုပ်တီးပေးရုံလောက်နဲ့ တာဝန်ကျေပြီလို့ ထင်နေကြတယ်။ ဒါဟာ အမျိုးသားရေး တာဝန်မဲ့မှု တစ်ရပ်ပဲဆိုတာကို မသိကြလို့လည်း ဖြစ်နိုင်ပါတယ်။

န-အ-ဖအနေနဲ့လည်း ဘာကြောင့် ဒီလောက်ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်လိုက်ရသလဲ။ ဒါဟာ အဓိက အချက်ပါ။ ရွှေဝါရောင်လှုပ်ရှားမှုကြီးဟာ တစ်ရက်ထက်တစ်ရက် အရှိန်အဟုန် ပိုပြင်းထန်လာခဲ့တယ်။ ဒါကို သူတို့ ကြောက်တာပါ။ ဘာကြောင့်လဲဆိုရင် ၂၀၀၈ - ခု မေလမှာ ဆန္ဒခံယူပွဲလုပ်မယ်။ ဒီဆန္ဒခံယူပွဲဟာ သူတို့ရဲ့ အနာဂတ်ပါ။ သူတို့စိတ်ကြိုက် ရေးဆွဲထားတဲ့ ဒီအခြေခံဥပဒေသာ အတည်ဖြစ်သွားပြီဆိုရင် စစ်တပ်က နိုင်ငံတော်အာဏာရဲ့ လေးပုံတစ်ပုံကို အလိုလို ပိုင်ဆိုင်သွားမှာပါ။

သူတို့ ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းအရ ပြည်သူလွှတ်တော်ဖွဲ့စည်းရာမှာ ကိုယ်စားလှယ် ၄၄၀ - ဦးအနက် စစ်တပ်မှ ၁၁၀ - ဦး (ပုဒ်မ - ၁၀၉၊ ပုဒ်မခွဲ -ခ တွင်ရှု)၊ အမျိုးသားလွှတ်တော်ဖွဲ့စည်းရာမှာကိုယ်စားလှယ် ၂၂၄ - ဦးအနက် စစ်တပ်မှ ၅၆ - ဦး(ပုဒ်မ - ၁၄၁၊ ပုဒ်မခွဲ - ခ တွင်ရှု)၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်းရာတွင်လည်း ၁၁ - ဦးအနက် စစ်တပ်မှ ၆ - ဦး(ပုဒ်မ - ၂၀၁ တွင်ရှု)၊ နိုင်ငံတော် သမတ ရွေးချယ်ရာတွင်လည်း သမတလောင်းသုံးဦးအနက် စစ်တပ်မှ ၁ - ဦး(ပုဒ်မ - ၆၀၊ ပုဒ်မခွဲ - ခ တွင်ရှု)၊ ... ... စသဖြင့် စစ်တပ်ရဲ့ အခန်းကဏ္ဍကို အဓိကကျအောင် ရေးဆွဲထားပါတယ်။ ဒီလိုအခြေအနေမှာ ရွှေဝါရောင်တော်လှန်ရေးကြောင့် ဆန္ဒခံယူပွဲထိခိုက်မှာ အကြောက်ကြီးကြောက်ပြီး အခုလို ရက်ရက်စက်စက် ဖြိုခွဲခဲ့တာပါပဲ။ ဒီလိုနဲ့ ဦးဇင်းတို့ရဲ့ ရွှေဝါရောင် ဒီလှိုင်းတွေ ရပ်တန့်သွားခဲ့ရတာပါ။

ရွှေဝါရောင်
လှုပ်ရှားမှုကြီးဟာ
တစ်ရက်ထက်တစ်ရက်
အရှိန်အဟုန်
ပိုပြင်းထန်လာခဲ့တယ်။
ဒါကို
သူတို့ ကြောက်တာပါ။

## ရွှေဝါရောင်တော်လှန်ရေးကြီးက ဘာတွေ ရလိုက်သလဲ

၂၀၀၇ - ခု စက်တင်ဘာမှာပေါ်ပေါက်ခဲ့တဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးဟာ ရှစ်လေးလုံးအရေးတော်ပုံနောက်ပိုင်း အင်အားအကြီးမားဆုံးနဲ့ လူထုထောက်ခံမှု အတက်ကြွဆုံး လှုပ်ရှားမှုတစ်ခုပါ။ ဒီတော်လှန်ရေးကြီးကနေ မျိုးဆက်သစ် ကျောင်းသားလူငယ်တွေ အမြောက်အများ မွေးထုတ်ပေးခဲ့ သလို၊



အနည်ထိုင်လုလု ဖြစ်နေတဲ့ လူထုရဲ့ နိုင်ငံရေးစိတ်ဓါတ်ကို လှုပ်နှိုးပေးနိုင်ခဲ့ပါတယ်။ နောက် ၂၀၀၄ – ခုနှစ်မှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးကို ကျင်းပရန်ကြိုးစားပြီး ဘာသာရေးကို ခုတုံးလုပ်တတ်တဲ့ န–အ–ဖ စစ်အာဏာရှင်ကြီးများရဲ့ ဟန်ဆောင်မျက်နှာဖုံးကို ခွာချလိုက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့အရေး ကိစ္စကိုလည်း ကမ္ဘာက လျစ်လျူရှုလို့ မရလောက်အောင်လည်း သိစေခဲ့ပါတယ်။ အဓိကကျဆုံးအချက်ကတော့ သံဃာတော် အရှင်သူမြတ်များဟာ ပြည်သူရဲ့ဆွမ်းကို စားပြီး နေသာသလို မနေခဲ့ပါဘူး။ ပြည်သူတွေရဲ့ အခက်အခဲ အကြပ်အတည်းတွေကို ပြည်သူတွေနဲ့အတူ တစ်သားတည်းရင်ဆိုင်ဖြေရှင်းတတ်တဲ့ ရင်ဆိုင်ဖြေရှင်းရဲတဲ့ ပြည်သူ့ရှေ့ဆောင်တွေဖြစ်ကြတယ်ဆိုတာကို ပြသလိုက်တာပါပဲ။

ဒီရွှေဝါရောင် တော်လှန်ရေးကြီးကို ပြန်လည်သုံးသပ်ရမယ်ဆိုရင် …

နိုင်ငံရေးရှုထောင့်ကနေ ကြည့်မယ်ဆိုရင် လုံးလုံးလျားလျား အောင်မြင်တယ်ဆိုလို့ ဆိုမရပေမယ့် ထိုက်သင့်တဲ့အောင်မြင်မှုတော့ ရခဲ့ပါတယ်။ သာသနာ့အလံတော်ကို အမြင့်မားဆုံး လွှင့်ထူပြီး ဒီမိုကရေစီ တော်လှန်ရေးမှာ ကမ္ပည်း မော်ကွန်းတင်နိုင်ခဲ့ပါတယ်။ ပြည်သူပြည်သား ဒါယကာ ဒါယိကာမ တွေအတွက် သံဃာတော် အရှင်မြတ်တွေဟာ ဘေးရန်တွေ ကွယ်ပျောက်အောင် အားကိုးထိုက်တဲ့ ကိုးကွယ်ရာအစစ်တွေ ဖြစ်ကြတယ်ဆိုတာကို သွေးနဲ့ သက်သေပြခဲ့ပါတယ်။ ကမ္ဘာ့အလယ်မှာလည်း မြန်မာရဟန်းတော်များဟာ သမိုင်းအစဉ်အလာ မညံ့ဘူးဆိုတာ သိအောင် ရွှေဝါရောင်သမိုင်းအသစ်ကို ရေးထိုးလိုက်နိုင်ခဲ့ပါပြီ။

ဒါပေမယ့် ဒီတော်လှန်ရေးကြီးကို စစ်ပွဲရှုထောင့်က ကြည့်မယ်ဆိုရင် အထိနာခဲ့တယ်လို့ ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ ပေးဆပ်မှုတွေ တအားများလွန်းလို့ပါ။ အနှစ် (၂၀)နီးပါး အချိန်တွေကိုစတေးပြီး ရယူခဲ့ရတဲ့ ဒီလှုပ်ရှားမှုအတွင်းမှာ သံဃာတော်နဲ့ ကျောင်းသားပြည်သူများစွာ အသက်ပေးခဲ့ရသလို၊ ဖမ်းဆီးထောင်ချ ခံခဲ့ရပါတယ်။ အချို့မှာ ယနေ့တိုင် ပုန်းရှောင်နေရပြီး၊ အချို့က တိုင်းတပါးကို ထွက်ပြေးခိုလှုံခဲ့ကြရပါတယ်။

ဒီအခြေအနေတွေကြောင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်း အတိုက်အခံအင်အားစုများ အတော်အတန် အင်အားချည့်နဲ့ သွားတယ်လို့ ဆိုနိုင်ပါတယ်။ ဒီအခြေအနေကို ရောက်ခဲ့ရတာဟာ စစ်ချီ၊ စစ်တက်၊ စစ်ထိုး၊ စစ်ခံ၊ စစ်ဖျက်၊ စစ်ပြန် ဆိုတဲ့ စစ်ရဲ့ အစီအရင်တွေနဲ့ မပြည့်စုံလို့ပါ။ န–အ–ဖ အနေနဲ့ အကြမ်းဖက် ကိုင်တွယ်မယ်ဆိုတာ သိပြီးသား ဖြစ်ပါလျက် အဲဒီအခြေအနေကို အဆုတ်အတက် မလုပ်နိုင်ခဲ့တာလည်း ပါပါတယ်။ န–အ–ဖ အနေနဲ့ အကြမ်းမဖက်နိုင်အောင် ပြည်ပအဖွဲ့အစည်းများနဲ့ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင်နိုင်ငံခြားတိုင်းပြည်များက ထိရောက်တဲ့ ဖိအား မပေးနိုင်ခဲ့တာ။ နောက်ဆက်တွဲ

ပြဿနာဖြစ်တဲ့ အဖမ်းအဆီးကိစ္စကို ရှောင်လွှဲနိုင်ဖို့ လုံခြုံစိတ်ချရတဲ့ ဝပ်ကျင်းကို ကြိုတင်မဖန်တီးနိုင်ခဲ့တာတွေဟာ အားနည်းချက်တွေလို့ ဆိုရမှာပါ။

ဒီကောက်ချက်ကိုချတာဟာ ဘယ်သူကိုမှ ရည်ရွယ်တာ မဟုတ်ပါဘူး။ အခြေအနေတစ်ခုကို မတူတဲ့ ရှုထောင့်ကရော၊ တူတဲ့ ရှုထောင့်ကပါ အမှန်အတိုင်း သုံးသပ်ကြည့်တာပါ။ ဘာလို့လဲဆိုရင် ရှစ်လေးလုံးပြီး ကတည်းက အင်အားကောင်းတဲ့ လူထုတိုက်ပွဲဆိုလို့ ဒီရွှေဝါရောင် လှုပ်ရှားမှုဟာ ပထမဆုံးလို့ ဆိုနိုင်ပါတယ်။ ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုခဲ့ရင် ဦးဇင်းတို့ရဲ့ ဒီမိုကရေစီပန်းတိုင်ဟာ ဘယ်မှာလဲလို့ မေးစရာ ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့်နောက်တစ်ကြိမ်မှာ ဦးဇင်းတို့ လှုပ်ရှားမှုဟာ အရင်းနည်းနိုင်သမျှ နည်းပြီး အမြတ်များများ လိုချင်ပါတယ်။ ဒီအားနည်းချက်တွေကို နိုင်ရာနိုင်ရာ ဝိုင်းဝန်းဖြည့်ဆီးကြမယ်ဆိုရင် ဦးဇင်းတို့ လိုချင်တဲ့ ပန်းတိုင်ဟာ လက်တကမ်းကို ရောက်လာမှာပါ။

## ရွှေဝါရောင်တော်လှန်ရေးကြီးက ဘာတာဝန်တွေ ပေးနေပြီလဲ

အခုဆိုရင် နအဖအစိုးရဟာ ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်လှုပ်ရှားခဲ့တဲ့ သံဃာတော်တွေကို ဖမ်းဆီး ထောင်ချထားတယ်။ သီလရှင် ဆရာကြီး၊ ဆရာလေးတွေကိုလည်း ဒီလိုပဲ မတရားသဖြင့် ဖမ်းဆီးထောင်ချထားတယ်။ မဂ္ဂင်ကျောင်းတိုက်နဲ့ သာသနသိပ္ပံကျောင်းတို့ကို ချိတ်ပိတ်ပစ်လိုက်သလိုမျိုး ကျောင်းတိုက် တော်တော်များများကို စာဝါတက်သံ တိတ်ဆိတ်သွားအောင် ပိတ်ဆို့ထားတယ်။ ဗုဒ္ဓသာသနာကို ထွန်းကားပြန့်ပွားအောင် စည်ပင်ဖွံ့ဖြိုးအောင် သာသနာပြုနေကြတဲ့၊ မြန်မာနိုင်ငံကို သာသနာပြုနိုင်လောက်တဲ့ ပဋိရူပဒေသဖြစ်သွား အောင် မေတ္တာပို့ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြတဲ့ သံဃာတော်များကို ရဟန်းအတုအယောင်များအဖြစ် ပုတ်ခတ်စော်ကား ခဲ့တယ်။

ဒီလို ဗုဒ္ဓသာသနာကို မပျက်ပျက်အောင် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ မင်းဆိုးမင်းညစ်များကို မင်းကောင်းမင်းမြတ်များနှင့် လဲလှယ်အစားထိုး ပစ်နိုင်ရေးဟာ အရေးတကြီး လုပ်ဆောင်ကြရမယ့် ရွှေဝါရောင် တော်လှန်ရေးကြီးက ပေးအပ်လိုက်တဲ့ တာဝန်တွေဖြစ်တယ်။ ဒီတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ဖို့ဆိုရင် ဆရာ ဒကာလက်တွဲပြီး ဘယ်လိုအခက်အခဲမျိုးကိုမဆို မကြောက်မရွံ့ နောက်မတွန့်ပဲ ရင်ဆိုင်ကျော်ဖြတ်ကြမယ်ဆိုတဲ့ သံန္နိဋ္ဌာန်ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်နိုင်ကြဖို့ လိုပါတယ်။

တိုင်းပြည်ရဲ့ တံခွန်လို့ခေါ်တဲ့ ရဟန်းသံဃာတော်များကို သတ်ဖြတ်ခဲ့လို့ တံခွန်မဲ့ပြီး မတင့်မတယ် ဖြစ်နေတဲ့ မြန်မာပြည်ကို ကယ်တင်နိုင်ဖို့နဲ့ အခုဖြစ်ပေါ်နေတဲ့ အခြေအနေဆိုးတွေကို ဖျက်သိမ်းပစ်ပြီး အသစ်တဖန် ပြန်လည်တည်ဆောက်နိုင်ဖို့ဆိုတဲ့ ကိစ္စရပ်တွေမှာ ပြည်ပရောက်ဒီမိုကရေစီ အင်အားစုများနဲ့ နိုင်ငံတကာ အဖွဲ့ အစည်း အသီးသီးကလည်း ဒီထက်ပိုပြီး ကြိုးစားပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

**သဗ္ဗေသတ္တာ အဝေရာဟောန္တု၊**

# ဥရောပပါလီမန်အမတ်များသမဂ္ဂသို့ ပေးပို့သော နှုတ်ခွန်းဆက်စကား

ဥရောပပါလီမန်အမတ်များ၊ နိုင်ငံတကာအစိုးရများနှင့် မြန်မာ့အရေးကို တက်ကြွစွာ ဆောင်ရွက်နေကြသော ဒါယကာ ဒါယိကာမများသို့ ဦးဇင်းက လှိုက်လှိုက်လှဲလှဲ နှုတ်ခွန်းဆက်လိုက်ပါတယ်။

ဦးဇင်းအနေနဲ့ ဒီပွဲမှာ အရေးအကြီးဆုံး အကြောင်းအရာ (၃)ခုကို ဆွေးနွေးပြောပြလိုပါတယ်။

(၁) အချက်က ....

အခု ဦးဇင်းတို့မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ် တစ်ခု ကျရောက်နေပါတယ်။ အားလုံး ကြားပြီးကြတဲ့အတိုင်း မြန်မာပြည်သူတွေ သိန်းနဲ့ချီပြီး အသက်ဆုံးပါးကြရတယ်။ နှစ်သန်းနီးပါး အိုးမဲ့ အိမ်မဲ့ ဘဝရောက်ကြရတယ်။ သောက်စရာ ရေမရှိ၊ စားစရာ ထမင်းမရှိ၊ နေစရာ အိမ်မရှိ၊ ခေါ်စရာ ပြောစရာ ဆွေမရှိ မျိုးမရှိ အတိဒုက္ခရောက်နေကြရတယ်။

အဲဒီလို အတိဒုက္ခရောက်နေကြရတာဟာ ပထမတစ်ချက်ကတော့ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပါတယ်။ အဲဒီ မုန်တိုင်းထက် ပိုဆိုးတဲ့ ဒုတိယ တစ်ချက်ကတော့ ကိုယ်ကိုယ်တိုင်ကလည်း ထိထိရောက်ရောက်ကူညီချင်တဲ့ စိတ်စေတနာ မရှိ၊ ကူညီနိုင်တဲ့အခြေအနေမျိုးလည်း မရှိတဲ့အပြင် ပြည်တွင်းနဲ့ နိုင်ငံတကာက အလှူရှင်များရဲ့ အကူအညီပေးမှုတွေကိုလည်း နည်းအမျိုးမျိုးနဲ့ နှောက်ယှက်ဟန့်တားနေတဲ့ စစ်အစိုးရကြောင့်ဖြစ်ပါတယ်။

အဲဒီလို စစ်အစိုးရရဲ့ ညံ့ဖျင်းလှတဲ့ စိတ်စေတနာ၊ ညံ့ဖျင်းလှတဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကြောင့် အချိန်မှီ ကယ်တင်ကူညီ နိုင်လျက်နဲ့ ဒုက္ခရောက်နေတဲ့ပြည်သူတွေကို မကူညီနိုင်ဖြစ်ကြရတယ်။ ဒီအတွက် မသေသင့်ဘဲ ထပ်သေရ၊ မဆုံးရှုံးသင့်ဘဲ ထပ်ဆုံးရှုံးနေကြ ရတယ်။ အခုဆိုရင် လူသေကောင်ပုတ်၊ တိရိစ္ဆာန် အသေကောင်ပုတ်တွေကို မဖယ်ရှားနိုင်တဲ့အတွက် ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျား ရောဂါ၊ ငှက်ဖျားရောဂါစတဲ့ ရောဂါဆိုးတွေ ကျရောက်တော့မယ့် အနေအထားအထိ ရောက်ရှိနေပြီလို့ ဦးဇင်းတို့ သိရပါတယ်။

အဲဒါတွေကြောင့်လည်း လူသားချင်းစာနာစိတ်ရှိတဲ့ ပြည်တွင်းနဲ့ နိုင်ငံတကာက အကူအညီပေးကြဖို့ ကြိုးပမ်းအားထုတ်နေကြသူများကို ဦးဇင်းအနေနဲ့ မြန်မာပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်။ အတိဒုက္ခရောက်နေတဲ့ ပြည်သူတွေဆီကို အကူအညီများ ချက်ချင်းလက်တွေ့ အမြန်ဆုံး ရောက်ရှိသွားအောင် နည်းမျိုးစုံနဲ့ ကြိုးစားအားထုတ်ကြပါလို့ ဦးဇင်းအနေနဲ့ တလေးတနက်ကိုပဲ မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုပါတယ်။

(၂) အချက်ကတော့ ....

အခုလို မြန်မာပြည်သူများ သဘာဝဘေးဆိုးကြောင့် အတိဒုက္ခရောက်နေကြချိန်မှာ ပြည်သူတွေရဲ့ဒုက္ခကို ကူညီဆယ်တင်ဖို့ထက် ဖွဲ့စည်းပုံ အခြေခံဥပဒေအရကိုပဲ စစ်အာဏာရှင်စနစ် တရားဝင်တည်မြဲနိုင်ဖို့ ဆိုတာချည်းကို မညှာမတာလုံးပန်းနေတဲ့ကိစ္စကို ဦးဇင်းအနေနဲ့ တော်တော်ကို မသင့်လျော်တဲ့ကိစ္စပဲလို့ ထောက်ပြလိုပါတယ်။

တကယ်ဆိုရင် ပြည်သူတွေ စိတ်နဲ့ ကိုယ်နဲ့ ကပ်ပြီး အထိုက်အလျောက် တည်တည်ငြိမ်ငြိမ်ရှိနိုင်လောက်တဲ့ အချိန်တစ်ခုအထိတော့ စောင့်ဆိုင်း သင့်ပါတယ်။ ဒီအချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးအင်အားစုတော်တော်များများက ထောက်ပြတောင်းဆို ခဲ့ကြတာလည်း ဦးဇင်းတို့ ကြားနေရပါတယ်။ အစိုးရတရပ်အနေနဲ့ဆိုရင် ဒီထောက်ပြချက်တွေကို တလေးတစားလက်ခံပြီး စောင့်ဆိုင်းတာ၊ ရွှေ့ဆိုင်းတာတွေကို အမှန်လုပ်ရမှာ ဖြစ်တယ်လို့ ဦးဇင်းတော့ ရိုးရိုးပဲ နားလည်ပါတယ်။ ဒါပေမယ့် စစ်အစိုးရကတော့ ဘယ်လိုထောက် ပြချက်ကိုမှ မစဉ်းစားဘဲ ဆန္ဒခံယူပွဲ အတုအယောင်ကို ဇွတ် ကျင်းပခဲ့တာ တွေ့ရပါတယ်။

ဒီဆန္ဒခံယူပွဲကို အတုအယောင်လို့ ဦးဇင်းအနေနဲ့ ပြောဆိုတာကို အနည်းငယ်ရှင်းပြရရင် ....

ပြည်သူတွေက လွတ်လွတ်လပ်လပ် သူတို့ရင်ထဲမှာရှိတဲ့ ဆန္ဒတွေကို ထုတ်ဖော်ခွင့်မရှိဘူး။ ကိုယ်ယုံကြည်တာကို ယုံကြည်တဲ့အတိုင်း ပြောဆိုခွင့်၊ ဆောင်ရွက်ခွင့် လုံးလုံးမရှိကြဘူး။ ကြံ့ခိုင်ဖွံ့ဖြိုးရေး၊ စွမ်းအားရှင်၊ အမျိုးသမီးရေးရာအဖွဲ့စတဲ့ စစ်အစိုးရရဲ့ လက်ကိုင်တုတ်အဖွဲ့ အစည်းတွေက ပြည်သူတွေကို အမျိုးမျိုး ခြိမ်းခြောက်ကြ၊ အကြပ်ကိုင်ကြ၊ ဖိအားပေးကြ စတာတွေအမျိုးမျိုး လုပ်ကြတယ်။ လူထုတွေထည့်လိုက်တဲ့ ကန့်ကွက်ဆန္ဒမဲတွေကို ထောက်ခံဆန္ဒမဲတွေ ဖြစ်သွားအောင် လိမ်ညာညစ်ပတ်ကြတယ်။ အမြို့မြို့အနယ်နယ်မှာ အဲဒီလိုအသံတွေ ဦးဇင်းတို့ မကြားချင်အဆုံး ကြားနေကြရတယ်။ စစ်အစိုးရက သူကိုယ်တိုင် တရားဝင် ထုတ်ပြန်ထားတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေကို သူကိုယ်တိုင်လည်း ဖောက်ဖျက်တယ်။ သူ့ လက်ကိုင်တုတ် အဖွဲ့အစည်းတွေကိုလည်း ဖောက်ဖျက် ကျူးလွန်စေတယ်။ ဒါကြောင့်မို့လို့ ဦးဇင်းတို့အနေနဲ့ ဒီဆန္ဒခံယူပွဲကို တရားမျှတတယ်လို့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဒီကထွက်လာတဲ့ ရလဒ်ကိုလည်း ဘယ်လိုမှ အသိအမှတ် မပြုနိုင်ပါဘူး။

ဦးဇင်းအနေနဲ့ မေတ္တာရပ်ခံပန်ကြားချင်တာက ဥပဒေနဲ့မညီညွတ်တဲ့ ဒီဆန္ဒခံယူပွဲ အတုအယောင်က ထွက်ပေါ်လာမယ့် ရလဒ်တွေကို ဥရောပ ပါလီမန်အပါအဝင်၊ ဒကာကြီး မစ္စတာဘန်ကီမွန်း အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် လုံးဝလက်မခံကြဖို့ ပန်ကြားချင်ပါတယ်။

(၃) အချက်ကတော့ ....

စစ်အစိုးရက လူထုတွေရဲ့ဒုက္ခကိုလည်း စာနာကူညီဖို့ တက်တက်ကြွကြွ မရှိ၊

သူ့အာဏာမြဲရေးအတွက် ဘယ်သူ့ကိုမဆို ခြိမ်းခြောက်ဖို့၊ အကြပ်ကိုင်ဖို့၊ လိမ်ညာဖို့၊ ဖမ်းဆီးထောင်ချဖို့ ဝန်မလေး ဆိုတာမျိုးတွေ ဆက်လုပ် နေမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ကံကြမ္မာဟာ ဆိုးသည်ထက်ဆိုးလာတော့မယ်ဆိုတာကို ဦးဇင်းတို့ မှန်းဆမိနေတယ်။ စစ်အစိုးရရဲ့ ဒီလုပ်ရပ်တွေဟာ ၂၀၀၇ – ခုနှစ် စက်တင်ဘာလမှာ ဖြစ်ပွားခဲ့တဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးထက် ပိုကြီးတဲ့ သွေးမြေကျမှုတွေ ဖြစ်ပွားပေါ်ပေါက်လာအောင် တွန်းပို့နေသလို ဖြစ်နေတယ်လို့ ဦးဇင်းတို့ မြင်မိတယ်။

ဦးဇင်းတို့အလိုကတော့ ....

၁။ နိုင်ငံတကာအကူအညီများနဲ့ ချက်ချင်းလက်တွဲပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် အတိဒုက္ခရောက်နေတဲ့သူတွေကို ချက်ချင်း အကူအညီ ပေးစေချင်တယ်။

၂။ ဒါယိကာမကြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ချက်ချင်းလွှတ် ပေးပြီး မြန်မာနိုင်ငံမှာ ကြုံတွေ့နေတဲ့ ပြဿနာအရပ်ရပ်ကို အင်အားစုအားလုံး ပါဝင်ပြီး လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေးပြီး အဖြေရှာ စေချင်တယ်။

အဲဒါတွေကို စစ်အစိုးရအနေနဲ့ အချိန်အခါမှီ မလုပ်ဘူးဆိုရင်၊ ခါတိုင်းလိုပဲ ခေါင်းမာနေမယ်ဆိုရင် မြန်မာနိုင်ငံဟာ အခြေအနေဆိုးတွေနဲ့ မလွဲမသွေ ကြုံကြရတော့မယ်။

ဒါကြောင့်မို့လို့ ဥရောပပါလီမန် အမတ်များအပါအဝင် ကမ္ဘာ့ခေါင်းဆောင်အသီးသီးက စစ်အစိုးရကို ဦးဇင်း အခုထောက်ပြတဲ့ နှစ်ချက်ကို အမြန်ဆုံး ဆောင်ရွက်လာဖို့ အစွမ်းကုန်တိုက်တွန်းပေးကြဖို့၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဖိအားပေးကြဖို့ ဦးဇင်းက တိုက်တွန်းပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ပြည်သူပြည်သားများ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ လို့ ဦးဇင်းဆန္ဒပြုလိုက်ပါတယ်။

ဦးဩဘာသ
ဦးဆောင်ဆရာတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး
၁၃၇၀ ခု၊ ကဆုန်လဆန်း (၁၁) ရက်။
၂၀၀၈ ခုနှစ် မေလ (၁၅) ရက်။

# ဆရာနဲ့ဒကာ ပြီးတော့ စက်တင်ဘာ

ဦးလင်း

“၀၉--- ၄၉၁၀— ဟဲလို --- မင်္ဂလာပါ”

ရွှေမန္တလေးမှ ဒကာတော်က နှုတ်ဆက်လိုက်သောအခါ

“ဟာ – ဟော့လူ ကျွန်တော် နေမကောင်းဖြစ်နေတယ်။” ရန်ကုန်က အရှင်ဂမ္ဘီရမှ ပြန်လည်မိန့်ကြားတဲ့ အသံပါ။ ဆိုလိုတာကတော့ အင်ဖော်မာတွေက နောက်မှလိုက်နေတဲ့ သတင်းစကားပေးတာ ဖြစ်ပါသည်။ ဒကာက နားလည်လိုက်ပါ၏။

အချိန်ကား ၂၀၀၇ မတ်လ၊ ရန်ကုန်နိုင်ငံရေးအင်အားစုများ အဆက်မပြတ် လှုပ်ရှားတက်ကြွနေကြချိန်။ လက်ရှိ အခြေအနေအား ဆက်လက်ရှင်သန်ရေးနှင့် ကြီးမားတိုးတက်ရေးအတွက် ဝိုင်းဝန်းအားဖြည့်ပေးနိုင်ရန် အထက်ဗမာပြည် မန္တလေးသို့ ကြွရောက်စေလိုပါကြောင်း ဒကာကြီးက ဖိတ်ကြားလိုက်ခြင်းဖြစ်ပါသည်။

“OK ကျွန်တော် တက်လာခဲ့မယ်”

စက်တင်ဘာလဆန်း ၄ ရက်နေ့ မှာ အရှင်ဂမ္ဘီရ မန္တလေးမြို့ကို ကြွရောက်လာပြီ။ ဒကာတော်အခန်းမှာ ပဲ အတူတူ သတင်းသုံးပါတယ်။ ခါတိုင်းလို ၃၀၀ ကျပ်တန် ထမင်းတစ်ထုတ်ဝယ် ကြွေပန်းကန်ပြားမှာထည့်ပြီး နေ့ဆွမ်းကပ်လိုက်ရ၏။ ဒကာရဲ့ စိတ်ထဲမှာတော့မကောင်း။ အရှင်ဂမ္ဘီရမှာ ဖွယ်ဖွယ်ရာရာ ဆွမ်းဟင်းချိုချဉ်ခဲဘွယ်တွေ အပြည့်အစုံနဲ့ ဘုန်းပေးသုံးဆောင်ရတဲ့နေ့ကား ရှားပါးလှ၏။

ခါးဝတ်သင်္ကန်း တစ်စုံတည်းနှင့် အထက်ဗမာပြည်တခွင်ကို စည်းရုံးရေးခရီးနှင်လေ့ရှိပါတယ်။ သက်တော်က (၂၉) နှစ်ပါ။ အရုပ်အမောင်းကောင်းတယ်။ အသားအရေက ခပ်လတ်လတ်။ အသံသြဇာက သာယာ နာပျော်ဘွယ်။ ဖွဲလုံ့လကတော့ တနေကုန်အောင် လမ်းလျှောက်ဒေသစာရီ ကြွချီတော်မူလေ့ရှိတယ်။

ရွှေဝါရောင် လွယ်အိတ်ကြီး တလုံးတော့ပါပါရဲ့။ အသေအချာ စာအိတ်နဲ့ထည့်ပိတ်ထားတဲ့ လုံ့ဆော်စာတွေက လွယ်အိတ်နဲ့အပြည့်။ လမ်းမှာတွေ့သမျှ သံဃာတော်တွေကို ဝေငှကပ်လှူလိုက်တော့တာပါဘဲ။ တော်လှန်ရေးအတွက်ဆိုလျှင် ခက်ခဲတယ်ဆိုတာ သူ့မှာမရှိ။ ဘယ်တော့မှ မငြီးငြူ။ သူ့အယူအဆက လူ့အခွင့်အရေး၊ သူ့အတွေးက ဒီမိုကရေစီ၊ သူ့အမြင်က စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ သူ့ဆန္ဒက လွတ်မြောက်ရေးဘဲ။ သူပြောသမျှစကားလုံးတိုင်းဟာ တော်လှန်ရေးတွေပါ။ အကြောက်တရားဆိုတာ သူ့အတွက် မဟုတ်။ သူ့ယုံကြည်ချက်အတွက် ကြိုးစင်ပေါ်တက်ဖို့ အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည်။

ဆရာနဲ့ဒကာစ တွေ့ခဲ့ကြတာကတော့ ၂၀၀၆ – ခုနှစ်မှာပါ။ လွတ်လပ်ပြီး လုံခြုံတဲ့နေရာတခု မှာပေါ့။ မြန်မာ့အရေး ဆွေးနွေးပွဲလေးတခု လုပ်ဖြစ်ခဲ့ကြတယ်။ ဆရာတော် (၃)ပါးနဲ့ ဒကာတော် (၄) ယောက်ပါ။ ခုတော့ အကျဉ်းထောင်ထဲ ရောက်နေပါပြီ။ ဒကာတယောက်တည်း လွတ်မြောက်နေဆဲပါ။

ပဋ္ဌာန်းဒေသနာတရား နေ့စဉ်ပွားများနေတဲ့ အကျိုးရလာဒ်လို့ ပြောကြပါတယ်။ ရလာဒ်က ထိရောက်အောင်မြင်ခဲ့တဲ့ ဆွေးနွေးပွဲလို့ ပြောရမှာပါ။ လက်တွေ့လှုပ်ရှားရမည့် ဆုံးဖြတ်ချက်တခု ချမှတ်နိုင်ခဲ့ ပါတယ်။ ပစ်မှတ်က အထက်ဗမာပြည် မန္တလေးမြို့။ ရည်ရွယ်ချက်က လျှို့ဝှက်အစုအဖွဲ့လေးတွေ တည်ဆောက်ရေး တာဝန်ကို ဆရာနဲ့ဒကာ သဘောတူ လက်ခံလိုက်ကြပါတယ်။

ဘာကြောင့်လဲလို့ ဆိုရင်တော့ မျိုးချစ် နိုင်ငံရေးအဖွဲ့အစည်းတွေ အရောင်အသွေး စုံရှိတယ်။ အားမာန်တွေကလဲပြည့်၊ ရဲရဲတောက်လှုပ်ရှားမှုတွေကလဲ ရင်သပ်ရှုမောစရာ။ သတ္တိဗျတ္တိတွေကလဲ ဟိုက်ရှားပါး။ ကမ္ဘာကြီးက ဘွဲ့တံဆိပ်တော်တွေပေးရတဲ့ အဆင့် ရွှေမန္တလာမှာက ဒေါ်ဝင်းမြမြတို့ တဖွဲ့တည်း ရုန်းကန်လှုပ်ရှားနေရတာကလား။ သံဃာထုအတွင်းမှာ လဲ ဦးဆောင် ဆရာတော်များ လိုအပ်နေတယ်လို့ ခံစားမိတယ်။

ဆရာနဲ့ဒကာ ကြိုးစားလိုက်ကြပါတယ်။ အချိန်ကား သိပ်မကြာလှ။ ၆ လ အတွင်း အောင်မြင်မှုတွေက မယုံနိုင်စရာပါ။ ဒကာတော်က ကြည်ပြာရောင် မွဲမွဲ တရုတ်လုပ်စက်ဘီးလေးစီးလို့ပေါ့။ တစ်ကျောင်းဝင် တစ်ကျောင်းထွက်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတွေ ရအောင်တည်ဆောက်ရတယ်။ လေကန်ဝေဖန်နေရုံနဲ့တော့ မလုံလောက်ပါ။

ကြုံတုန်းလေးမို့ ပြောပြရအုံးမယ်။ စည်းရုံးစုဖွဲ့တဲ့ နေရာမှာ စည်းနှောင်အားတွေ ကောင်းလာအောင် မောင်းနှင်အား Bonding Force တွေ လိုအပ်ပါတယ်။ အဲ့ဒီမောင်းနှင်အား အတွက် ကျဆုံးမှုနည်း နည်းနဲ့ဆောင်ရွက်မှု (Low Risk Action) ကို အသုံးပြုမောင်းနှင်ခဲ့ပါတယ်။ ပိုစတာကမ်ပိန်းတွေ၊ လက်ကမ်း စာစောင်တွေ အပါအဝင် လူ့အခွင့်အရေး စာအုပ်တွေ ဗွီဒီယိုအခွေ



**ရည်ရွယ်ချက်က လျှို့ဝှက် အစုအဖွဲ့လေးတွေ တည်ဆောက်ရေး တာဝန်ကို ဆရာနဲ့ဒကာ သဘောတူ လက်ခံလိုက် ကြပါတယ်။**



တွေ အပြန်အလှန် ဝေငှဖြန့်ဖြူးကြပါတယ်။ ရလာဒ်က အံ့သြရလောက်အောင် တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှုတွေ ခိုင်မာလာတာကို တွေ့ခဲ့ရတယ်။

တစ်လတစ်ကြိမ် ပုံမှန် ကြာသပတေးနေ့ လျှို့ဝှက်ဆွေးနွေးပွဲလေးတွေက တစ်ဦးကိုတစ်ဦး နွေးထွေးမှုတွေ ပေးနိုင်ခဲ့တယ်။ ဒါဟာ အန္တရာယ်အနည်း ဆုံးဖြစ်တဲ့ "စည်းရုံးရင်းတိုက် တိုက်ရင်းစည်းလုံးမှုရရှိတဲ့" ဒကာအကြိုက် Political Defiance နည်းနာတွေပါ။ လူတိုင်းပါဝင်နိုင်တယ်။ သိပ်မခက်ခဲလှပါ။ သို့သော် နည်းပညာတွေက လူထုတွေကြားထဲမှာ ကျယ်ပြန့်မှု အားနည်းနေတာက ခက်လှတယ်။

ဆရာတော် နေ့ဆွမ်းစားပြီးတာနဲ့ မြို့တစ်ပတ် လိုင်းကားတွေစီးပြီး လက်ကမ်းလှုံ့ဆော်စာတွေ ဝေငှကြတယ်။ တစ်ကျောင်းဝင် တစ်ကျောင်းထွက် နှုတ်ဆက်ကြတယ်။ ပြီးတော့ အင်တာနက်ဆိုင်မှာ တနေ့တာ အချိန်ဖြုန်းလိုက်ကြတယ်။ စက်တင်ဘာ (၅) ရက်နေ့ည ရေဒီယိုသတင်းက လည်ဆံမွေးတွေ ထောင်ထလာသလို ဒကာမှာခံစားလိုက်ရတယ်။ ငြိမ်းချမ်းစွာ မေတ္တာပို့ကြတဲ့ ပခုက္ကူသံဃာတော်တွေကို အကြမ်းဖက် ရက်စက်တဲ့ သတင်းပါ။ ဆက်ခါဆက်ခါ နာထောင်ရင်း မျက်စိထဲမှာ မြင်ယောင်လာတယ်။ တခါက ဒကာနေခဲ့ဖူးတဲ့မြို့ပါ။ အိပ်လို့မပျော်နိုင်တဲ့ ညတွေရဲ့အစလဲ ဖြစ်ပါတယ်။

နောက်နေ့မနက် ၉ နာရီလောက်မှာ အရှင်ရာဇနှင့် ညှိနှိုင်းရန် ဆရာဒကာ လမ်းလျှောက် ထွက်လာကြတယ်။ အဆင်သင့်ပင် ဆရာတော် အရှင်ခေမိန္ဒပါ ရောက်ရှိနေပါပြီ။ အခြေအနေတွေ ဆွေးနွေးညှိနှိုင်းပြီးတဲ့နောက် Statement တစ်ခု ထုတ်ပြန်လိုက်ဘို့ သဘောတူလိုက်ကြပါတယ်။ အမျိုးဘာသာ သာသနာကို ရိုင်းပြစွာ စော်ကားခဲ့သည့် နအဖအဖွဲ့အား သံဃာထုတစ်ရပ်လုံးက ပူးပေါင်းပါဝင် ကန့်ကွက်ကြပါရန် နှိုးဆော်တိုက်တွန်းထားခြင်း ဖြစ်တယ်။ အထက်ဗမာပြည် သံဃာ့သာမဂ္ဂီနှင့် ရဟန်းပျိုသမဂ္ဂ (ရန်ကုန်)တို့ ပူးတွဲပြီး ထုတ်ဝေတာပါ။ Printer က မကောင်းတဲ့အတွက် စိတ်ကြိုက် မထုတ်ဝေနိုင်ခဲ့ပါဘူး။ ဓာတ်ပုံရိုက်ပြီး အင်တာနက်ကဖေး ပြေးကြရပြန်ပါတယ်။

နေ့ ၁၁ နာရီကျော်နေပြီမို့ အိမ်တော်ရာ အရှေ့ဘက်တန်းက ထမင်းဆိုင်လေးမှာ ဝင်ရောက် ဘုန်းပေးတော်မူတယ်။ ဒီနောက် ၂၅လမ်းက NET ဆိုင်မှာ ဝင်ပြီး လှုပ်ရှားလိုက်ကြပါတယ်။ ညနေ ၃နာရီ ထိုးသွားပြီမို့ ခပ်သွက်သွက် ဆိုင်ကထွက်ခဲ့ပြီး ဆိုက္ကားတစ်စီး ခေါ်လိုက်ရသည်။ မီဒီယာတွေနဲ့ အင်တာဗျူးဘို့ ချိန်းဆိုထားတဲ့ အချိန်က နီးကပ်နေတဲ့အတွက်ပါ။

ဒကာသုံးနေကြ ဖုန်းဆိုင်တစ်ဆိုင်ကို သွားကြတယ်။ ၂၅လမ်းက ချိုင့်ခွက်တွေက ခရီးဖင့်နှေးအောင် နှောက်ယှက်နေကြသလိုပါဘဲ။ ဆရာတော်က ဒီဖြစ်ရပ်ကို ထိထိမိမိ အသုံးချလိုက် ပြန်ပါ၏။ "တိုင်းပြည်ကို ချောက်ထဲ ဆွဲချနေတာဟာ နအဖပါ" ဆိုတဲ့ တရားတော်ကို ဆိုက္ကားဆရာအား ဟောကြားတော်မူရင်း လမ်းပေါ်က ချိုင့်ခွက်တွေကို လက်ညှိုးနဲ့ထိုးထိုးပြနေပါလေရော။ ကောင်းလေစွ။ ဒကာက (သာဓု)[၂] နှစ်ခွန်းတော့ ခေါ်လိုက်ရသည်။ ဆရာနဲ့ ဒကာပေကိုး။

စက်တင်ဘာ ၉ ရက် နံနက် အရုံဆွမ်းအတွက် သင်းပိတောက် လ္ဘက်ရည်ဆိုင်မှာ ထိုင်ကြတယ်။ ဆရာတော်က ထမင်းဆီဆမ်းနှင့် အကြော် (၄) ခု။ ဒကာက ကျဆိမ့်တခွက်နဲ့ အီကြာကွေး၊ ပြီးတာနဲ့ ဆိုင်ကထွက်လာပါတယ်။ ပြဿနာက စတက်လာပါလေရော။ တိုက်အုပ်ဆရာတော်၏ လက်ထောက် အရှင်မထေရ်ကြီးက ပျာပျာသလဲနဲ့ပါ။ စိုးရိမ်မှုတွေကိုလဲ မြင်နေရပါတယ်။

ဒကာကြီး ဒကာကြီးရဲ့ သတင်းတွေက အရပ်ထဲမှာ သိပ်ကြီးနေပြီ။ ဒီနေရာက ခေတ္တရှောင်နေပေး စေချင်တယ် ဒကာကြီးတဲ့။ ဒကာက ခပ်မြန်မြန် ခေါင်းသုံးလေးချက် ဆက်တိုက်ငြိမ့်လိုက်ပါ၏။ သိပ်တော့မထူးခြား၊ မျှော်လင့်ထားပြီးသားထဲက တစ်ခုပါ။ မနေ့က မထေရ်ကြီးကျောင်းကို စစ်ဗိုလ် (၄)ယောက် ကား (၂)စီးနဲ့ ရောက်လာပြီး ဖုန်းနံပါတ် (၄)ခု ပေးထားခဲ့တာ ဒကာက သိပြီးဖြစ်၏။ မထေရ်ကြီးနဲ့ ငယ်သူငယ်ချင်းတွေပါ။ ဒကာကြီးကလဲ မထေရ်ကြီး လက်စွဲတော်ပဲလေ။

ဖြစ်စဉ်တွေကို ဒကာရဲ့ကျောင်းထိုင်ဆရာတော်အား ပန်ကြားလိုက်ပြီး ရိုသေစွာ ဦးသုံးကြိမ်ချလိုက်ပါတယ်။ ခွဲခွာခဲ့ရခြင်းတွေထဲက တစ်ခုပဲပေါ့။ မထူးဇာတ်ခင်းရပေတော့မည်။ ဆရာနဲ့ ဒကာ ခြေဦးနဲ့ ဒူးတည့်ရာ ထွက်လာခဲ့ရပြန်တယ်။ ရုတ်တရက် "အလှူနားနီးမှ နားတဖက် ဖြတ်ရတဲ့" အခြေအနေနဲ့ ကြုံတွေ့လိုက်ရ၏။

အရှင်ရာဇလည်း ခရီးဆောင်အိတ်ကို ပြင်ဆင်နေပါပြီ။ ရောက်မဆိုက်ပင် ဒကာကြီး ကျုပ်ရန်ကုန်ကို ဒီနေ့ ဆင်းရမယ်တဲ့။ အရေးကြီးကိစ္စတစ်ခု ပေါ်လာခြင်းဖြစ်၏။ ရန်ကုန်သာသနာ့တက္ကသိုလ်မှ သူငယ်ချင်းတွေကိစ္စ ဖြစ်နေတာမို့ ခေါင်းညိမ့်လိုက်ရသည်။ ဖြစ်နိုင်လျှင်တော့ ဒီရက်တွေမှာ အရှင်ဂမ္ဘီရနှင့်အတူ ရှိနေစေချင်၏။

အရှင်ရာဇ၏ အားမာန်တွေကို ဒကာက မြင်တွေ့ရပြီး ဖြစ်သည်။ နက်နဲသော အပြုံးကို ပိုင်ဆိုင်ထား၏။ ပုံသဏ္ဍာန်က သေးသေးသွယ်သွယ်။ လေသံက ပျော့ပျော့ပြောင်းပြောင်း။ ကြီးမားလှတဲ့ သူ့ရဲ့အားမာန်တွေက



မြင်နိုင်ဘို့ ခက်လှ၏။ လက်သီးဆုပ်ကို ခပ်ဆတ်ဆတ်ကလေး လှုပ်ရှားရင်း "အောင်ရမည်-အောင်ရမည်" ဟု ကြွေးကြော်တတ်၏။ အိန္ဒြေသိက္ခာကောင်း၏။ ကြည်ညိုဖွယ်ရာအဆင်းနှင့် သိမ်မွေ့လှ၏။ ဒကာက ဦးသုံးကြိမ် ညွတ်လိုက်ပါတယ်။ ဆရာတော်အရှင်ဝမ္ပီရက ပတ္တနိက္ကုဇ္ဇန ကံဆောင်ရန် အခြေအနေကို ရှင်းပြကာ သဘောထား တောင်းလိုက်သည်။ အရှင်ရာဇက (သာဓု - သာဓု - သာဓု)လို့ သုံးကြိမ် ခေါ်လိုက်လေသည်။

ဆရာနဲ့ဒကာ ဆက်လျှောက်လာကာ (၂၆)လမ်းထိပ်က လမ်းဘေးဖုန်းလေးနှင့် ဆက်သွယ်လိုက်သည်။ ယှဉ်သတ်မှတ် ထားသောနေရာက အခြေအနေမကောင်း၊ သတင်းပေါက်သွားခဲ့ပြီမို့ အခြားတစ်နေရာ ပြောင်းလိုက်ရ၏။ ဈေးချိုတော်ရှေ့မှ လိုင်းကားစီးလိုက်ကြပြန်ပါသည်။ ချိန်းထားတဲ့မှတ်တိုင်မှာ ဆရာဒကာ ဆင်းလိုက်၏။

ကွက်တိပါ။ အရှင်ခေမိန္ဒနှင့်အတူ ရန်ကုန်မှကြွလာသော ဆရာတော်အရှင်ဦးသြဘာသနှင့် အရှင်ဦးတေဇတို့ (၃)ပါးက ဆီးကြို နေတာတွေ့ရပါတယ်။ ဆုံမိကြပြီးနောက် ဆရာတော်တွေက ရှေ့ကကြွပါတယ်။ ဒကာက အခြေအနေတွေကို အကဲခတ်ရင်း ပေ (၃၀)အကွာ နောက်က စောင့်ကြည့်ရင်း လိုက်ခဲ့ပါတယ်။ OK ပါ၏။ အားလုံး တိုက်ကျောင်းအောက်ထပ်ကို ဝင်ရောက်ပြီးတာနဲ့ တပ္ပိုင်နက် ကျောင်းထိုင်ဆရာတော်က တံခါးတွေပိတ်လိုက်တော့၏။

ပီတိတွေက ဘယ်ကရောက်လာမှန်းမသိ၊ ဒကာ့ဘဝတသက် မမေ့ရက်နိုင်တဲ့နေ့ပါ။ အရှင်ဦးခေမိန္ဒ၊ အရှင်ဦးသြဘာသ၊ အရှင်ဦးတေဇနှင့် အရှင်ဝမ္ပီရတို့ ၄ ပါးအား **ရာဇာ့ရာဇာနှင့် ရာဇာမိရာဇာ** တွေချည်းပါ။ အားမာန်တွေကအပြည့်၊ နည်းပရိယာယ် တွေက အလျှံပယ်၊ ပညာရှိတွေလည်း ဖြစ်၊ ဗဟုသုတတွေကလဲ ကြွယ်ဝနဲ့မို့ ဆုံးဖြတ်ချက်တွေက ရှင်းလင်း ပြတ် သားလှပေ၏။

လေ့လာသူအနေဖြင့် ကဗျာဝါသနာရှင် ဆရာတော်တပါးလည်း ရှိနေသည်။ တခုတော့လိုနေ၏။ စာစီရန် ကွန်ပျူတာကတော့ မရှိ။ တော်ပါသေး၏။ အရှင်ဦးသြဘာသမှာ လက်ကိုင်ဖုန်းတလုံး ပါလာသည်။ နို့မဟုတ်ရင်တော့ မီဒီယာနှင့် ဗျူးဘို့ အခက်အခဲတွေ့ရပေဦးမည်။ တံဆိပ်တုံးတခု လိုနေတဲ့အတွက် ဒကာ မြို့ထဲတခေါက် ဆိုက္ကားနဲ့ ပြန်ယူပေးရသေး၏။

၁၉၉၀ - ခုနှစ် ပတ္တနိက္ကုဇ္ဇန ကံဆောင် သံဃာ့သမဂ္ဂီ တံဆိပ်တုံး ဖြစ်ပါ တယ်။ ဒကာပြန်ရောက်တော့ Statement တစ်ခု ရေးဆွဲ ပြီးပါပြီ။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး ဖွဲ့စည်းလိုက်ကြောင်းနှင့်



**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး ဖွဲ့စည်းလိုက်ကြောင်းနှင့် နအဖ စစ်အုပ်စုအား တောင်းဆိုချက် (၄)ခု ပါဝင်ပြီး**

နအဖ စစ်အုပ်စုအား တောင်းဆိုချက် (၄)ခု ပါဝင်ပြီး ၁၇-၈-၀၇ နေ့ထိ မလိုက်လျောပါက သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီးမှ ဦးဆောင်၍ ဆန္ဒပြမည်ဖြစ်ကြောင်း ပါဝင်ပါတယ်။

ဆိုတ္တာ့ဘားတစ်စီးဝင်လာပြီး ဘရိတ်ဆွဲသံကျိုကနဲ တချက်ကြားလိုက်ရသည်။ တခါးဖွင့်ပြီး ပါလာသော ထမင်းထုပ်တွေကို ဆီးယူလိုက်၏။ အင်ဖက်တွေနဲ့ ထုပ်ပိုးထားတာဖြစ်ပါတယ်။ ဒီအတိုင်းဘဲ ထိုင်နေတဲ့ ဖျာပေါ်မှာပဲ စုပုံချလိုက်သည်။ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ယူ လိုက်ပြန်ပါ၏။ တစ်ဦး တစ်ထုပ်ကျစီပါ။ ဖျာပေါ်မှာပဲ အထုပ်ဖြန့်ကာ ဝိုင်းဖွဲ့၍ ဘုန်းပေး သုံးဆောင်တော်မူ ကြလေသည်။ အင်ဖက်နံ့ သင်းသင်း ကြောင့်ပဲလား။ ရှေလက်ရာက ကောင်းလို့ပဲလား၊ ဆာလောင်နေလို့ပဲလားတော့ မသိတက်။ အင်ဖက်ပဲကျန်မှ ရပ်လိုက်ကြ၏။ အရှင်ဂမ္ဘီရကား ကဗျာကယာ လက်သုတ်ပြီးနောက် မီဒီယာတွေ တပုံတခေါင်းနဲ့ ဗျူးနေလေတော့သတည်း။

နောက်ပိုင်းဖြစ်စဉ်တွေကို အားလုံးက သိတော်မူကြတဲ့ အတွက် ဒကာ စာမဖွဲ့လိုတော့ပါ။ သို့သော် သတင်းစကား လေးတော့ ဆိုချင်ပါသေး၏။ ရက်စက်ယုတ်မာတဲ့ နအဖ စစ်အုပ်စုမှာ အထွေထွေ အကြပ်အတည်းပေါင်း သောင်းခြောက်ထောင်နဲ့ ယနေ့ရင်ဆိုင်နေရပါပြီ။ ပြည်သူလူထုတရပ်လုံးကလည်း စစ်အာဏာရှင်စနစ်ကို ရွံရှာမုန်းတီးနေကြပါပြီ။ တော်လှန်ရေးကား မဝေးလှတော့ပေ။

---

# ပြည်သူတွေက ကြောက်နေတာ မဟုတ်။ ဘယ်တော့မှ စားမဝင် အိပ်မပျော်နိုင်အောင် ကြောက်ရွံ့ထိတ်လန့်နေသူတွေကတော့ နအဖ စစ်ဗိုလ်ချုပ်တစုသာ ဖြစ်တယ်

စစ်အာဏာရှင်စနစ် ကျဆုံးရေးသည် အဓိက ဆိုတဲ့ ဘုံသဘောထားတူညီမှုရှိနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ တကယ့်ဖြစ်ရပ်မှန်ကား ပြည်သူတွေက ကြောက်နေတာမဟုတ်။ ဘယ်တော့မှ စားမဝင် အိပ်မပျော်နိုင်အောင် ကြောက်ရွံ့ထိတ်လန့်နေသူတွေကတော့ နအဖ စစ်ဗိုလ်ချုပ်တစုသာ ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်ထားကြစေချင်ပါတယ်။ သူတို့ပြုခဲ့တဲ့ ရက်စက်ယုတ်မာမှုတွေက သူတို့ထံ ပြန်လာတော့မယ်ဆိုတာ စစ်ဗိုလ်ချုပ်တွေက သိနေကြပါပြီ။

ဒီအချိန်မှာ အရေးကြီးတာက ဆရာနဲ့ဒကာလို့ ကြိုတင်ပြင်ဆင်ကာ စည်းနှောင်အားပြည့်ဝသည့် အစုအဖွဲ့လေးများ လျှို့ဝှက်စွာတည်ဆောက်ထားနိုင်တယ်ဆိုပါလျှင် မကြာတော့သော ကာလဝယ် ကြီးမားခိုင်မာသည့် People Power ဆိုတာ ကေန်မုချ ပေါ်ပေါက်လာရမှာ ဖြစ်ပါတယ်။ ဤသို့ဆိုလျှင် လူတိုင်းလူတိုင်းက "ဒါ ငါတို့ကိုယ်တိုင် ပါဝင်တိုက်ယူလို့ ရခဲ့တဲ့ လွတ်လပ်၍ တရားမျှတပြီး ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီး ဖြစ်တယ်လို့" ဂုဏ်ယူဝင့်ကြွားနိုင်ကြမှာ ဖြစ်ပါကြောင်း အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့။

လူအချင်းချင်းနှိပ်စက်ခြင်း ကင်းဝေးကြပါစေ

**ဦးလင်း (၁၁-၇-၀၈)**

# သံဃာတော်များ၏ အင်အား

ဗုဒ္ဓမြတ်စွာရှင်တော်ဘုရားက လောကီရေးကိစ္စများနှင့် ကင်းကင်းရှင်းရှင်းနေခဲ့သော်လည်း သူ၏ သွန်သင်ဟောကြားချက်များက နိုင်ငံရေးကျင့်စဉ်တွင် ကောင်းမွန်သောအစိုးရစနစ်နှင့် ကောင်းမွန်သော အုပ်ချုပ်သူများလိုအပ်ကြောင်း အလေးပေး ဟောကြားထားခဲ့ပါသည်။

ဗုဒ္ဓကဟောကြားခဲ့ရာတွင် "တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများက တရားမျှတ ကောင်းမွန်စွာ အုပ်ချုပ်သည့် အခြေအနေတွင် ဝန်ကြီးများသည်လည်း တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြ၏။ ဝန်ကြီးများသည်လည်း တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြသည့် အခြေအနေ၌ အရာရှိများလည်း တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြလေ၏။ အရာရှိများ တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြသည့် အခြေအနေတွင် လက်အောက်ငယ်သားများလည်း တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြ၏။ လက်အောက်ငယ်သားများ တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြသည့် အခြေအနေတွင် ပြည်သူများလည်း တရားမျှတ၊ ကောင်းမွန်စွာ ပြုမူကျင့်ကြံကြ၏" ဟု ဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓဘာသာကို လူများစုကိုးကွယ်ကြသည့် မြန်မာနိုင်ငံတွင် သံဃာအများက ဤဟောကြားချက်များကို လိုက်နာအလေးအနက်ထားကြသည့် အခြေအနေ၌ တိုင်းပြည်အုပ်ချုပ် နေသူ စစ်ခေါင်းဆောင်များနှင့် သံဃာတော်များအကြား မေတ္တာပျက်ယွင်း အစေးမကပ်နိုင် ဖြစ်နေကြရသည့် အနေအထားမှာ အံ့ဩဖွယ်ရာ မဟုတ်တော့ပေ။

လွန်ခဲ့သော ဆယ်စုနှစ် (၂)ခုတာကာလအတွင်း တရားဝင်စာရင်းများအရ အရေအတွက် (၄) သိန်းခန့်ရှိမည့် သံဃာထုများနှင့် တိုင်းပြည်အုပ်ချုပ်နေသော စစ်ဗိုလ်ချုပ်များအကြား ဆက်ဆံရေးမှာ အဆင်မချောဘဲ ရှိနေခဲ့ပါသည်။ စစ်အစိုးရက နိုင်ငံရေးအရတက်ကြွသော၊ ထင်ရှားသော သံဃာအများကို ထောင်သွင်း အကျဉ်းချမှုများလည်း ရှိခဲ့ပါသည်။ ၁၉၈၈ – ခုနှစ် စစ်အစိုးရ အာဏာရလာချိန်မှဆိုလျှင် သံဃာအပါး (၃၀၀) ကျော်ကို အတင်းအကျပ် လူဝတ်လဲစေခဲ့ပြီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်အပြစ်ပေးခဲ့ပါသည်။

သံဃာများကို "ဘုရားသားတော်များ" ဟု မြန်မာ့လူမှုအသိုင်းအဝန်းက သတ်မှတ်ထားကြပြီး စစ်သားနှင့်ရဲ အရေအတွက် (၄)သိန်းခန့်ရှိသည့် လက်နက်ကိုင်တပ်မတော်မှလွဲလျှင် သံဃာ့အဖွဲ့အစည်းသည် အကြီးမားအခိုင်မာဆုံး ကျန်ရှိနေသည့်

လူမှုအဖွဲ့အစည်းလည်း ဖြစ်သည်။

လူထုနှင့် နီးကပ်စွာ နေထိုင်ကြသူများဖြစ်သည့် အားလျော်စွာ၊ နေ့စဉ် ရပ်ရွာအတွင်း ဆွမ်းခံနေစဉ်အချိန်အတွင်း ၌ သာမန် မြန်မာပြည်သူအများစု၏ ဆင်းရဲကျပ်တည်းလာမှုကို ကိုယ်တိုင်မျက်မြင် ကြုံတွေ့နေကြရသူများလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ယုတ်လျော့ကျဆင်းလာနေသော အနေအထားကို သူတို့က မျက်မြင်ကိုယ်တွေ့ သိမြင်ခံစားနိုင်ကြပါသည်။

ပို၍ အရေးကြီးသောအချက်မှာ ရဟန်းသံဃာများ၌ ပို၍ကောင်းမွန်သော ကွန်ရက်ချိတ်ဆက်မှု၊ လူမှုအဆက်အသွယ် နှင့် ဩဇာ လွှမ်းမိုးနိုင်မှု ရှိကြပါသည်။ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများထက်ပင် ပို၍ချိတ်ဆက်မှု ကောင်းသေးသည်ဟု ဆိုနိုင်ပါလိမ့်မည်။ အကြောင်းမှာ နိုင်ငံရေးလှုပ်ရှားသူများမှာ အစဉ်သဖြင့် စောင့်ကြည့်မှုအောက်တွင်ရှိနေပြီး ထောင်သွင်းအကျဉ်းချခံရခြင်း၊ နိုင်ငံရပ်ခြားသို့ ထွက်ပြေးတိမ်းရှောင်စေခြင်းတို့ဖြင့် အစဉ်နှိပ်ကွပ် ခံနေကြရသောကြောင့်လည်း ဖြစ်ပါသည်။



ဘုန်းတော်ကြီးကျောင်း ပုရဝုဏ်အတွင်း သီတင်းသုံး နေထိုင်နေကြသော၊ တရားဓမ္မ လေ့လာအားထုတ်နေကြသော သံဃာတော်များအနေဖြင့် ဤသို့ စစ်အစိုးရကို ပုန်ကန်ရန် အတွက် ကြံစည်အားထုတ်နေကြလိမ့်မည်ဟု မည်သူက မျှော်လင့် ထားပါလိမ့်မည်နည်း။ သို့သော်လည်း မြန်မာ့နိုင်ငံရေးသမိုင်းတွင် ရဟန်းတော်များက အဓိကကျသော အခန်းကဏ္ဍက ပါဝင် လှုပ်ရှားခဲ့ကြပြီး သူတို့က ဤသို့ ကြီးကျယ်ပြောင်မြောက်လှ သော၊ အန္တရာယ်ကြီးမားလှသော လုပ်ငန်းမျိုး လုပ်ဆောင်ရန် အတွက်လည်း ရဲဝံ့ခဲ့ကြသူများဖြစ်သည်။

ဤသို့ ရဟန်းသံဃာများကိုယ်တိုင် နိုင်ငံရေးတွင် ပါဝင်သင့် မသင့် ဆိုသည်မှာ ဆွေးနွေးအငြင်းပွားဖွယ်ကိစ္စ ဖြစ် သော်လည်း နိုင်ငံရေးတွင် ဘုန်းကြီးများ ပါဝင်နေကြသည့် အခန်း ကဏ္ဍမှာ များစွာအငြင်းပွားဖွယ်ဖြစ်သကဲ့သို့ အုပ်စိုးနေသော စစ်အစိုးရအတွက်လည်း ခြိမ်းခြောက်မှုတရပ် ဖြစ်နေပါတော့ သည်။

## ယခင်ကာလ ပုန်ကန်မှုများ

ယခင်ဗြိတိသျှကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကာလကပင် ရဟန်းသံဃာများက ပါဝင် လှုပ်ရှားခဲ့ကြသည်။ သီပေါမင်း နန်းချခံရ၍ ပြည်ပသို့ ပို့ခံရပြီးနောက်ပိုင်း လက်နက်ကိုင်ခုခံ ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင်လည်း သံဃာများက အရပ်သားများ နှင့် ပူးပေါင်းကာ တော်လှန်ခဲ့ကြဖူးသည်။

သံဃာများအကြားတွင် ဆရာတော် ဦးဥတ္တမက သံဃာ့အာဇာနည်အဖြစ် စံထားခဲ့ကြသည်။ သူက စလင်းဒေသတွင် တော်လှန်ပုန်ကန်သူ ၃,၀၀၀ ကျော်ကို ဦးဆောင်၍ မန္တလေးနန်းတော် ထီးကျိုး စည်ပေါက်ဖြစ်ခဲ့ရပြီး နောက်ပိုင်းကာလများတွင် ဦးဆောင်သူပုန်ထခဲ့သူလည်း ဖြစ်သည်။ ဗိုလ်ဥတ္တမဟု ထင်ရှားသော ရဟန်းတဖြစ်လဲ သူပုန်ဗိုလ်ကို ၁၈၈၉ ခုနှစ်တွင် ဗြိတိသျှတို့က ဖမ်းမိကာ ကြိုးပေးကွပ်မျက်ခဲ့ သည်။

စိတ်ဝင်စားဖွယ်ကောင်းသောအချက်မှာ သမိုင်းမှတ်တမ်းများအရ မိမိဆန္ဒအလျောက် လက်နက် စွဲကိုင်တော်လှန်ခဲ့ကြသော ရဟန်းသံဃာများသည်

*သီပေါမင်း နန်းချခံရ၍ ပြည်ပသို့ ပို့ခံရပြီးနောက်ပိုင်း လက်နက်ကိုင်ခုခံ ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင်လည်း သံဃာများက အရပ်သားများနှင့်ပူးပေါင်းကာ တော်လှန်ခဲ့ကြဖူးသည်။*

ပထမဦးစွာ မိမိကိုယ်တိုင်သိက္ခာချ သင်္ကန်းစွန့်ကြပြီးမှ ခုခံတော်လှန်ရေးစစ်ပွဲတွင် ပါဝင်လာခဲ့ကြခြင်းဖြစ်သည်။ သူတို့က ရဟန်းသံဃာများအနေဖြင့် သူ့အသက် မသတ်ရ ဟူသော တားမြစ်ထားသည့် သီလသိက္ခာပုဒ် စည်းမျဉ်းများကို လိုက်နာသောအားဖြင့် ဤသို့ဆောင် ရွက်ခဲ့ကြခြင်းလည်း ဖြစ်သည်။

အခြားသူပုန် အာဇာနည်တဦးဖြစ်သူ ဆရာစံမှာလည်း ရဟန်းပြုခဲ့ဖူးသူ ဘုန်းကြီးလူထွက် တဦးဖြစ်သည်။ သူက ဗြိတိသျှတို့၏ အခွန်စည်းကြပ်မှု ကို ဆန့်ကျင်၍ သာယာဝတီခရိုင်တွင် လယ်သမားတို့ကို ဦးဆောင်ကာ သူပုန်ထခဲ့သူဖြစ်သည်။ ကိုလိုနီ အုပ်ချုပ် သူ ဗြိတိသျှတို့က ဤပုန်ကန်မှုကို လက်နက်ကိုင် တပ် အင်အား (၁၀,၀၀၀)ခန့် စေလွှတ်၍ ချေမှုန်းခဲ့ကြရ သည်။ ဆရာစံကို ဖမ်းဆီးရမိပြီးနောက်ပိုင်းတွင်လည်း သေဒဏ်ပေးကွပ်မျက်ခဲ့ကြပြန်သည်။

ဆရာစံဘက်မှ ရှေ့နေလိုက်ခဲ့သူ ထိပ်တန်း မြန်မာရှေ့နေတဦးမှာ ဒေါက်တာဘမော်ဖြစ်ပြီး ဂျပန် ခေတ် အစိုးရတွင် မြန်မာနိုင်ငံ၏ အဓိပတိဖြစ်လာခဲ့ သည်။

သို့သော်လည်း ရဟန်းသံဃာအားလုံးက လက်နက်ကိုင်တော်လှန်ရေးအတွက် စည်းရုံးဆောင်ရွက် ခဲ့ကြသည်မဟုတ်ပါ။ မြန်မာရဟန်းတော် (၂)ပါးကမူ အကြမ်းမဖက်သည့် အတိုက်အခံနည်းကို တိုက်တွန်းအား ပေးခဲ့ကြသည်။ ဦးဝိစာရနှင့် တခြား ဦးဥတ္တမအမည်ရ သည့် ရဟန်းတပါးတို့ကမူ ကိုလိုနီဆန့်ကျင်ရေး လှုပ် ရှားမှုများအတွက် ထောင်တွင်း နှစ်ပေါင်းများစွာ အကျဉ်းချခံခဲ့ကြရသည်။

သူတို့ကိုလည်း မြန်မာ့သမိုင်းတွင် သူရဲကောင်းများအဖြစ် ကဗျည်းတင်ထားခဲ့ကြပါသည်။ ကမ္ဘာအနှံ့ ခရီးဆန့်လာခဲ့သော ဦးဥတ္တမမှာ ရခိုင်ပြည်



နယ်မှ လူအများလေးစားကြည်ညိုကြသော ရဟန်းတော်ဖြစ်ပြီး၊ အဟောအပြောကောင်းသူလည်း ဖြစ်သည်။ သူ၏ လွတ်လပ်ရေးတောင်းဆိုသည့် ဟောကြားချက်များကို သူရိယသတင်းစာတွင် ရဲရဲတောက်ဖော်ပြခဲ့ကြပြီး သူက တကြိမ်တွင် ဗြိတိသျှဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်ကို အင်္ဂလန်ပြန်သွားရန် ဟောကြားခဲ့သည့် မိန့်ကြားချက်မှာလည်း သမိုင်းတွင် ထင်ရှားကျန်ရစ်ခဲ့ဖူးသည်။ ဤသို့ ကိုလိုနီအရှင်များကို ဆန့်ကျင်ဟောပြောချက်ကြောင့်လည်း ထောင်သွင်း အကျဉ်းချ ခံခဲ့ရသူဖြစ်သည်။

ဦးဉတ္တမကဲ့သို့ပင် ဆရာတော်ဦးဝိစာရမှာလည်း ရဲရဲတောက်ဟောကြားချက်များကြောင့် အကြိမ်များစွာ ထောင်သွင်း အကျဉ်းချခံခဲ့ရပြီး ရက်ပေါင်း ၁၆၆ ရက်ကြာ အစာအငတ်ခံဆန္ဒပြပြီးနောက် ၁၉၂၉ ခုနှစ်တွင် ထောင်တွင်း၌ပင် ပျံလွန်တော်မူခဲ့ရသည်။ သူ့ကိုအကျဉ်းချခဲ့ရာ၌ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အပြစ်ပေးခံခဲ့ရခြင်းဖြစ်ပြီး ဗြိတိသျှအာဏာပိုင်များက အတင်းအကျပ်လူဝတ်လဲခြင်းကို ခံခဲ့ရသည်။

ဤသို့သော ရဟန်းတော်များ၏ ပြောင်မြောက်သည့် လှုပ်ရှားမှုများသည် လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်လာခဲ့ကြသည့် လှုပ်ရှားသူများနှင့် ကျောင်းသားများအတွက် စံပြုအားကျဖွယ် ဖြစ်စေခဲ့သည်။

ပညာရှင်တဦးဖြစ်သူ မိုက်ကယ် မင်ဒဲလ်ဆင် (Michael Mendelson) က သူ၏ "သံဃာများနှင့် မြန်မာနိုင်ငံတော်" (Sangha and State in Burma) ဟု အမည်ရသောစာအုပ်တွင် ကိုလိုနီအုပ်ချုပ်သူများက နိုင်ငံရေးအရ တက်ကြွထက်သန်ကြသော ရဟန်းသံဃာများကို "အဝါရောင်သင်္ကန်းဝတ် ဆူပူလှုံ့ဆော်သူများ" ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြကြောင်း ရေးသားထားပြီး အလားတူပင် လက်ရှိ စစ်ခေါင်းဆောင်များကလည်း ဆန္ဒပြနေကြသော ရဟန်းသံဃာများကို ဖော်ပြခေါ်ဆိုနေပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

အထက်ဖော်ပြပါ သမိုင်းပညာရှင်က ရေးသားခဲ့ရာ၌ ဗြိတိသျှအုပ်ချုပ်သူတို့က ရဟန်းသံဃာများ၏ လူမှုအဖွဲ့အစည်းအတွင်း ဩဇာကြီးမားမှုကို အံ့အားသင့်ခဲ့ကြရသည်ဟု ဆိုသည်။ ဤသို့ဖြင့် ၁၈၈၅ – ခုနှစ် မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီး မကြာမီမှာပင် "သာသနာပိုင်" ဟူသော ဖွဲ့စည်းပုံကို ပယ်ဖျက်ခဲ့ကြသည်။

အတိတ်ကာလများက မြန်မာဘုရင်များက သံဃာများကို ကြီးကြပ်ထိန်းကွပ်နိုင်ရန်အတွက် သာသနာပိုင်ရာထူးကို ခန့်အပ်ခဲ့ကြပြီး၊ ရဟန်းတော်များ ဝိနည်းနှင့်အညီ ကျင့်ကြံစေရေး၊ ဓမ္မစာပေ ပို့ချသင်ကြားရေးအတွက် တာဝန်ပေးခဲ့ကြသည်။ သို့သော်လည်း ဤတာဝန်ရှိသူကို ရဟန်းသံဃာများအားလုံးက လက်ခံခဲ့ကြသည် မဟုတ်ပါ။ တိုးတက်သည့် အယူရှိသည်ဟု ယူဆရသည့် ရွှေကျင်ဂိုဏ်းက ဆန့်ကျင်ခဲ့ကြဖူးသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ သံဃာဂိုဏ်းကွဲများအကြားတွင်လည်း အငြင်းပွားဖွယ်ကိစ္စများ၊ အယူအဆရေးရာ ကွဲပြားမှုများ ရှိနေခဲ့ပြီး သံဃာများ အချင်းချင်းအကြားတွင်လည်း ဂိုဏ်းအလိုက် အားပြိုင်မှု ပဋိပက္ခများ ရှိခဲ့ကြသည်။



(၁၈)ရာစု ကုန်းဘောင်မင်းစိုးစံစဉ်ကာလတွင် ရဟန်းသံဃာများ သင်္ကန်းမည်သို့ မည်ပုံစည်းရမည်နှင့် ပတ်သက်၍ သံဃာများအကြား အချင်းများခဲ့ကြဖူးသည်။ ဤသို့အငြင်းပွားခဲ့ကြသော သံဃာဂိုဏ်း (၂)ခုအကြား တုံဂိုဏ်းနှင့် ရုံဂိုဏ်း ဟူ၍လည်း ပေါ်ပေါက်ခဲ့ဖူးသည်။

မြန်မာပညာရှင် ဦးတင်မောင်မောင်သန်း၏ မှတ်တမ်းများအရ တောင်ငူမင်းဆက်နှင့် ကုန်းဘောင်မင်းဆက် ကာလများတွင် သံဃာဂိုဏ်းတခုခုအပေါ် ဆည်းကပ်ကိုးကွယ်မှုအပေါ် အခြေခံ၍လည်း သံဃာထုအကြား အားပြိုင်မှုများ ကြီးထွားခဲ့ဖူးသည်။ ၁၇၈၂ – ခုနှစ်တွင် ဘိုးတော်ဘုရားက ဤအငြင်းပွားနေမှုများအကြား ဝင်ရောက်စွက်ဖက်ရန် ဖြစ်လာစေခဲ့ပြီး တုံဂိုဏ်းဘက်မှ ရပ်တည်ပေးခဲ့တော့သည်။

ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးကာလတွင် ဝါရင့်အရာရှိတဦးဖြစ်သူ ဗိုလ်မှူးကြီး အက်ဒ်ဝပ် ဆလေဒင် (Col Edward Sladen) က သံဃာတော်များ၏ စွမ်းပကားကို နားလည်သဘောပေါက်သူဖြစ်ပြီး ဗုဒ္ဓဘာသာကို လူများစုက ကိုးကွယ်ကြသည့် မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်ကာလအတွင်း ဗြိတိသျှအစိုးရအနေဖြင့် သံဃာများနှင့် ထိပ်တိုက်တွေ့ရမှုကို ရှောင်လွှဲနိုင်ရန်အတွက် သာသနာပိုင်စနစ်ကို ပြန်လည်ထားရှိရန် အကြံပြုခဲ့ဖူးသေးသည်။

သာသနာပိုင်အဖြစ် တာဝန်ထမ်းဆောင်ရသည့် သံဃာ့အချုပ် အကြီးအမှူး၏ အခန်းကဏ္ဍမှာ ရှုပ်ထွေးပြီး တာဝန်များပြောင်းလှသည်။ သူက ဘုရင်စနစ်နှင့် သံဃာထုအကြား ဆက်သွယ်ထားသူ ပေါင်းကူးလည်းဖြစ်သည်။ သာသနာပိုင်အနေဖြင့် ဩဇာတိက္ကမကြီးမားလှပြီး ရုံဖန်ရံခါ တိုင်းရေးပြည်ရေးများတွင်ပင် ဝင်ရောက် စွက်ဖက်ခွင့်ရှိသည်။

လူအများ လေးစားကြည်ညိုကြသည့် ဆရာတော်တပါးက မင်းတုန်းမင်းကို ဆည်မြောင်းများ တည်ဆောက်ရေးလုပ်ငန်းများတွင် လူအများကို ဆင့်ဆို ခိုင်းစေနေခြင်း ရပ်တန့်စေရန် တိုက်တွန်းနိုင်ခဲ့သည့် အစဉ်အလာလည်းရှိခဲ့သည်။ သို့သော်လည်း လက်ရှိ စစ်အစိုးရက အဓမ္မလုပ်အားပေးရန် စေခိုင်းနေမှုသည် မြန်မာ့

ရိုးရာ အစဉ်အလာဖြစ်သည်။ လူအများအတွက် ကောင်းကျိုးကုသိုလ်ဖြစ်စေသည်ဟု ဆင်ခြေပေးပြောဆိုနေခြင်းမှာ အထူးကွဲလွဲနေပြီး ပျက်ရယ်ပြုဖွယ်ကောင်းသော ကိစ္စလည်း ဖြစ်နေသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ်သူ ယခင်ဝန်ကြီးချုပ် ဦးနု အုပ်စိုးစဉ် ကာလများမှလွဲ၍ ဗုဒ္ဓဘာသာနှင့် သံဃာအများ၏ သြဇာသက်ရောက်နိုင်မှုမှာ ကျဆင်းသွားခဲ့သည်ဟု ဆိုနိုင်သည်။

ဦးနု ကိုယ်နှိုက်က အကြိမ်ကြိမ် သင်္ကန်းစည်း ရဟန်းခံခဲ့ဖူးသူ ဖြစ်သကဲ့သို့ ၎င်း၏ နိုင်ငံရေးရည်ရွယ်ချက်အတွက် ဗုဒ္ဓဘာသာကို ကောင်းစွာ အသုံးချနိုင်ခဲ့သူဖြစ်သည်။ သူ၏အစိုးရလက်ထက်တွင် ဆဋ္ဌမသံဃာရတနာတင်ပွဲကို ၁၉၅၄ - ခုနှစ်တွင် စီစဉ်ကျင်းပနိုင်ခဲ့ပြီး သူက ဗုဒ္ဓသာသနာ့ကောင်စီကို ဖွဲ့စည်းပေးခဲ့သူလည်း ဖြစ်သည်။

ဦးတင်မောင်မောင်သန်းက သူ၏ "မြန်မာနိုင်ငံတွင် သံဃာထုအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် သာသနာပြန်လည်ထွန်းသစ်စေမှု။ သမိုင်းအစဉ်အလာနှင့် လက်တွေ့ကျင့်သုံးနေမှုများ" (Sangha Reforms and Renewal of Sasana in Myanmar: Historical Trends and Comtemporary Practice) ဟူသော စာအုပ်တွင် ရေးသားခဲ့ရာ၌ "ဂိုဏ်းကွဲများ အမျိုးမျိုးတည်ရှိနေမှုကြောင့် ဦးနု အနေဖြင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ အထက်အဆောက်အဦး ဖွဲ့စည်းပုံတွင် စနစ်တကျ ထည့်သွင်းဖွဲ့စည်းနိုင်ရန်နှင့် ၁၉၅၄-ခုနှစ်တွင် ဆဋ္ဌမ သံဃာရတနာတင်ပွဲကို ကျင်းပကြိုးစားခဲ့သော်လည်း ထိရောက်သော ပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ခဲ့ပါ" ဟု သုံးသပ်ဖော်ပြခဲ့သည်။

ထို့အပြင် ဦးနုက ၁၉၆၁ - ခုနှစ်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့ပါသေးသည်။ ဤကြိုးပမ်းမှုကို လွဲမှားသော ကြိုးပမ်းဆောင်ရွက်မှုအဖြစ် သတ်မှတ်ခဲ့ကြပြီး နောက်တနှစ်တွင် ဗိုလ်ချုပ်နေဝင်းက စစ်အာဏာသိမ်းကာ ဦးနုကိုဖယ်ရှားခဲ့သောကြောင့် လက်တွေ့ ဆက်လက်၍ အကောင်အထည်မဖော်နိုင်ဘဲ ရှိခဲ့ပါတော့သည်။



ဦးနေဝင်းက ရဟန်းသံဃာများကို ၎င်း၏အတိုက်အခံဖြစ်လာနိုင်သူများဟု သတ်မှတ်ထားခဲ့ပြီး ရဟန်းသံဃာများကို ထိန်းချုပ်ထားနိုင်ရန် မတူကွဲပြားသော နည်းဗျူဟာများ ချမှတ်ခဲ့သည်။ ၁၉၆၀ - ခုနှစ်များအလယ်ပိုင်းကာလတွင် စစ်အစိုးရက သံဃာ့စုံညီညီလာခံကို ခေါ်ယူကျင်းပပေးခဲ့ပြီး ရဟန်း သံဃာများကို သံဃာ့မှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးခဲ့သည်။ ရဟန်းပျိုများနှင့် ကျောင်းထိုင်ဆရာတော်များက ဤအစည်းအဝေးနှင့် ခပ်ကွာကွာနေခဲ့ကြပါသည်။

၁၉၈၀-ပြည့်နှစ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ ဖွဲ့စည်းမပြီးစီးမီကာလအထိ ဦးနေဝင်းက သံဃာများကို ကောင်းစွာ

ထိန်းချုပ်ထားနိုင်သည်ဟု မဆိုနိုင်ခဲ့ပါ။ နောက်ပိုင်းတွင် သံဃာများကို သိက္ခာချ ဩဇာကျဆင်းစေရန်အတွက် စနစ်တကျ စီမံဆောင်ရွက်ထားသော လုပ်ရှားမှုများကိုလည်း ဆောင်ရွက်လာ ခဲ့ပါသည်။ ဤစီမံကိန်းများအနက်မှ တခုမှာ ဩဇာတိက္ကမ ကြီးမားသော ဆရာတော်သံဃာတော်များကို သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး သိမ်ဖြူ ဆရာတော်ကို အမျိုးသမီးတဦးနှင့် ငြိစွန်းသည်ဟု စွပ်စွဲကာ သိက္ခာချလူဝတ်လဲစေခဲ့ပါသည်။

ဤစီမံချက် မဆောင်ရွက်မီကာလအတွင်းတွင် အစိုးရ၏ ထောက်လှမ်းရေးအရာရှိများ၊ သတင်းပေး များက ရဟန်းများအဖြစ် အယောင်ဆောင်၍ ဘုန်းကြီးကျောင်းများအတွင်း ထိုးဖောက်ဝင်ရောက်ကာ ရဟန်းများနှင့် ကျောင်းထိုင်ဆရာတော်များ၏ သတင်းအချက်အလက်များကို စုဆောင်းရယူစေခဲ့ပါသည်။



ဦးနုက ၁၉၄၇-ခုနှစ်တွင် ဝိပဿနာတရားကျင့်စဉ်များ သင်ကြားပေးပါရန် ဖိတ်ကြားခံခဲ့ရသော နိုင်ငံတကာအလယ်တွင် ထင်ရှားကျော်ကြားသည့် မဟာစည် ဆရာတော် အပါအဝင် အခြားထင်ရှားသည့် သံဃာများ ကိုလည်း ဤစီမံချက်တွင် ပစ်မှတ်ထားဆောင်ရွက်ခဲ့ပါသည်။

မနုဿဗေဒပညာရှင် ဂုစတပ် ဟောက်တ်မင်း (Gustaaf Houtmann)က သူ၏ "မြန်မာနိုင်ငံ၏ ပဋိပက္ခနိုင်ငံရေးတွင်းရှိ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု" (Mental Culture in Burmese Crisis Politics) ဆိုသော စာတမ်းတွင် ဖော်ပြရေးသားခဲ့ရာ၌ မြန်မာအစိုးရအနေဖြင့် "မဟာစည်ဆရာတော်ကို သိက္ခာချရန် ရည်ရွယ်ဖြန့်ချိသော စာရွက်စာတမ်းများ၌ ဆရာတော်က နတ်ကိုးကွယ်ကြောင်း စွပ်စွဲထားပြီး၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓစာပေကျမ်းဂန်၌ တဖက်ကမ်းတတ်ကျွမ်းသူ တိပိဋကမင်းကွန်း ဆရာတော်ဘုရားကြီးကိုလည်း ရဟန်းပြုပြီး (၂) နှစ်အကြာတွင် မလျော်ကန်သောဖြစ်ရပ် ကျူးလွန် ပတ်သက်မှုရှိခဲ့ကြောင်း စွပ်စွဲ အပုတ်ချခဲ့သည်" ဟု ရေးသားထားခဲ့သည်။ အမှန်မှာ ဤဆရာတော် (၂)ပါးလုံးက စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခဲ့မှု ကြောင့် ယခုကဲ့သို့ စွပ်စွဲခံခဲ့ရခြင်းလည်း ဖြစ်သည်။

သို့သော်လည်း ပညာရှင်များနှင့် သမိုင်းပညာရှင်အများစုက ဆိုခဲ့ကြရာတွင် အစိုးရက စွပ်စွဲအရေးယူ ခံခဲ့ကြရသော ရဟန်းများမှာ အမှန်ပင် မကောင်း ကျော်စောမှုများတွင် ပတ်သက်ခဲ့မှုရှိကြောင်း၊ အမျိုးသမီးများ၊ သီလရှင်များနှင့် ငြိစွန်း ပတ်သက်ခဲ့မှုရှိကြောင်းလည်း မှတ်တမ်းပြုဖော်ပြခဲ့ကြပါသည်။

အစိုးရက ဆောင်ရွက်သောစီမံချက်များသည် တခါတရံတွင် ထူးထူးဆန်းဆန်း နိုင်လှပါသည်။ ကောလာဟလကို အရင်ထုတ်လွှင့်ပြီးမှ အရေးယူ ဆောင်ရွက်လေ့ရှိသည်။ ဥပမာအားဖြင့် ရန်ကုန်ရှိ ဘုန်းကြီးတပါးဖြစ်သူ ဦးလာဘဆိုလျှင် လူသားစားသူ ဟူ၍လည်း ထုတ်လွှင့် ကျော်စောစေခဲ့ပါသည်။ အခြားသော ကျော်ကြားသည့် ရဟန်းသံဃာများမှာလည်း ဤသို့မကောင်းသတင်း ထုတ်လွှင့်ကျော်စောခံကြရပြီး လူဝတ်လဲ သိက္ခာချခံရခြင်း၊ သို့မဟုတ် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ထွက်ပြေးကြရခြင်းများ ရှိခဲ့ပါသည်။ ဦးနေဝင်းက "သံဃာထုအတွင်း ပြုပြင်ပြောင်းလဲရေး" စီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး "သံဃာ့ သန့်စင်ရေး စီမံကိန်း"ဟု လူသိများခဲ့ပါသည်။

သံဃာ့နာယကအဖွဲ့ ဖွဲ့စည်းပြီးနောက်ပိုင်းတွင် အစိုးရက သက်ကြီးဝါကြီးဆရာတော်တချို့၏ ထောက်ခံမှု ရရှိလာအောင် စည်းရုံးနိုင်ခဲ့ပါသည်။ သို့သော်လည်း ဦးနေဝင်းက ဗုဒ္ဓဘာသာကို လေးလေးနက်နက် သက်ဝင်ယုံကြည်သူ ဟူ၍ ဟန်ဆောင်နေခဲ့ခြင်း မရှိပါ။ သူအုပ်ချုပ်ခဲ့စဉ် (၂၆)နှစ်တာ ကာလအတွင်းတွင် သံဃာ့အစည်းအဝေးများ၌ ပါဝင်တက်ရောက်သည်ကို တွေ့မြင်ရခဲ့ပါသည်။ လက်ရှိ စစ်ခေါင်းဆောင်များနှင့် မတူသောအချက်မှာ ရဟန်းသံဃာတော်များနှင့် အတူယှဉ်တွဲ၍ ဖော်ပြခြင်းမျိုး တွေ့မြင်ရခဲ့လှပါသည်။

သို့သော်လည်း ၁၉၈၈ – ခုနှစ် လူထုအုံကြွမှုကာလအတွင်းတွင် သူဦးဆောင်သည့် အစိုးရက နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှု ပြန်လည်ရရှိစေရေးအတွက် သံဃာ့မဟာနာယကအဖွဲ့ကို အကူအညီတောင်းခံခဲ့ဖူးပြီး သက်ကြီးဝါကြီး ဆရာတော်များက ရုပ်မြင်သံကြားရှေ့ထွက်ကာ တိုင်းပြည် ပြန်လည်



အေးချမ်းစေရေးအတွက် မေတ္တာရပ်ခံခဲ့ကြပါသည်။

၁၉၈၈–ခုနှစ် ဩဂုတ်လ ရန်ကုန်မြို့တွင်း ပစ်ခတ်ချေမှုန်းသတ်ဖြတ်မှုများ ပြီးသည့်အခါ ရဟန်းတော်များက အသက်များ ဆုံးရှုံးသေကြေကြရသည့်အတွက် ဝမ်းနည်းကြောင်းပြောဆိုခဲ့ကြပြီး စစ်အစိုးရကိုလည်း မင်းကျင့်တရား (၁၀)ပါးနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ပါရန်ပန်ကြားခဲ့ကြရာ မြင်ရသူအများက အံ့အားသင့်ခဲ့ကြရပါသည်။ ဤ သံဃာတော်များ၏ မေတ္တာရပ်ခံမှုက လူထုအတွင်းဆူပွက်နေသောစိတ်ကို မငြိမ်းအေးစေခဲ့ပါ။



သို့သော်လည်း ဤဆရာတော်ကြီးများ ပြောဆိုခဲ့ကြသည့် မေတ္တာရပ်ခံချက်ကြောင့် “မင်းကျင့်တရား ၁၀ ပါး” ကို လူအများ ပြန်လည် အမှတ်ရစေခဲ့ပြီး ဦးနေဝင်းကိုလည်း မင်းကောင်းမင်းမြတ် တဦးသဖွယ် ကျင့်ကြံရန် သတိပေးသည့်နှယ် ရှိခဲ့ပါသည်။

ဩဂုတ်လ (၃၀)ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာက ဖော်ပြရာ၌ “ရဟန်းသံဃာ အပါး ၁,၅၀၀ ခန့်က ရန်ကုန်မြို့တွင်း စီတန်းလမ်းလျှောက်ခဲ့ကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာနရှေ့တွင် စုရုံးခဲ့ကြသည်။ ဒီမိုကရေစီအရေး လှုပ်ရှားမှုအတွင်း ကျဆုံးသွားရသူ ရဟန်း၊ အလုပ်သမား၊ ကျောင်းသား ပြည်သူများအတွက် မေတ္တာသုတ်ရွတ်ဆို ဆုတောင်းပေးခဲ့ကြသည်” ဟု ရေးသားခဲ့ပါသည်။ ဆန္ဒပြသူများအတွင်းတွင် အသက်အရွယ်အားဖြင့် ငယ်ရွယ်သောရဟန်းပျို အများအပြားလည်း ပါဝင်လှုပ်ရှား ဆန္ဒပြခဲ့ကြပါသည်။

မြန်မာပြည်သူ အများစုအတွက်မူ ဒီမိုကရေစီတော်လှန်ရေးမှာ မပြီးဆုံးသေးသော တိုက်ပွဲဖြစ်သည်ဟု ယူဆထားကြသည့်အပြင် သံဃာထုအကြားနှင့် စစ်အစိုးရတွင်လည်း တင်းမာမှုများ ကြီးထွားရှင်သန်နေဆဲ ဖြစ်သည်။

ဦးနေဝင်း၊ ဦးနုတို့နှင့် မတူသောအချက်မှာ ၁၉၈၈ – ခုနှစ်တွင် အာဏာရယူခဲ့ကြသော စစ်ခေါင်းဆောင်များက သံဃာထုကို ဆွဲဆောင်သိမ်းသွင်းနိုင်ရန် အတွက် ပြောင်ပြောင်တင်းတင်းပင် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ သူတို့က သံဃာထုကို ကာကွယ်စောင့်ရှောက်သည့် သူများသဖွယ် ဟန်ဆောင်ပြောဆိုခဲ့ကြသော်လည်း အမှန်ရည်ရွယ်ချက် မှာ သံဃာထု၏ ထောက်ခံချက်ဖြင့် နိုင်ငံရေး တရားဝင်မှု တည်ဆောက်လိုခြင်းပင်ဖြစ်သည်။

စစ်အစိုးရက အလှူအတန်းပြုသည့် အခမ်းအနားများကို အကြီးအကျယ် ပြုလုပ်ခဲ့ကြပြီး သံဃာများကို ဆွမ်းနှင့် အခြားတန်ဖိုးကြီးပစ္စည်းများ လှူဒါန်း ဆက်ကပ်ခဲ့ကြသည်။ ထို့အပြင် စစ်အစိုးရခေါင်းဆောင်များက တိုင်းပြည်အတွင်း ပြန်လည်တည်ဆောက်မွမ်းမံရေး စီမံချက်များကိုလည်း ပြုလုပ်၍ အကြီးအကျယ် ဝါဒဖြန့်ချိခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ မကျေနပ် အုံကြွလိုသော ရဟန်းသံဃာများနှင့် အာဏာပိုင်များအကြား ပဋိပက္ခများ၊ ထိပ်တိုက်ရင်ဆိုင်မှုများက ဆက်လက် ရှိနေဆဲဖြစ်သည်။

၁၉၉၀ – ခုနှစ်တွင် မန္တလေး၌ စစ်တပ်က လူအုပ်စုအတွင်းသို့ ပစ်ခတ်နှိမ်နင်းခဲ့ပြန်ပြီး ရဟန်းတော်တချို့ အပါအဝင် လူတချို့လည်း သေဆုံးခဲ့ရသည်။ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကို ဒေါသအမျက်ထွက်ကြပြီး မန္တလေးရှိ ရဟန်းသံဃာများက ပတ္တနိက္ကုဇ္ဇနကံဆောင်ခဲ့ကြသည်။ စစ်တပ်အတွင်းရှိ တပ်မတော်သားများနှင့် ၎င်းတို့၏မိသားစုဝင်များမှ လှူဖွယ်ပစ္စည်းများ လက်ခံရန် ငြင်းပယ်ခြင်းဖြင့် ဆန္ဒပြကြခြင်းဖြစ်သည်။

ယခုတကြိမ်တွင်လည်း မြန်မာနိုင်ငံ မြေလတ်ပိုင်းရှိ ပခုက္ကူမြို့တွင် ငြိမ်းချမ်း စွာ ဆန္ဒပြကြသော ရဟန်းသံဃာများကို အာဏာပိုင်များက ရိုက်နှက်ခဲ့ကြပြီး နောက်ပိုင်း မြန်မာနိုင်ငံ ဒေသအနှံ့တွင် သံဃာများက အလားတူကံဆောင်ပွဲများကို ဆောင်ရွက်ခဲ့ကြပြန်သည်။

ရဟန်းတော်များက ပတ္တနိက္ကုဇ္ဇနကံ ဆောင်ရန် အကြောင်း (၈) ချက်ရှိသည်။ ရဟန်းတော်တို့အား ဘေးအန္တရာယ်ဖြစ်စေရန်၊ မတိုးပွားစေရန် လုံ့လပြုခြင်း၊ သံဃာအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် လုပ်ခြင်း၊ ဘုရား၊ တရားတော်နှင့် သံဃာများ၏ ဂုဏ်ကို သေးသိမ်အောင် စော်ကားခြင်းတို့ပါဝင်ပြီး ဤပြစ်မှုများ ကျူးလွန်ပါက သံဃာများက ကံဆောင်၍ တုံ့ပြန်ဆောင်ရွက်ခွင့်ရှိသည်။

ဤသို့ ကျူးလွန်စော်ကားခံရသော ရဟန်းက ကျူးလွန်သူ သို့မဟုတ် အာဏာပိုင်များထံမှ သံဃာများအပေါ် စော်ကား ကျူးလွန်ခဲ့မှုအတွက် လုံလောက်သော ကျေအေးနိုင်ဖွယ် တောင်းပန်မှုရှိလာပါက သံဃာများအနေဖြင့် “ပတ္တနိက္ကုဇ္ဇနကံ” ဆောင်နေခြင်းကို ပြန်လည် ရုပ်သိမ်းနိုင်ပါသည်။ ဤသို့ ကံဆောင်မှု ပြန်လည်ရုပ်သိမ်းရန်အတွက် လုပ်ထုံးလုပ်နည်းမှာ အနည်းဆုံး သံဃာ (၄)ပါးစုညီ သိမ်ဝင်၍ ကမ္မဝါစာဖတ်ကာ ပြန်လည်ရုပ်သိမ်းနိုင်သည်။

*ဘုရား၊ တရားတော်နှင့် သံဃာများ၏ ဂုဏ်ကို သေးသိမ်အောင် စော်ကားခြင်း တို့ပါဝင်ပြီး ဤပြစ်မှုများ ကျူးလွန်ပါက သံဃာများက ကံဆောင်၍ တုံ့ပြန် ဆောင်ရွက်ခွင့်ရှိသည်။*

မြန်မာနိုင်ငံရှိ အချို့သောရဟန်းတော်များက ၁၉၉၀-ခုနှစ်က ဆောင်ခဲ့သော ပတ္တနိက္ကုဇ္ဇနကံဆောင်မှုသည် ဆက်လက် သက်ဝင်နေသေးကြောင်း ယုံကြည်ထားကြပြီး ထိုအချိန်မှစ၍ ယခုတိုင် သင့်လျော်သော ကျေအေးဖွယ် တောင်းပန်မှု ပြန်လည်ရရှိခဲ့ခြင်း မရှိသေးပါ။ အကြမ်းဖက် ဖြိုခွဲမှုနှင့်သာ တွေ့ခဲ့ကြရပါသည်။ ထိုအချိန်က ရဟန်းသံဃာများက စစ်အစိုးရခေါင်းဆောင်များနှင့် ၎င်းတို့မိသားစုများ ကျင်းပသည့် ဘာသာရေး အခမ်းအနားများသို့ကြွရန် ငြင်းဆန်ခဲ့ကြပါသည်။

ဖြစ်ရပ်တခုတွင် နောက်ပိုင်း ကုန်သွယ်ရေးဝန်ကြီးဖြစ်လာသူ၊ ထိုအချိန်က မန္တလေးတိုင်း စစ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်က ဝါတော်ရဆရာတော်များနှင့် သံဃာများကို ဘာသာရေးအခမ်းအနားတခုသို့ ဖိတ်ကြားခဲ့သော်လည်း၊ သံဃာအများက ငြင်းဆန်၍ မတက်ရောက်ဘဲ နေခဲ့ကြသည်။ ထိုအခါမှ စစ်အစိုးရခေါင်းဆောင်များက သံဃာများ၏ သပိတ်မှောက်ကံဆောင်မှုကို အလေးအနက်ထားလာကြပြီး နောက်ပိုင်း တုံ့ပြန်ဖြိုခွဲနိုင်ရန် ပြင်းပြင်းထန်ထန် လုပ်ဆောင်ခဲ့ကြသည်။

မန္တလေးတမြို့တည်းတွင်ပင် ဘုန်းတော်ကြီးကျောင်း (၁၃၀)ကို ဝင်ရောက်စီးနင်းခဲ့ပြီး သံဃာများကို ဖမ်းဆီး၊ လူဝတ်လဲ ထောင်ချခဲ့သည်။ တနိုင်ငံလုံးအတိုင်းအတာအရ သံဃာအပါး (၃၀၀)ကျော်မှာ လူဝတ်လဲခံရကာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ထိုသံဃာများက လူဝတ်လဲခံရ၍ အကျဉ်းထောင်ဝတ်စုံဖြင့် ရှိနေစေကာမူ၊ သံဃာအဖြစ် တရားဝင်

သတ်မှတ်မခံရဘဲ ပယ်ဖျက်ခဲ့စေကာမူ၊ ၎င်းဖမ်းဆီးထိန်းသိမ်းခံရသူ သံဃာများက ရဟန်းတော်များ၏ အကျင့်သိက္ခာအတိုင်း ဆက်လက် ကျင့်သုံး၍ ထောင်တွင်း၌ နေထိုင်ခဲ့ကြပုံကိုလည်း အတူနေထိုင်ခဲ့ကြရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြန်ပြောင်း ပြောပြကြပါသည်။

ဗုဒ္ဓစာပေကျမ်းဂန် နှံ့စပ်တတ်ကျွမ်းသည့် ဦးသုမင်္ဂလကဲ့သို့သော လူအများလေးစားကြည်ညိုခံရသည့် ဆရာတော်ကြီး (၈)ပါး အပါအဝင် အခြားသံဃာများလည်း ဤသံဃာ့သပိတ် ဖြိုခွဲမှုတွင် ဖမ်းဆီးခံခဲ့ရသည်။ ဆရာတော်ဦးသုမင်္ဂလကိုမူ ထောင်ဒဏ် (၈)နှစ် အပြစ်ချမှတ်ခဲ့သည်။

ရဟန်းတော်များကို အတင်းအကျပ် လူဝတ်လဲစေရုံမျှ မကဘဲ အဖြူရောင်ထောင်ဝတ်စုံများကို ဝတ်စေကာ ၎င်းသံဃာများ၏ အမည်ရင်း ဘွဲ့အမည်များ အစား အကျဉ်းထောင်အတွင်း လူအမည်များပေး၍ ခေါ်ဝေါ်ခဲ့ကြကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြန်လည်ပြောပြခဲ့ကြသည်။

၁၉၉၁ – ခုနှစ်၊ သံဃာ့သပိတ်ကို အကြမ်းဖက်ဖြိုခွဲပြီး တနှစ်အကြာတွင် ထိုအချိန်က စစ်အစိုးရအကြီးအကဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီး စောမောင်လည်း အာရုံကြောချို့ယွင်းကာ ကျန်းမာရေးအကြောင်းပြချက်ဖြင့် အနားယူခဲ့ရသည်။ သို့သော်လည်း ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်ကြသည့် မြန်မာအများစုကမူ ရဟန်းတော်များကို စော်ကားပြုမူသည့်အတွက် ကံထိုက်သည်၊ ပြစ်ဒဏ်သင့်ခံရသည်ဟု ယခုတိုင် ယုံကြည်နေကြဆဲဖြစ်သည်။

၁၉၉၀ – ခုနှစ် သံဃာ့သပိတ်ဖြိုခွဲမှုကြောင့် သံဃာထုအတွင်းလည်း အကွဲအပြဲများ ပေါ်ပေါက်ခဲ့ရသည်။ ကွယ်လွန်ပြီဖြစ်သူ မင်းကွန်းဆရာတော်က ထိုအချိန်က နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့၏ အတွင်းရေးမှူးဆရာတော်ဖြစ်ပြီး သူတို့၏ သံဃာ့ကံဆောင်မှုကို ဆရာတော်ကြီးက မထောက်ခံသည့်အတွက် လှောင်ပြောင်သရော်မှုများ ရှိခဲ့ပါသည်။ မင်းကွန်း ဆရာတော်ကြီးကို "ဗိုလ်ချုပ်မှူးကြီး မင်းကွန်း ဆရာတော်" ဟု လှောင်ပြောင်ခေါ်ဝေါ်ခဲ့ကြပြီး မန္တလေးရှိ ဘုန်းတော်ကြီး ကျောင်းတခုသို့ ဆရာတော်ကြီးကြွလာစဉ် ရဟန်းပျိုများက စစ်ပုံစံဖြင့် အလေးပြုခဲ့ကြသည်ဟု ဆိုပါသည်။

ယနေ့ကာလတွင် အုံကြွဆူပူလိုကြသော ရဟန်းပျိုများက သူတို့ကိုယ်သူတို့ ထောင်အကျခံရန် စဉ်းစားပိုင်းဖြတ်ထားသည့် အချိန်၌ သက်တော်ရ ဝါတော်ရ ဆရာတော်များက စစ်ဗိုလ်ချုပ်များထံမှ လှူဖွယ်ပစ္စည်းများ လက်ခံယူနေကြရင်း အစိုးရ၏ အသုံးချခံများ ဖြစ်နေကြရပါသည်။ တိုင်းပြည်ကို အုပ်ချုပ်နေသည့် စစ်ဗိုလ်ချုပ်များထံမှ လှူဖွယ်ပစ္စည်းများကို လက်ခံ၍ ဤသက်တော်ရ ဆရာတော်၊ ရဟန်းတော်များက ၎င်းတို့ကို ချီးမြှောက်နေကြသည့်အချိန်၌ ပြည်သူလူထု၏ ကြုံတွေ့ခံစားနေရသော ဒုက္ခများကို ကိုယ်စားပြုပြောဆိုရန် မဆိုထားနှင့် သံဃာထု၏ အကျိုးအတွက် ကိုယ်စားပြု မပြောဆိုကြတော့ဘဲ ရှောင်ဖယ်နေ

*ထောင်အကျခံရန် စဉ်းစားပိုင်းဖြတ်ထားသည့် အချိန်၌ သက်တော်ရ ဝါတော်ရ ဆရာတော်များက စစ်ဗိုလ်ချုပ်များထံမှ လှူဖွယ်ပစ္စည်းများ*

ကြပါတော့သည်။ ဤသို့ဖြင့် ကျောင်းထိုင်ဆရာတော်၊ သက်တော်ဝါတော်ရ ဆရာတော်ကြီးများနှင့် ရဟန်းပျို တို့၏ အကြား မလွှဲမရှောင်သာ ကွာဟချက်ကြီးမား၍ လာပါတော့ သည်။

မည်သို့ဖြစ်စေ စစ်ဗိုလ်ချုပ်များအနေဖြင့် လွယ်လွယ်နှင့် အလျှော့ပေးကြလိမ့်မည် မဟုတ်ပါ။ တချိန်က လူထုကို စည်းရုံးသိမ်းသွင်းနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်ကို ငှားရမ်း၍ နိုင်ငံအတွင်း လှည့်လည်ကြွချီစေခဲ့ပါသေးသည်။ ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကိုလည်း ကမကထပြု ကျင်းပပေးခဲ့ပါသေးသည်။

၁၉၉၉–ခုနှစ်တွင် စစ်ခေါင်းဆောင်များက ရွှေတိဂုံဘုရားထီးတော်ကို ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ဒေသအတွင်း ငလျင်ငယ်များ လှုပ်နေစဉ်ကာလတွင်ပင် ထီးတော်ကို ဖြုတ်ချပြုပြင်ခဲ့ပါသေးသည်။ ဒေသခံများ၏ အဆိုအရ ဤသို့ထီးတော်ဖြုတ်ချခဲ့သည့်အပေါ် ရွှေတိဂုံ ဘုရားစောင့်နတ်များက မနှစ်သက်ကြ၍ ငလျင်လှုပ်သည်ဟုလည်း ဆိုကြပါသေးသည်။ သို့သော်လည်း ဤ သို့ ထီးတော်ဖြုတ်ချ၍ ပြုပြင်မွမ်းမံခဲ့ခြင်းဖြင့် စစ်အစိုးရ ခေါင်းဆောင်များအပေါ် ပြည်သူလူထု ထောက်ခံမှု ထူးခြားတိုးတက် ရရှိမလာစေခဲ့ပါ။

စစ်ဗိုလ်ချုပ်များက သံဃာထုနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ အတိုက်အခံများနှင့် ဆက်ဆံရာတွင်လည်းကောင်း သွေးခွဲအုပ်ချုပ်ရေး မူဝါဒကို ချမှတ်ကျင့်သုံးခဲ့ကြသည်။

၁၉၉၆ – ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က သံဃာထုအကြားသို့ စိမ့်ဝင်ထိုးဖောက်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် ကြံစည်နေကြောင်း စစ်အစိုးရက စွပ်စွဲနေပါသေးသည်။ ထို့အပြင် စစ်အစိုးရက ဒီမိုကရေစီအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သံဃာတော်များ တပူးတွဲတွဲ မြင်တွေ့ရခြင်းကို မနှစ်မြို့နိုင်ဘဲရှိခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးသြဇာ ကြီးထွားနေမှုကို ချေဖျက်နိုင်ရန်အတွက် ၁၉၉၅ – ခုနှစ်တွင် စစ်အစိုးရက လန်ဒန်မြို့တွင် သီတင်းသုံးနေသည့် နာမည်ကြီးဆရာတော် ဒေါက်တာရေဝတဓမ္မကို အတိုက်အခံခေါင်းဆောင် ထိန်းသိမ်းခံနေရစဉ်အတွင်း လာရောက်တွေ့ဆုံခွင့် ပြုခဲ့ပါသေးသည်။ ဆရာတော် ရေဝတဓမ္မက ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်များ အကြား ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးမည်ဟု ကြေငြာခဲ့ပြီး ဆရာတော်က ဒေါ်အောင်ဆန်းစုကြည်နှင့် ထိပ်ပိုင်း စစ်ခေါင်းဆောင်များအကြား ကူးလူးဆက်ဆံ၍ ကြိုးပမ်းခဲ့ပါသေးသည်။ သို့သော်လည်း သူ၏ကြိုးပမ်းမှုများ အောင်မြင်မှုမရနိုင်ဘဲ နောက်ဆုံး လန်ဒန်မြို့သို့ပြန်ကြွခဲ့ရပါတော့သည်။ လေ့လာဝေဖန်နေသူများက သုံးသပ်ကြသည်မှာ စစ်အစိုးရက ဆရာတော် ဦးရေဝတကိုအသုံးချ၍ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးစွန့်လွှတ်သွားစေရန် ကြိုးပမ်းခဲ့သည်ဟု မြင်ကြပါသည်။

သို့သော် ရယ်ဖွယ်ကောင်းသောကိစ္စမှာ စစ်အစိုးရခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်ကို ကွန်မြူနစ်ဟု စွပ်စွဲခဲ့ပြီး ဘာသာတရားအပေါ် လေးစားကြည်ညိုမှု မရှိသူဟုလည်း လူသိရှင်ကြား စွပ်စွဲခဲ့ပါသေးသည်။ အကြောင်းက ဒေါ်အောင်ဆန်းစုကြည်က တရားပွဲတခုတွင် "လူသားအားလုံးလည်း ကြိုးစားလျှင် ယခုဘဝအတွင်း၌ပင် ဘုရားဖြစ်နိုင်သည်" ဟု ပြောဆိုခဲ့မှုအပေါ် ရည်ညွှန်းစွပ်စွဲခြင်းလည်း ဖြစ်ပါသည်။

ပထမအကြိမ် နေအိမ်အကျယ်ချုပ်ချခံရပြီးနောက် ဒေါ်အောင်ဆန်းစုကို ပြန်လွှတ်ပေးခဲ့သည့် နောက် ၁၉၉၅ – ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်သို့ ခရီးထွက်ခဲ့ရာ ထောက်လှမ်းရေးအရာရှိများ



အမျက်ထွက်ခဲ့ကြရပါသည်။ အကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်က တန်ခိုးသြဇာကြီးလှသည့် သာမည ဆရာတော်ကို ဆည်းကပ်ကုသိုလ်ပြုနိုင်ရန် ခရီးထွက်ခဲ့သောကြောင့်လည်း ဖြစ်သည်။

အစဉ်အလာအရဆိုလျှင် ဘုန်းတော်ကြီးကျောင်းများက နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအတွက် ခိုလှုံပုန်းအောင်းရာနေရာ ဖြစ်ခဲ့ပြီး ၁၉၈၈ – ခုနှစ်တွင်လည်း ရဟန်းသံဃာများက စစ်ထောက်လှမ်းရေးများ၏ ရန်မှ ရှောင်တိမ်းပြေးလွှားနေကြရသူများအတွက် ခိုလှုံခွင့် ပြုခဲ့ကြပါသည်။

တကြိမ်တွင် စစ်အစိုးရက အတိုက်အခံများကို ရဟန်းခံ ရှင်ပြုခွင့်မပြုရန် တားဆီးကန့်သတ်ချက်ပင် ပြုခဲ့ပါသေးသည်။ ကျောင်းသားအများစုရှိရာ တက္ကသိုလ်နှင့် ကျောင်းများကို တင်းတင်းကျပ်ကျပ် စောင့်ကြည့်ခဲ့သကဲ့သို့ပင် နိုင်ငံရေးအရ တက်ကြွထက်သန်သော ဘုန်းတော်ကြီးကျောင်းများကိုလည်း စစ်အစိုးရက အနီးကပ် စောင့်ကြည့်ခဲ့ကြပါသည်။

သာမညတောင်ပေါ်တွင် သီတင်းသုံးသည့်အတွက် “သာမည ဆရာတော်”ဟု လူအများက လေးစားကြည်ညိုကြသည့် ဆရာတော် ဘဒ္ဒန္တဝိနယက ဒေသအတွင်းရှိ ပြည်သူများကို ကူညီပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေး စီမံချက်များ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော်လည်း စစ်ဗိုလ်ချုပ်များက မရှုစိမ့်ဘဲ အနှောင့်အယှက်ပေး ဟန့်တားခဲ့ ကြပါသေးသည်။

လူအများက ဆရာတော်ကို တန်ခိုးသိဒ္ဓိပေါက်သည်ဟု လက်ခံယုံကြည်ကိုးကွယ်ကြသည့်နည်းတူ စစ်အာဏာပိုင်များထံ ဒူးမထောက် မရိုကျိုးသော ဆရာတော်၏ ရပ်တည်ချက်ကြောင့်လည်း ပို၍ကြည်ညိုကြပါသည်။ ထိုအချိန်က တန်ခိုးထွားခဲ့သည့် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာတော်ထံသို့ တန်ဖိုးကြီးကားတစီးလှူသည်ကိုလည်း ဆရာတော်က လက်မခံ ငြင်းပယ်ခဲ့ပါသည်။

ဗိုလ်ချုပ်ခင်ညွန့်သည်လည်း သာမည ဆရာတော်ကို ဝယ်ယူစည်းရုံးရန် မစွမ်းနိုင်ခဲ့ပါ။

မြန်မာစစ်အစိုးရခေါင်းဆောင်များကို ဗုဒ္ဓဘာသာ စွဲစွဲမြဲမြဲ သက်ဝင်ယုံကြည်သူများဟု ယူဆလျှင် အမှား ကြီးမှားပါလိမ့်မည်။ စစ်ဗိုလ်ချုပ်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ဗုဒ္ဓဘာသာကျင့်စဉ်များထက်စာလျှင် ဗေဒင် ကိန်းခန်း၊ ယတြာများ၌သာ ပိုမို အားကိုးယုံကြည်ကြပါသည်။ သူတို့က တန်ခိုးသြဇာတက်စေသော အဆောင်လက်ဖွဲ့များ၊ ဆင်ဖြူတော် စသဖြင့်ကိုသာ ပိုမိုတန်ဖိုးထားနေကြပြီး ဗေဒင်ဆရာများထံမှ အကြံရယူ ဆောင်ရွက်နေခဲ့ကြပါသည်။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုသကဲ့သို့ စစ်ဗိုလ်ချုပ်များနှင့် သူတို့၏ ဗေဒင်အခါပေး

ဆရာများက တပူးတွဲတွဲရှိကြပြီး ကျသည့်အခါတွင်လည်း အတူ ကျရှုံးရသည်ကိုလည်း တွေ့ကြရပါသည်။ အာဏာ ရှင်ဟောင်း ဦးနေဝင်း၏မိသားစုကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် စွပ်စွဲအပြစ်ပေးခဲ့ပြီးသည့်နောက်ပိုင်း ၎င်းတို့၏ အခါပေးဗေဒင် ဆရာ အောင်ပွင့်ခေါင် ကိုလည်း ၂၀၀၂ – ခုနှစ်တွင် ဖမ်းဆီးထောင်ချခံခဲ့ရပါသည်။

ယခင် ဝန်ကြီးချုပ်ဟောင်းနှင့် စစ်ထောက်လှမ်းရေး အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့် ၂၀၀၄ – ခုနှစ်တွင် ဖယ်ရှားဖြုတ်ချခံရပြီး နောက်ပိုင်းတွင် ၎င်း၏ အခါပေးဆရာ ဘိုးတော်သန်းလှသည်လည်း ထောင်သွင်း အကျဉ်းချခံခဲ့ရပါတော့သည်။

မြန်မာစစ်အစိုးရခေါင်းဆောင်များအနေဖြင့် ဗုဒ္ဓဘာသာ ထွန်းကားစေရန် မြှင့်တင်ကြိုးပမ်းနေကြသည်ဟု ဆိုလျှင်ဖြင့် ယုံကြည်ရန် အတော်ခက်ခဲပါလိမ့်မည်။ သူတို့က ဘုရားတည်ကြသည့်အချိန်၊ ဗုဒ္ဓရုပ်ပွားတော်များ တည်ဆောက်ကြည်ညိုကြသည့်အချိန်၌ပင် သူတို့၏အလှူက ဗေဒင်ကိန်းခန်းများအရ ယတြာချေခြင်း ဖြစ်နေတတ်ကြပါသည်။

လေယာဉ်ပျံပေါ်တွင် သစ်သားမြင်းရုပ်ကိုစီး၍ မွေးရပ်ဇာတိမြို့ကို (၉)ကြိမ်ပတ်ရန်အတွက် ယခင် အာဏာရှင်ဟောင်း ဦးနေဝင်းကို မည်သူက အကြံပေးခဲ့ပါသနည်း။ ၄၅ ကျပ်တန်၊ ၉၀ ကျပ်တန် ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေရန် ဦးနေဝင်းကို မည်သူက အကြံပေးခဲ့ပါသနည်း။ သာဓကများစွာ ရှိနေပါသည်။

ဗိုလ်ချုပ်ခင်ညွန့်ကို အမျိုးသမီးတဦးသဖွယ်ဝတ်ဆင်၍ ဒေါ်အောင်ဆန်းစုကြည်၏ မူပိုင်ဟန်ဖြစ်သည့် ပန်းများပန်၍ ၎င်း "အမျိုးသမီး"၏ ဩဇာ အာဏာကို ခိုးယူရန် မည်သူက အကြံပေးခဲ့ပါသနည်း။ မြို့တော် ပြောင်းရွှေ့ရန်အတွက် ဗိုလ်ချုပ်သန်းရွှေကို မည်သူက တိုက်တွန်းခဲ့ပါသနည်း။

သေချာသည်မှာ ဤအပြုအမူများက ဗုဒ္ဓဘာသာဝင်များ ကျင့်ကြံပြုမူကြသည့် လုပ်ရပ်များ မဟုတ်ပါ။ အလားတူပင် ဗုဒ္ဓဘာသာအရ ရဟန်းသံဃာများကို ရိုက်နှက်ညှဉ်းပမ်းရန်၊ အဝမ္မ လူဝတ်လဲရန်၊ ထောင်ချရန်၊ သတ်ဖြတ်ရန်အတွက် ခွင့်ပြုပေးထားခြင်း မရှိပါ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ ဆုတ်ယုတ်ကျဆင်းလာရခြင်းနှင့် စစ်ဝါဒ ခေါင်းထောင်ထလာခြင်း အပေါ် လူအများက အထူး စိုးရိမ်ပူပန်နေကြပါသည်။ ဤသို့ဖြစ်သည့် အခြေအနေများကြောင့်လည်း လူမှုရေး ကဏ္ဍကို ထောက်ပြဝေဖန်ကြသူများနှင့် နိုင်ငံရေးအရ တက်ကြွထက်သန်ကြသော သံဃာတော်များက စစ်ဗိုလ်ချုပ်များသည် ဗုဒ္ဓဘာသာ သာသနာနှင့် ဗုဒ္ဓတရားတော်များအတွက် အဓိကခြိမ်းခြောက်မှုဖြစ်နေသည်။ ဗုဒ္ဓရုပ်ပွားတော်များ ရှေ့တွင် ပုဆစ်တုပ်ဝတ်ချနေကြသော်လည်း သာသနာအကျိုးကို ဖျက်ကြမည့် သူများဖြစ်သည်ဟု ဝေဖန်ပြောဆိုနေကြခြင်းမှာလည်း အံ့ဩဖွယ်ရာမဟုတ်တော့ပါ။

ရှင်မေတ္တာစာရ ဘလော့မှ ကူးယူဖော်ပြပါသည်။




ပုဂ္ဂိုလ်ထူးဆရာတော် ရှင်ဥတ္တမသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပရပ် အဖ ဦးမြ၊ အမိ ဒေါ်အောင်ကျော်သူ တို့ မှ (၁၈၇၉) ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းသုံးဦးဖြစ်သော

၁။ မောင်ပေါ်ထွန်းအောင်

၂။ မောင်ကျော်ထွန်းအောင်

၃။ မအိမ်စိုးတို့အနက် အကြီးဆုံး မောင်ပေါ်ထွန်းအောင်မှာ နောင်အခါ ဦးဥတ္တမ ဖြစ်လာသည်။ ငယ်စဉ်ကပင် အပေါင်းအသင်းများကို ခေါင်းဆောင်လေ့ရှိသည်။ ညီအကိုနှစ်ဦးမှာ (၉)နှစ် အရွယ်နှင့် (၆)နှစ် အရွယ်သို့ ရောက်ကြသောအခါ အင်္ဂလိပ်စာသင်ကြားလို၍ မိဘများအားပူစာရာ မရသဖြင့် အိမ်မှထွက်ပြေးခဲ့သည်။ (၁၅)ရက်ခန့် အကြာတွင်မှ သစ်ပင်တပင်အောက်တွင် ညီကိုနှစ်ဦးအား မိဘများမှ ပြန်တွေ့ခဲ့ကြသည်။

ထိုနောက် မိဘများမှ ကလေးနှစ်ယောက်၏ ဆန္ဒအား ပြည့်ဝစေရန်အတွက် စစ်တွေမြို့ရှိ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာသင်သော ကျောင်းသို့ အပ်နှံခဲ့ရသည်။ ကျောင်းအပ်နှံရာတွင် အကြီးဖြစ်သူ ပေါ်ထွန်းအောင်မှာ သူငယ်တန်းမှ စတက်ရသည်ကို မကြေနပ်ဘဲ ကျောင်းအုပ် ဆရာကြီးအား သုံးတန်းမှ စတက်ခွင့်ပြုပါရန် ရဲဝံ့စွာဖြင့် ပြောလေရာ ဆရာကြီးမှ သုံးတန်းတွင်သင်ကြားသော အင်္ဂလိပ်စာကိုဖတ်ခိုင်းရာတွင် အထစ်အငေါ့မရှိ ဖတ်ပြနိုင်ခဲ့သဖြင့် ဆရာကြီးမှ နှစ်တန်းမှ စတက်ခွင့် ပြုခဲ့ရသည်။ (ကျောင်းမနေရသေးပဲ ဖတ်ပြနိုင်ခြင်းမှာ အင်္ဂလိပ်ကျောင်းတက်သော သူငယ်ချင်းများထံမှ ကြိုတင်သင်ကြားထားခြင်းဖြစ်သည်ဟု နောင်အခါမှ မိဘများသိခဲ့ရသည်။)

ကျောင်းတက်၍ (၂)နှစ်အကြာ (၅)တန်းသို့အရောက်တွင် အတန်းတင်စာမေးပွဲတွင် အင်္ဂလိပ်လူမျိုး ရခိုင်တိုင်းမင်းကြီးကိုယ်တိုင် ချီးမြှင့်သော ဒုတိယဆုရသည်ကို ဆုယူပြီးပြီးချင်းမှာပင် ညီငယ်အား စစ်တွေကမ်းနားသို့ ခေါ်သွားပြီး ဆိပ်ကမ်းအရောက်တွင် "ဒီမှာငါ့ညီ ဆုယူရင် ပထမဆုကလွဲရင် ဒုတိယ၊ တတိယဆို ဘယ်တော့မှ မယူဘူး"ဟုဆိုကာ ရရှိခဲ့သောဆုအား ချိုးဖဲ့ ဆုတ်ဖြဲပစ်ခဲ့လေသည်။

ထိုနှစ်မှာပင် ၎င်းတို့ ညီအကိုနှစ်ဦးအား မိဘများထံမှ ခရစ်ယန်ဘုန်းတော်ကြီးတပါးက မွေးစားခွင့်တောင်းပြီး ကလကတ္တားတွင် ကျောင်းထားမည့်အကြောင်း ပြောဆိုလာရာတွင် မိဘများမှ ခွင့်မပြုခဲ့သဖြင့် နိုင်ငံခြား

တွင် ပညာသင်ကြားရမည့် အခွင့်ရေးတို့ ဆုံးရှုံးခဲ့ရသည်။ (၁၃)နှစ်သားအရွယ်တွင် ပေါ်ထွန်းအောင်မှာ နိုင်ငံခြားတွင် ပညာသင်ယူလိုစိတ် ပြင်းပြလာပြီး ငွေရှိလျှင် ဖြစ်နိုင်သည်ဟု ယူဆကာ ဦးလေးတော်သူထံ ကူညီလုပ်ကိုင်ရင်း ငွေစုခဲ့သည်။

သို့သော် ဆန္ဒရှိသည့်အတိုင်း ဖြစ်မလာသောအခါတွင် မိဘများထံသို့ မပြန်တော့ဘဲ စစ်တွေမြို့ရှိ ရွှေစေတီကျောင်း ဆရာတော်ထံသို့ သွားရောက်ကာ ပရိယတ္တိစာပေတို့ သင်ကြားပေးပါရန် လျှောက်ထားရာ ရဲရင့်တက်ကြွသော စိတ်ဓါတ်ကို သဘောကျသဖြင့် ဆရာတော်မှ ဖိုးသူတော်အဖြစ် ဝတ်ခွင့်ပြုလိုက်သည်။

ဖိုးသူတော်အဖြစ်ဖြင့် (၂) နှစ်ခန့် နေထိုင်ပြီး မင်္ဂလသုတ်မှအစ သဒ္ဒါရှစ်စောင်နှင့် သဂြိုဟ်ကိုးပိုင်း အပါအဝင် ပရိယတ္တိ စာပေကို သင်ကြားခဲ့သည်။ ထို့နောက် အသက် (၁၆)နှစ်အရွယ်တွင် ညီငယ်ကိုပါခေါ်ဆောင်ပြီး သာမဏေ ဝတ်ခဲ့ကြသည်။ ပေါ်ထွန်းအောင်မှာ ရှင်ဥတ္တမ၊ ကျော်ထွန်းအောင်မှာ ရှင်အရိယ ဖြစ်လာသည်။ ထို့နောက် ရှင်ဥတ္တမသည် ပရိယတ္တိသင် ကြားရာတွင်ထင်ရှားသော ပခုက္ကူသို့ သွားရောက်လိုသော ဆန္ဒပြင်းပြလာသဖြင့် လူဝတ်လဲပြန်ကာ ဆရာတော် ဦးဂန္ဓမာနှင့် အတူ စစ်တွေမြို့မှ ထွက်ခွာလာရာ တောင်ငူမြို့သို့အရောက်တွင် စာပြန်ပွဲနှင့် ကြုံကြိုက်လေသဖြင့် ဝင်ရောက်ဖြေဆိုရာ ပထမ အဆင့် ရရှိခဲ့လေသည်။

**ကာလကတ္တားမှ (၁၀) တန်းအောင်မြင်ပြီး မြန်မာပြည်သို့ ပြန်လာကာ သာမဏေပြန်ဝတ်သည်။ ထို့နောက် ပခုက္ကူသို့ ကြွရောက်ပြီး ရေစကြိုစာသင်တိုက်တွင် ပရိယတ္တိစာပေကို ဆက်လက်သင်ကြားပြန်သည်၊**

ပထမဆုရသည့်အတွက် လူသိများလာပြီး တောင်ငူမြို့၊ ကျွန်းကုန်းရပ်ရှိ ရှမ်းအမျိုးသမီးတဦးမှ ဆရာတော်ဦးဂန္ဓမာအား ပေါ်ထွန်းအောင်ကို မွေးစားခွင့်ပြု ပါရန် လျှောက်ထားရာ ဆရာတော်မှ ပေါ်ထွန်းအောင်၏ သဘောကို မေးမြန်းလေသည်။ ထိုအခါ မိမိအား မွေးစားလိုပါက ကာလကတ္တားသို့ ပညာသင် စေလွှတ်ရမည်ဟု ဆိုရာ ရှမ်းအမျိုးသမီးမှလည်း သဘောတူသဖြင့် ခေါ်ယူမွေးစားပြီး (၁၇)နှစ် အရွယ်တွင် နိုင်ငံခြားသို့ ပညာသင် သွားရလေတော့သည်။

(၁၉)နှစ်သား အရွယ်တွင် ကာလကတ္တားမှ (၁၀)တန်းအောင်မြင်ပြီး မြန်မာပြည်သို့ ပြန်လာကာ သာမဏေပြန်ဝတ်သည်။ ထို့နောက် ပခုက္ကူသို့ ကြွရောက်ပြီး ရေစကြိုစာသင်တိုက်တွင် ပရိယတ္တိစာပေကို ဆက်လက်သင်ကြားပြန်သည်။ အသက် (၂၀)အရွယ်တွင် စစ်တွေမြို့ ဘုံဘေဘားမား ကိုယ်စားလှယ်ဖြစ်သူ ဦးထွန်းအောင်ကျော်က ရဟန်းဒကာခံယူပြီး ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။

ရဟန်းဖြစ်ပြီးအခါတွင် အန္ဒိယသို့ ဒုတိယအကြိမ် ပြန်လည်ကြွချီပြီး ဒေသန္တရ ဗဟုသုတနှင့် သက္ကတ၊ ဘင်္ဂလီ၊ နာဂရီ စသော ရှေးဟောင်းစာပေများကို အထူးလိုက်စားပြန်သည်။ အန္ဒိယပြည်၌ရှိစဉ် အမျိုးသား

ကောလိပ်ကြီးတခုတွင် ပါဠိနှင့် ဗုဒ္ဓဘာသာပညာရပ်များကို ပို့ချပေးရသော "ပါဠိပရော်ဖက်ဆာ" အဖြစ် တာဝန်ယူခဲ့ပြန်သည်။ ထိုကာလအတွင်း အန္ဒိယပြည်သူတို့၏ ကြည်ညိုခြင်းကို အထူးခံခဲ့ရသည်။ မဒရပ်ပြည်နယ်မှ နာမည်ကျော် ခေါင်းဆောင်တဦးဖြစ်သော ပဏ္ဍိတ်မာလဗီးယားနှင့် ယှဉ်ပြိုင်ပြီး ဟိန္ဒူမဟာဆပ္ဘအသင်းကြီးတွင် ဥက္ကဋ္ဌ ရာထူး ရခဲ့သည်။

အန္ဒိယတွင် (၈) နှစ်ကြာပြီးနောက် ပြင်သစ်သို့ ပညာသင်ကြားရန် ထွက်ခွာသွားပြန်သည်။ ပညာသင်ကြားနေစဉ် ( ၁၉၀၅ – ခုနှစ် ) ဝန်းကျင်၌ ရုရှားနှင့် ဂျပန် စစ်ဖြစ်ပွားရာတွင် နိုင်ငံငယ်လေးဖြစ်သော ဂျပန်နိုင်ငံမှ အနိုင်ရရှိခဲ့သဖြင့် သွားရောက်လိုသောဆန္ဒ ဖြစ်ပေါ်လာပြန်သဖြင့် ရန်ကုန်သို့ ပြန်လည် ကြွရောက်ခါ ၁၉၀၇ – ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ရန်ကုန်မှ စင်္ကာပူသို့ ကြွလေတော့သည်။

ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် စင်္ကာပူမှတဆင့် ဂျပန်သို့ ကြွရောက်လေရာ မတ်လ (၇)ရက်နေ့တွင် ဂျပန်ပြည် ယိုကိုဟား ဆိပ်ကမ်းသို့ ရောက်ရှိခဲ့လေသည်။ ဂျပန်သို့ ရောက်သောအခါ တိုကျိုမြို့ ဗုဒ္ဓ

**မြင်ကွန်းမင်းသားကြီး၏ ဖိတ်ကြားချက် အရ ဆွမ်းစားကြွရောက်ပြီး မြန်မာပြည်အရေး ဆွေးနွေးခဲ့ရာတွင် ဆရာတော်မှ အရေးမလှကြောင်း ပြောပြသဖြင့်**

သာသာသိပ္ပံကျောင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဂျပန်အမတ်ကြီး ဒါတာနီ၏ အထောက်အပံ့ဖြင့်ဂျပန်ဘာသာကို တနှစ်ခန့် သင်ယူခဲ့သည်။ ဂျပန်ပြည်၌ (၅)နှစ်ကြာမျှ ပရော်ဖက်ဆာအဖြစ် နေထိုင်ခဲ့စဉ် တရုတ်ပြည်မှ တိမ်းရှောင်လာသော ဒေါက်တာဆွန်ယက်ဆင်နှင့် သိကျွမ်းခဲ့သလို တရုတ်ပြည်အတွက်လည်း အကြံဉာဏ်တို့ ပေးနိုင်ခဲ့သည်။

ထိုမှတဖန် မြန်မာပြည်သို့ ပြန်လည်ကြွချီရာတွင် အင်ဒိုချိုင်းနားရှိ ဆေဂုံ (ဟိုချီမင်း)မြို့သို့ အရောက်တွင် မြင်ကွန်းမင်းသားကြီး၏ ဖိတ်ကြားချက်အရ ဆွမ်းစားကြွရောက်ပြီး မြန်မာပြည်အရေး ဆွေးနွေးခဲ့ရာတွင် ဆရာတော်မှ အရေးမလှကြောင်း ပြောပြသဖြင့် မင်းသားကြီးမှာ မျိုးချစ်စိတ်ကြောင့် မျက်ရည်ကျခဲ့ရှာသည် ။

၁၉၁၀ – ခုနှစ်လောက်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသောအခါတွင် ဘာသာစကားပေါင်း (၉) မျိုးခန့် တတ်ကျွမ်းသော ဆရာတော်အား ဝိုင်အမ်ဘီအေ အသင်းသားများနှင့်အတူ ပြည်သူများက လေးစာကြည်ညိုကြသည်။ ထိုအခါတွင် ဆရာတော်မှာ ပြည်တွင်းသို့ လှည့်လှည်ကာ နိုင်ငံရေးတရားတို့ စတင်ဟောပြောစ ပြုလာသည်။ အစတွင် ရပ်ရှင်ရုံများ အားလပ်ချိန်ပေးစဉ်တွင် ဟောပြောခဲ့ရသည်။

၁၉၁၂ – နှစ်တွင် နှမဖြစ်သူ ဒေါ်အိမ်စိုးနှင့်အတူ မြန်မာလူငယ် (၃၁)ယောက်အား ဂျပန်နိုင်ငံ ပညာသင်ကြားစေရန်အတွက် ထွက်ခွာလာခဲ့ပြန်သည်။ ၁၉၁၉ – ခုနှစ်တွင် ဂျပန်မှ ပြန်ကြွလာပြီး သူရိယသတင်းစာတိုက်တွင် သီတင်းသုံးကာ သတင်းစာမှနေ၍ နိုင်ငံရေးဆောင်းပါများ ရေးသားခဲ့သည်။

ထို့နောက် ကမာရွတ်သို့ ပြောင်းရွှေ့ပြီး တပါးတည်း သီတင်းသုံးကာ နိုင်ငံရေးတရားပွဲများ လှည့်

လှည့် ဟောပြောလေတော့သည်။ တရားဟောရာတွင် အလွန်ကောင်းသဖြင့် လူမျိုးပေါင်းစုံက ဆရာတော်အား ပင့်ဆောင်ရာ ကားလမ်းမပေါက်သည့် နေရာများတွင် ထမ်းစင်ဖြင့် ပင့်ဆောင်ကြသည်။ ထိုသို့ နိုင်ငံရေး မျိုးစေ့ ချပေးခဲ့သော ကျေးဇူးကြောင့် (၁၉၂၀ – ၂၁) ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားများ စတင်သပိတ်မှောက်ကြ လေတော့သည်။ ထိုအချိန် ဘုရင်ခံမှာ အင်္ဂလိပ် လူမျိုး ဆာရယ်ဂျီနယ် ကရက်ဒေါက် ဖြစ်သည်။

မျိုးချစ်စိတ်တို့ ပေါ်ပေါက်လာရန်အတွက် အဓိက လှုံ့ဆော်ပေးသော သတင်းစာ၊ ဂျာနယ်များကို အစိုးရမှ ပိတ်ပစ်နိုင်ရန်အတွက် အာမခံကြေးများ တောင်းခံလာသဖြင့် ဂျာနယ်အချို့ ပိတ်ပစ်လိုက်ရပြီး သူရိယ၊ မြန်မာ့အလင်း၊ ပညာ့အလင်း၊ ဗန္ဓုလဂျာနယ် တို့သာ ကျန်ရစ်ခဲ့သည်။

ထိုစဉ် ဝေလမင်းသား မြန်မာပြည်လာမည့် ခရီးစဉ်အား ဝိုင်အမ်ဘီအေအသင်းမှ ကြီးမှူး၍ သပိတ်မှောက်ရာ ခေါင်းဆောင်အချို့ကို ဖမ်းဆီးပြီး သပိတ် မှောက်ရာတွင် အရေးယူနိုင်သော ဘွိုင်းကောက် ဥပဒေ ( Boycott ) ကို အစိုးရမှ ပြဋ္ဌာန်းလိုက်သည်။ ထိုသို့ ဘုရင်ခံမှ တင်းမာလာသောအခါတွင် ဆရာတော်မှ ငြိမ်ခံ မနေတော့ဘဲ ဘုရင်ခံထံသို့ (ဆာရယ်ဂျီနယ် ကရက် ဒေါက် မြန်မာပြည်မှ ထွက်သွား) ဟူသော စာကို ဘုရင်ခံ ထံ ပို့လိုက်သည်။ ထိုနှင်လွှတ်သည့် စာကို သူရိယ သတင်းစာမှ ဖော်ပြလိုက်သော အခါတွင် ပြည်သူများ မှာ အံ့အားသင့်ပြီး မျိုးချစ်စိတ်တို့ တိုးမြင့်လာကြသည်။ ဤသည်မှာ မြန်မာလူမျိုးများအနေဖြင့် အုပ်ချုပ်သူများ အပေါ် မကြိုက်နှစ်သက်က ပြောဆိုခွင့် ရှိသည်ဟူသော အတွေးအခေါ်ကို စိုက်ထူပေးလိုက်ခြင်းဖြစ်သည်။

ပထမ ကျောင်းသား သပိတ်မှောက်စဉ်က ဆရာတော်မှာ အန္ဒိယသို့ ခေတ္တ ရောက်ရှိနေခိုက်ဖြစ်

**မြန်မာလူမျိုးများအနေဖြင့် အုပ်ချုပ်သူများ အပေါ် မကြိုက်နှစ်သက်က ပြောဆိုခွင့်ရှိသည် ဟူသော အတွေးအခေါ်ကို စိုက်ထူပေးလိုက်ခြင်းဖြစ်သည်။**

သည်။ ထိုအချိန်တွင် ရတနာဂီရိတွင်ရှိသော ပါတော်မူ ဘုရင် သီပေါမင်းနှင့် လျို့ဝှက်တွေ့ဆုံခဲ့သေးသည်ဟု ဆို၏။ ၁၉၂၂ – ခုနှစ်တွင် အန္ဒိယမှ ပြန်ရောက်ပြီး ဖျာပုံ ခရိုင် ကျောက်ကုန်းနယ်တွင် (လိပ်အခွံနွာရမည်) ဟူ သော တရားဟောပြောမှုကြောင့် အဖမ်းခံရလေတော့ သည်။

ဆရာတော် အဖမ်းခံရမှုကြောင့် သံဃာ့ သမဂ္ဂပေါင်း (၃၇)ခု ပေါ်ပေါက်ခဲ့သည်။ တနိုင်ငံလုံး စည်းရုံးအုံကြွလာသည်။ အစိုးရအပေါ် အကြည်ညိုပျက် အောင် ဟောပြောမှုကြောင့် ဆရာတော်အား ပုဒ်မ ၁၂၄ (က) အရ မအူပင်ထောင်တွင် လေးနှစ်အပြစ်ပေးခံရ သည်။ ထောင်တွင်း နေထိုင်မှုကောင်းသဖြင့် သုံးနှစ် အကြာမှာပင် လွတ်မြောက်လာခဲ့လေသည်။ ဆရာ တော်သည် မြန်မာနိုင်ငံသမိုင်းတွင် နိုင်ငံရေးမှုကြောင့် ပထမဦးဆုံး ထောင်ကျခံရသည့် ရဟန်းတော်ဖြစ်လာ သည်။

ထောင်မှလွတ်သောအခါ နိုင်ငံရေးတရား များကို ဆထက်တံပိုး ဟောပြောလေသည်။ ၁၉၂၃ – ခုနှစ်တွင် ရန်ကုန်မြို့ လမ်းမတော်ရပ်တါင် ကျင်းပသည့်



မြို့လုံးကျွတ် အစည်းဝေးတွင်ဟောပြောမှုဖြင့် အဖမ်းခံရသည်။ အစိုးရမှ ဆရာတော်အား အလုပ်ကြမ်းနှင့် ထောင်ဒါဏ်သုံးနှစ် အပြစ်ပေးခဲ့ရာ ဆရာတော်သည် အုန်းဆံထု၊ ကြိုးကျစ် စသော အလုပ်ကြမ်းများ လုပ်ခဲ့ရလေသည်။ ဒုတိယအကြိမ် ထောင်မှ ထွက်လာသောအခါတွင် တပည့် ဒယကာများမှ စုဆောင်းကောက်ခံထားသော အလှူငွေများအား ဆရာတော်ထံအပ်ကြရာ ၁၉၃၈ – ခုနှစ်လောက်တွင် (တရုတ်နှင့်ဂျပန်)အကြောင်းကို ဓါတ်ပုံများနှင့် ဝေဝေစာစာ ထုတ်ခဲ့သည်။

မြန်မာ့နိုင်ငံရေး အခြေနေမှာလည်း ခွဲရေး၊ တွဲရေး ပြဿနာများဖြင့် ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာနေသည်။ နိုင်ငံရေးခေါင်းဆောင် အချို့မှာ အစိုးရမှပေးသော ရာထူး၊ စည်းစိမ်၊ အာဏာတို့ ယစ်မူးလာကြပြီး ဆရာတော်အား ပစ်ပယ်စ ပြုလာသည်။ နောက်ပိုင်းတွင် ဆရာတော်အား လုံးလုံး ပစ်ပယ်ခဲ့သဖြင့် ဆရာတော်မှာ အခြေအနေမဲ့ ဖြစ်ကာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား ဘဝဖြင့် ဘဝနေဝင်ချိန် ရောက်ခဲ့ရသည်။ နောက်ဆုံးတွင် ဆရာတော်မှာ လောကဓံတရားတို့ကြောင့် ၁၃၀၀ – ပြည့်နှစ် ဝါခေါင်လဆုတ် (၁၁)ရက် (၁၉၃၉ – ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ချို့တဲ့စွာဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူရှာလေတော့သည်။

ကျမ်းကိုး။ ။ – မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅) – ၁၉၇၆
– ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ (ရွှေဥဒေါင်း) – ၁၉၈၆

စာရေးသူအမှာ။ ။ သမိုင်းတွင်ခဲ့သည့် သံဃာ့ အာဇာနည်ကြီးများ၏ သမိုင်းများ ပျောက်ကွယ်မသွားစေရန်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် သံဃာတော်များ အရေးပါခဲ့ပုံတို့ကို မမေ့လျော့စေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ သံဃာ့အာဇာနည်များ သမိုင်းတွင် ပခုက္ကူမြို့၏ အရေးပါပုံကို သိသာစေရန်တို့ဖြစ်သည်။

လာမည့် ၂၆-၉-၂၀၀၈ ဆိုလျှင် ရွှေဝါရောင်တော်လှန်ရေး (၁) နှစ်ပြည့်ပြီ။ ရွှေဝါရောင် တော်လှန်ရေး ရောက်ဖို့ တစ်လကျော်ကျော်သာ လိုတော့သည်။ မြန်မာတမျိုးသားလုံး ကျွန်စနစ်အောက်က လွတ်မြောက်ရန် သံဃာတွေ ဆုတောင်းကာ မေတ္တာပို့ချီတက်လမ်းလျှောက် ဆန္ဒပြရင်း အာဃာတယစ်မူး စစ်ဘီလူးကြီးများ၏ ပစ်ခတ်ရိုက်နှက် သတ်ဖြတ်မှုကြောင့် သံဃာတော်တွေ သွေးမြေကျခဲ့ရပြီ။ ယခုအထိ နအဖ စစ်ဘီလူးများ၏ အကျဉ်းထောင်ထဲတွင် သံဃာ့ခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များ၊ အမျိုးသားရေးခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသား ထောင်နှင့်ချီကာ အနှိပ်စက်ခံ၊ အညှင်းဆဲခံ၊ အရိုက်အနှက်ခံရဆဲ ရှိလေသည်။




သာသနာ့အာဇာနည်များ၊ ကျောင်းသားအာဇာနည်များ၊ အမျိုးသားအာဇာနည်များ အသက်သွေးချွေးများ ပေးဆပ်ခဲ့ကြခြင်းသည် သူတို့အတွက်မဟုတ် မြန်မာတမျိုးသားလုံး စစ်ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက်သာ ဖြစ်သည်။ မြန်မာတမျိုးသားလုံး ဒါကိုတော့ ကောင်းကောင်း သဘောပေါက်ကြဖို့ လိုပြီ ....

မြန်မာတမျိုးသားလုံး အချင်းချင်းသွေးစည်းညီညွတ်ကာ စုပေါင်း၍ နအဖ စစ်ဘီလူးကြီးများကို လှည်းနေလှေအောင်း မြင်ဖောင်းမကျန် တွန်းလှန်ပစ်ကြပါလော့။ မေ့လျော့ပေါ့ဆကာ မနေကြပါနှင့်။ တာဝန်သိသူ တာဝန်ရှိသည်။ တာဝန်ကို သူတော်ကောင်း သူမြတ်လောင်း လူရည်ချွန်တွေသာ သိကြသည်ဆိုသည့်အတိုင်း တာဝန်သိသိ သစ္စာရှိရှိဖြင့် စုပေါင်းညီညာစွာတွန်းလှန်ပစ်ကြပါ။ စုပေါင်းညီညာအောင်ကြောင်းဖြာ ဆိုသည့်အတိုင်း အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းတွန်းလှန်ကြမည်ဆိုလျှင် နအဖ စစ်ဘီလူးကြီးများ ဧကန်မုချ ကျဆုံးကြရပေမည်။

စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး မအောင်မြင်ရခြင်း၏ အဓိကတရားခံမှာ မြန်မာတမျိုးသားလုံး မိမိတို့၏ ကိုယ်တိုင်အရေးကို ကိုယ်နှင့်မဆိုင်သလို ဘေးကရပ်ကြည့်သူတွေ များသည့်အတွက်ကြောင့် မအောင်မြင်ခဲ့ရခြင်းဖြစ်သည်။ သွေးညီညွတ်မှု မရှိကြခြင်းပင်ဖြစ်ပေသည်။ မိမိတို့၏ အခွင့်အရေးကို ကိုယ်တိုင်ပါဝင် တိုက်ယူမှရမည်။ ဘေးကရပ်ကြည့် မနေကြပါနှင့် ကိုယ်တိုင်ပါဝင်ကာ သွေးစည်းညီညွတ်စွာဖြင့် တိုက်ပွဲဝင်ကြပါ။

မိမိတို့တိုင်းပြည်ကြီး စစ်ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်ပေးသူတွေ ပေးခဲ့ကြပြီ။ ဘဝ စတေးသူတွေ စတေးခဲ့ကြပြီ။ သူတို့တွေက အာဇာနည်ပီပီ မြန်မာ့ဇာတိသွေး ဇာတိမာန်ကို ပြခဲ့ကြပြီ။ သူတို့တတွေ လူပီသကြောင်း အာဇာနည်တွေပီသကြောင်း သမိုင်းပေးတာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြောင်းကို အလုပ်ဖြင့် သက်သေပြကာ သူတို့သွေးများဖြင့် သမိုင်းမော်ကွန်း ရေးထိုးခဲ့ကြပြီ။

ကဲ .... အဆွေတို့ သင်တို့ကို မေးခွန်းလေးတစ်ခုလောက် မေးပါရစေ ....

သင်တို့သည် လူ့ဘဝကိုတော့ ရလာကြပါ၏။ လူပီသရဲ့လား။ သူတို့လို ငါတို့လည်း အာဇာနည်တွေ ပါဆိုပြီး မြန်မာ့ဇာတိသွေး ဇာတိမာန်တွေကို မပြနိုင်ကြတော့ဘူးလား။ အချောင်နေ အချောင်စား ဟေလာမောင်တို့ ဝါး ဘဝ ကလေကချေဘဝနဲ့ နိဂုံးချုပ်တော့မှာလား။

အာဇာနည်သူရဲကောင်းတွေက တမျိုးသားလုံးအတွက် ဘဝကိုစတေးကာ နအဖထောင်ထဲမှာ အနှိပ်စက်ခံ အညှင်းဆဲခံနေချိန်....

**လူတစ်သိန်း လိုက်လုပ်ရင်**

**အရှက်တစ်သိန်း ထွက်ပါတယ်။**

**လူတစ်သန်း လိုက်လုပ်ရင် တစ်နေ့ကို**

**အရှက်တစ်သန်း ထွက်ပါ တယ်။ တကယ်လုပ်ချင်တဲ့စိတ်နဲ့ လုပ်ရဲဖို့ပါပဲ။ တစ်တိုင်းပြည်လုံးက ရဲရဲရင့်ရင့်**

**မိမိ တို့အခွင့်အရေးကို**

သင်က ဘာတွေလုပ်နေသလဲ။ ဘယ်သူ့အတွက် လုပ်နေသလဲ။ မညာတမ်း မညာတမ်း ကိုယ့်ကိုယ်ကို ရဲရဲရင့်ရင့် ပြန်မေးစမ်းပါ။ ဒီမေးခွန်းတွေ မေးပြီး မညာတမ်းကြေး မလိမ်တမ်းကြေး ရဲရဲရင့်ရင့် ပြန်ဖြေကာ အာဇာနည်တစ်ယောက်အဖြစ် သင့်သွေးဖြင့် မော်ကွန်းရေးထိုးမည်ဆိုလျှင် သင်ဟာ လူပီသသူ လူသားစစ်စစ်ဖြစ်နိုင်သည်။

သို့တည်းမဟုတ် ဒီမေးခွန်းတွေ ညာပြီးဖြေမယ်၊ လိမ်ပြီးဖြေမယ်ဆိုရင် သင်ဟာ လူပီသသူ လူစစ်စစ် မဖြစ်နိုင်ဘူး။ မြန်မာ့သမိုင်းမော်ကွန်းမှာ သင်ဟာ အချောင်ခို အချောင်စား လူ့ဗာလ လူညံ့တစ်ယောက်အဖြစ်နဲ့ တွင်ကျန်ရစ်လိမ့်မယ်။ သမိုင်းကို သစ္စာမဖောက်ကြပါနဲ့။ သမိုင်းကို သစ္စာဖောက်လျှင် သမိုင်းရဲ့ ဒဏ်ခတ်တာကို သင်တို့ကောင်းကောင်းကြီး ခံကြရလိမ့်မည်။

တချို့က နိုင်ငံရေးကို ငါတို့လုပ်ချင်တယ် ဘယ်လိုလုပ်ရမှာလဲတဲ့။ ဟုတ်ကဲ့ .... တတ်သလောက်ဖြေပါရစေ။ လုပ်လို့ရသလောက်ကနေ စ၍လုပ်ကြပါ။

ဥပမာ... နအဖ စစ်အာဏာရှင်များ ကျဆုံးပါစေဆိုပြီး လျှောက်လွှာစာရွက်မှာ စာလုံးကြီးကြီးနဲ့ရေး။ လစ်တဲ့နေရာမှာကပ်။ လူတစ်သိန်းလိုက်လုပ်ရင် အရှက်တစ်သိန်း ထွက်ပါတယ်။ လူတစ်သန်းလိုက်လုပ်ရင် တစ်နေ့ကို အရှက်တစ်သန်း ထွက်ပါတယ်။ တကယ် လုပ်ချင်တဲ့စိတ်နဲ့ လုပ်ရဲဖို့ပါပဲ။ တစ်တိုင်းပြည်လုံးက ရဲရဲရင့်ရင့် မိမိ တို့အခွင့်အရေးကို တက်ညီလက်ညီ လှည်းနေလှေအောင်း မြင်းဖောင်း မကျန် ဝိုင်းဝန်းတွန်းလှန် တိုက်ပွဲဝင်ကြမည်ဆိုလျှင် နအဖ စစ်ဘီလူးကြီးများ ကျိန်းသေမုချ ကေန်ကျဆုံးရကြရမှာ မြေကြီးလက်ခတ်မလွဲပါ။

စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကို ဂုဏ်ပြုသောအားဖြင့်၊ အမှတ်ရသောအားဖြင့် မြန်မာ



တမျိုးသားလုံး တက်ညီလက်ညီ ဝိုင်းဝန်းလိုက်လုပ်ကြပါ။

လျှောက်လွှာစာရွက်များ၊ ဗလာစာရွက်များ၊ နံရံများ လွတ်သောနေရာများတွင် ဘောပင်၊ ဆောပင်၊ မြေဖြူ၊ မီးသွေး၊ မှုတ်ဆေးများဖြင့်....

ရွှေဝါရောင်တော်လှန်ရေးတွင် ကျဆုံးသော အာဇာနည်များ ကောင်းရာသုဂတိလားပါစေ ....

အကျဉ်းကျခံနေရသော အာဇာနည်များ အမြန်လွတ်မြောက်ပါစေ ....

နအဖ စစ်ဘီလူးများ အမြန်ဆုံး ကျဆုံးပါစေ ....

စစ်မှန်သော ဒီမိုကရေစီစနစ် အမြန်ဆုံးပေါ်ပေါက်ပါစေ .... ဟု ဝိုင်းဝန်းရေးထိုးကြကာ သွေးစည်းညီညွတ်ကြောင်း သမိုင်းမော်ကွန်း ရေးထိုးပေးကြပါ။

(၂-၉-၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကို ဂုဏ်ပြုသောအားဖြင့်)

**ပြည်သူ့ စေတမာန်**

# စက်တင်ဘာကို မမေ့ကြနဲ့

## မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ တောင်းဆိုချက်
## (၉-၉-၂၀၀၇)

၁။ န-အ-ဖ စစ်အစိုးရမှ ပခုက္ကူသံဃာတော်များအား ကျေအေးခွင့်လွှတ်သည်အထိ ဝန်ချတောင်းပန်ရန်

၂။ လက်ရှိမြင့်တက်နေသော ကုန်ဈေးနှုန်း၊ လောင်စာဆီဈေးနှုန်းများ ချက်ချင်း လျှော့ချပေးရန်၊

၃။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် ဆန္ဒပြပွဲများတွင် ဖမ်းဆီးခံထားရသူများကို ချက်ချင်း ပြန်လွှတ်ပေးရန်၊

၄။ လူထု၏ အထွေထွေအကျပ်အတည်းများကို ဖြေရှင်းရန်အတွက် န-အ-ဖ စစ်အစိုးရမှ ဒီမိုကရေစီ အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး ချက်ချင်း ပြုလုပ်ပေးရန်။



design thiha maung maung, ad 2008

ယော ဗုဒ္ဓံ ပရိ ဘာသတိ၊ အထဝါ တဿ သာဝကံ။
ပရိဗ္ဗာဇံ ဂဟဋ္ဌံ ဝါ၊ တံ ဇညာ ဝသလော တိ။